(ကာပေါ်မာန်ယုရ)

ဒါရိုက်တာ ဆရာမြင့် ပြုစုသည်

# ရှမ်းပြည်ကြေးမုံ



ဂမ်း ကော်ဓ [illegible] အုပ်ဦး

[illegible] ကုန်

[illegible]

E-book is created by **shanyoma**

စာပေဗိမာန်ဆုရ

ဒါရိုက်တာ ဆရာမြင့် ရေး

# ရှမ်းပြည်ကြေးမုံ

ရှမ်းနှင့်ဗမာ၊ ကြည်ဖြူစွာ ဆက်ဆံနိုင်ရေးသို့
ရှေ့ရှုလျက်. . .

ရိုက်နှိပ်

ဦးပါ
စိန်ရတနာပုံနှိပ်တိုက် (၀၂၁၈)
အမှတ် ၃၁၅–ကျိုက္ကဆံလမ်း၊
တာမွေ–ရန်ကုန်မြို့။

ထုတ်ဝေ

မင်းညွန့်
မေ့ဂုဏ်ရည်စာအုပ်တိုက်(၀၃၀၆)
အမှတ် ၁၃–ရွှေဘိုလမ်း။
ကျောက်မြောင်း–ရန်ကုန်မြို့။


E-book is created by **shanyoma**

# ဒါရိုက်တာ ဆရာမြင့်



E-book is created by shanyoma

စာပေဗိမာန်ဆုရ စာရေးဆရာကြီးဒါရိုက်တာဆရာမြင့်သည် စစ်ကြိုခေတ်က ရှမ်းအမျိုးသားများကို နောက်ခံထားသော"ရဂုံမြိုင်"ဇာတ်ကားနှင့်"ငွေတောင်သူ"ကဲ့သို့ ကရင်နီ(ကယား)ပြည်နယ်ရှိ ပဒေါင်းလူမျိုးများ၊ တောင်ပိုင်းရှမ်းပြည်မှ လီရှောလူမျိုးများနောက်ခံထား၍ ချစ်ကြည်ရေးဇာတ်ကားများကို ရိုက်ကူးခဲ့လေသည်။ "ဒို့လူမျိုး"အမည်နှင့်တောင်တန်းဒေသနေလူမျိုးများအကြောင်းကိုလည်း စာအုပ်ရေးသားခဲ့သူ ဖြစ်သည်။

သို့သော် ထိုအခါက ဆရာမြင့် ရေးသားရိုက်ကူးခဲ့သော တောင်တန်းဒေသနောက်ခံထားသည့်ဇာတ်ကားများနှင့်စာအုပ်စာတမ်းဆောင်းပါးများသည် သူ့ခေတ်နှင့်သူ့အခါ ဆိုလျှင် များစွာ စွန့်စားစေတနာထားရသော ကြိုးပမ်းမှုတခုဟု မှတ်တမ်းတင်ရပေမည်။

အဘယ်ကြောင့်ဆိုသော် ထိုအခါက အုပ်ချုပ်သောအစိုးရနှင့်အလိုတော်ရိုများသည် မြေမြင့်နေလူမျိုးများနှင့်ဗမာလူမျိုးများ ရင်းနှီးသွားမည်ကိုရင်း၊ ငွေတောင်သူ–ပလောင်–ပအိုဝ်–လီရှော–ချင်းအစရှိသော တိုင်းရင်းသားများနှင့်မြေပြန့်တိုင်းရင်းသား သွေးချင်းသားချင်းများလက်တွဲသွားမည်ကိုရင်း၊ အလွန်စိုးရိမ်ခဲ့သောကြောင့် ဖြစ်လေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀–ကျော် ၃၀–ခန့်က စာရေးဆရာကြီး ဒါရိုက်တာဆရာမြင့်၏ တောင်တန်းဒေသဆောင်းပါးများနှင့်စာအုပ်များ၊ ရုပ်ရှင်ဇာတ်ကားများသည် နောင်သောအခါလူငယ်များကို တောင်တန်းဒေသသို့သွား၍ ချစ်ကြည်ရင်းနှီးစွာ သွေးစည်းကြရန် လှုံ့ဆော်ပေးခဲ့သည်ဟု ဆိုနိုင်သည်။

ဆရာကြီးသည် တောင်တန်းဒေသဆောင်းပါးများကို စိတ်ဝင်စားစွာ ရေးသား၍ ရုပ်ရှင်ကားများကို ရိုက်ကူးခဲ့သော်လည်း တောင်ပေါ်သား မဟုတ်ပေ။ ဆရာမြင့်၏ ဇာတိမှာ ရန်ကုန်မြို့နှင့်၁၅–မိုင်ကွာသော တံ့တေးမြို့ဖြစ်၍ ပဝတ္တိ–ဖျာပုံမြို့ဖြစ်သည်။ ကုန်သည်ကြီးအဖဦးသာဗျော–အမိဒေါ်ရွှေရီတို့၏ ဆဋ္ဌမမြောက် သားဖြစ်၍ ငယ်စဉ်ကတည်းက အဆို–အက–ဇာတ်သဘင်–အနုပညာကို ဝါသနာပါခဲ့သည်။

တွံတေးမြို့ လွှစင်ပိုင်း၊ ဆရာဦးစောလှိုင်ကျောင်းတွင် မြန်မာစာ ၇–တန်းအောင်ပြီး မိဘများက ခေတ်ပညာတတ်စေလို၍ ရန်ကုန်မြို့ ကူရှင်ကျောင်းသို့ပို့ထားရာ ၅–တန်းစာမေးပွဲ အောင်ပြီးနောက် ၎င်း၏ အမတဝမ်းကွဲတော်သူ မိန်းမမင်းသား “ဒေါ်စိန်မို့ကြီး”နှင့်ဆိုင်းဆရာ ဆရာသန့်တို့ဇာတ်အဖွဲ့သို့ ထွက်ပြေးကာ သဘင်ပညာကို ဆည်းပူးသင်ကြားလေသည်။

အဆိုမှာ ဦးမာဒင်၊ အငိုမှာ ဆရာထင်ဟု နာမည်ကြီးသောဇာတ်မင်းသားကြီးဆရာထင် ထံ ရောက်ရှိလာပြီးနောက် ယိုးဒယားအက, အသင်အပြကောင်းလှသော ဇာတ်မင်းသားကြီးဦးစိန် အုပ်နှင့်တွေ့၍ ယိုးဒယားအက သင်ပြပေးသည်။

ဆရာထင်ကြီး ဇတ်သဘင်အဖွဲ့တွင် လက်ထောက်မင်းသားကလေးအဖြစ် ပါဝင်ကပြ ယင်း သဘင်ပညာဆည်းပူးနေခိုက် ချစ်သောသူများက ကျွေးလေသလား၊ မုန်းသောသူများက ကျွေးလေသလားမသိ။ အန္တရာယ်ဖြစ်စေသောအစာ(သီချင်းဆိုမရအောင်)ခပ်ဆေးမိရှာသည်။

သီချင်းဆိုမရသော်လည်း ဝါသနာပါသော သဘင်ပညာကို မစွန့်နိုင်သေး၍ တလိုင်း ကျော်စိန်ဇာတ်အဖွဲ့တွင် မိန်းမလိုဝတ်ပြီး ပွဲဦးထွက်အပျိုတော်အဖြစ်နှင့်လိုက်၍ က,နေသေး သည်။ အပျိုတော်အလုပ်နှင့်အသက်မွေးဝမ်းကျောင်း မဖြစ်နိုင်မှန်းသိ၍ သဘင်ပညာကို စွန့် လွှတ်ပြီးနောက် တွံတေးမြို့ ဈေးသစ်ကြီးပိုင်း ပန်းတိမ်ဆရာကြီး“ဦးစံရှား”ထံတွင် ပန်းတိမ် ပညာကို သင်ကြားတတ်မြောက်ပြီးနောက် မိဘများ ပြောင်းရွှေ့နေထိုင်ရာ ဖျာပုံမြို့ အောက်ကွင်း ကြီးသို့ လိုက်၍နေထိုင်ရင်း ကဗျာ, ဆောင်းပါး, ဝတ္ထုများရေး၍ စာပေဘက်သို့ ဦးတည်ခဲ့သည်။ ကဗျာလင်္ကာဆရာကြီးဗိုလ်ကလေးဦးသက်ရှည်နှင့်တွေ့၍ ကဗျာ, လင်္ကာသင်ကြားနေရင်း ဆရာ ကြီးဦးသက်ရှည်၏ ပို့ဆောင်ပေးမှုကြောင့် စာပေနယ်သို့ ရောက်ရှိလာသည်။

၁၉၂၀–၂၁–ခုနှစ် တမတ်တန်ဝတ္ထုခေတ်က ဆရာမြင့်၏ ပထမကလောင်ဘွဲ့မှာ “ဟံသာ မြင့်”ဖြစ်သည်။ ကလောင်အမည်တူစာရေးဆရာတဦးက မေတ္တာရပ်ခံသောကြောင့် “ဦးတိုင်းလုံး ကျော်”ဟု ဒုတိယကလောင်အမည်ကို ပြောင်း၍ ရေးသည်။ မကြာမြင့်မီ မန္တလေးမြို့မှ ဦးတိုင်း လုံးကျော်အမည်ခံ စာရေးဆရာတဦးက ကန့်ကွက်ပြန်သည်။ တတိယအကြိမ်၌ “ဦးတိုင်းကျော်” အမည်ပြောင်း၍ (၄)ပဲတန်ဝတ္ထု (၂၀)ကျော်မျှရေးပြီးနောက် ရုပ်ရှင်နယ်ထဲ ဝင်ရောက်ခဲ့တော့ သည်။

၁၉၂၀–၂၁–ခုနှစ် (၄)ပဲတန်ဝတ္ထုခေတ်စားချိန်က “ဟံသာမြင့်”အမည်နှင့်ရေးသော “လောကီဓမ္မတာ”ဝတ္ထုကို ရွှေဥဒေါင်းရုပ်ရှင်ကုမ္ပဏီမှဝယ်ယူပြီး “ရွှေတောင်စွန်း”အမည်ဖြင့် ရုပ် ရှင်ရိုက်ကူးရန်စီစဉ်ရာမှ ဆရာမြင့်နှင့်ရွှေဥဒေါင်းရုပ်ရှင်ကုမ္ပဏီတို့ အဆက်အသွယ်ရသွားလေ သည်။

ရွှေဥဒေါင်းရုပ်ရှင်ကုမ္ပဏီမှ ပထမရိုက်ကူးသောဇာတ်ကားမှာ “စိန်မြရတနာ”ဖြစ်သည်။ ဒါရိုက်တာမှာ အိန္ဒိယအမျိုးသားမစ္စတာလာဟာရိုဖြစ်၍ ဓာတ်ပုံဆရာမှာ ဒုတိယကမ္ဘာစစ်ကြီးအ တွင်းက သမိုင်းမြို့တွင် ကွယ်လွန်အနိစ္စရောက်သွားသူ အင်းစိန်မြို့ အမိန့်တော်ရရှေ့နေမစ္စတာ

E-book is created by shanyoma

ခံမီးယာခေါ် ဦးခန့်ဖြစ်သည်။

မစ္စတာလာလာဂျီနှင့်ဦးခန့်တို့က ဆရာမြင့်အား ဇာတ်ညွှန်းရေး၊ ပြကွင်းပြကွက်၊ ဓာတ်ပုံအယူအဆမှစ၍ အချိတ်အဆက်တို့ကို သင်ကြားပြသပေးကြသည်။

ကုမ္ပဏီတွင် ငွေရေးကြေးရေး အဆင်မပြေမှုကြောင့် "ရွှေတောင်စွန်း"ဇာတ်ကား ပေ(၄၀၀၀)ကျော်မျှအပြီးတွင် ကုမ္ပဏီဖျက်သိမ်းလိုက်လေသည်။ ဆင်မြူယယ်၊ ဟံသာဝတီ၊ ဗြိတိသျှဘားမား၊ ချစ်စရာ၊ ကိုးခရိုင်၊ သုခမင်္ဂလာ၊ ပဲရောက်၊ လန်ဒန်အတ်၊ ရွှေဗမာရုပ်ရှင်ကုမ္ပဏီများတွင် အသံတိတ်ခေတ်ဇာတ်ကားအမြောက်အများ ရိုက်ကူးခဲ့ဘူးသည်။

ရုပ်ရှင်လောကတွင် ဒါရိုက်တာအနေနှင့်ထင်ရှားသူဖြစ်သော်လည်း ဆရာမြင့်သည် စာရေးဆရာဘဝမှ သန္ဓေတည်ပြီးရုပ်ရှင်လောကသို့ ရောက်လာသူဖြစ်၍ တခါတရံ ရုပ်ရှင်နယ်မြေမှ စာပေနယ်မြေသို့ ခြေဦးလှည့်သွားသည့်အဖြစ်ကိုလည်း တွေ့ရတတ်သည်။

၁၉၃၀–၃၁–ခုနှစ်၊ မန္တလေးမြို့ တိုင်းချစ်သတင်းစာ အယ်ဒီတာဆရာသောင်ကြီးလက်အောက် တွဲဘက်အယ်ဒီတာလုပ်ယင်း မန္တလေးမဂ္ဂဇင်းမှာ အယ်ဒီတာလုပ်ခဲ့သည်။ ၎င်းနောက် မြောက်ပိုင်းရှမ်းပြည် သီပေါမြို့မှ ထုတ်ဝေသော ရတနာသီဟဂျာနယ်တွင် အုပ်ချုပ်မှု အယ်ဒီတာအဖြစ်နှင့်လုပ်နေစဉ် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီမှ ပြန်၍ခေါ်သောကြောင့် ၁၉၃၃–ခုနှစ်တွင် ရုပ်ရှင်နယ်မြေသို့ ပြန်ရောက်ပြန်သည်။

၁၉၃၉–ခုနှစ်၊ တရုပ်မြန်မာလမ်းမကြီး ဖောက်လုပ်သောအခါ ဆရာမြင့်သည် မြန်မာ့အလင်းသတင်းစာ၏ နယ်လှည့်ခရီးသွားသတင်းထောက်အဖြစ် ယူနန်နယ်အထိ သွားရောက်ခါ သတင်းဆောင်းပါးများကို ရေးသားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို့ ကူးစက်လာသောအခါ ဆရာမြင့်သည် ဖျာပုံမြို့သို့ အခြေအနေမပျက် ပြန်လည်နေထိုင်ပြီး သူရိယသတင်းစာကိုယ်စားလှယ်နှင့်သူရိယ, မြန်မာ့အလင်း, ဗမာ့ခေတ်, သတင်းစာ ၃–စောင်တွင် သတင်းထောက်လုပ်ကိုင်ခဲ့သည်။

စစ်ကြီးအပြီး၌ ရန်ကုန်မြို့သို့ပြန်ရောက်လာသည်။ မြိုင်ရုံပြဇာတ်ခေတ်စားချိန်တွင် မြိုင်ပြဇာတ်အဖွဲ့မှ ဆရာမြင့်စီစဉ်သင်ကြားပြသသော "ရတနာသိုက်"ပြဇာတ်မှာ လူကြိုက်များလှသဖြင့် ယခုတိုင် စကားစပ်မိတိုင်း လူအများ၏ပါးစပ်ဖျားတွင် ပြောစမှတ်ရှိသေးသည်။

စစ်ကြီးအပြီး၌ ပလူပျံသလို ထွက်ပေါ်လာသောစာနယ်ဇင်းများတွင် ကလောင်အမည်သီးခြားခံယူမထားတော့ဘဲ "ဒါရိုက်တာဆရာမြင့်"အမည်နှင့်ပင် ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်ညွှန်းများ၊ တောင်တန်းဒေသနေလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ချစ်ကြည်ရေးဆောင်းပါးများကို ရှုထောင့်အမျိုးမျိုးမှ ရေးသားတင်ပြခဲ့သူဖြစ်သည်။ ခင်မင်ရင်းနှီးသူများက ဆရာမြင့်အား ရှမ်းဆရာကြီးဟုပင် ချစ်စနိုးခေါ်ကြသည်။

ဇနီးသည်မှာ သီပေါမြို့ ပန်းတိမ်ရပ် ဦးဖုန်းနု–ဒေါ်ခွန်နန်းမွေးတို့၏ သမီး မလေးဖြူခေါ် ဒေါ်နန်းပုဖြစ်သည်။ ဆရာမြင့်၏ အသက်မှာ (၆၇)နှစ် (၇၀)ပတ်လည်အတွင်း ရောက်ရှိနေ

E-book is created by shanyoma

ပေပြီ။ အသက်အရွယ် ကြီးသောကြောင့် စိတ်ပန်း, ကိုယ်ပန်း ရုပ်ရှင်လုပ်ငန်းများတွင် မလုပ်နိုင်တော့ဘဲ စာအုပ်စာတမ်းများကို ရေးသားပြုစုနေသူဖြစ်သည်။

၁၉၆၃–ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ စာပေဗိမာန် မြန်မာ့ယဉ်ကျေးမှုအနုပညာစာပေဆုတဆုကို ဤ(ရှမ်းပြည်ကြေးမုံ)စာအုပ်အားဖြင့် ဆွတ်ခူးရရှိခဲ့လေသည်။

မင်းညွန့်
၁၅–၅–၆၅

E-book is created by **shanyoma**

မာတိကာ


| ဦးရေ | ပါဝင်သောအကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရှမ်းဗမာချစ်ကမ္ဘာ၊ မေတ္တာရည်ညွှန်း | |
| ၂။ | ဆရာကြီးဒဂုန်နတ်ရှင်၏ သဝဏ်လွှာ | |
| ၃။ | ရှမ်း ၉–ဆက် ၉–စော်ဘွား | ၁ |
| ၄။ | ညောင်ရွှေဆက် | ၁၀ |
| ၅။ | ကုန်းဘောင်ဆက် | ၁၀ |
| ၆။ | နေဝင်ဘုရင် | ၁၂ |
| ၇။ | ငွေတော်များကူညီခြင်း | ၁၃ |
| ၈။ | သီပေါမင်း ပါပြီ | ၁၃ |
| ၉။ | နွားကွဲ အမဲသားဖြစ် | ၁၅ |
| ၁၀။ | အလိမ်ခံရသော စော်ဘွားကြီး | ၁၆ |
| ၁၁။ | ဗြိတိသျှလက်အောက် | ၁၈ |
| ၁၂။ | ဂျပန်လက်အောက် | ၂၃ |
| ၁၃။ | ပြည်ထောင်စုနေ့ | ၂၃ |
| ၁၄။ | လွှတ်လပ်ရေးပိသုကာကြီးများ | ၂၄ |
| ၁၅။ | ပြည်ထောင်စုခေတ် | ၂၅ |
| ၁၆။ | ပြည်နယ်၊ ပြည်မ၊ မခွဲခြား | ၂၆ |
| ၁၇။ | ခရီးဦးကြိုလျက် | ၂၆ |
| ၁၈။ | ဗိုလ်ချုပ်ကျေးဇူး | ၂၇ |
| ၁၉။ | ယဉ်ကျေးမှုဓလေ့ထုံးစံများ | ၂၇ |
| ၂၀။ | ရှမ်းတောင်သူလယ်သမား | ၃၄ |
| ၂၁။ | ၅–ရက်တစျေး | ၃၆ |
| ၂၂။ | လူပျိုလှည့်ရ၊ အဖိတ်နေ့ည | ၃၈ |
| ၂၃။ | မင်္ဂလာဆောင် | ၄၁ |
| ၂၄။ | ရှမ်းရှင်ပြုမလွှယ် | ၄၈ |
| ၂၅။ | ထေရဝါဒဗုဒ္ဓဘာသာ | ၅၆ |
| ၂၆။ | ရှမ်းတို့မြို့ရွာ သင်္ကြန်ခါ | ၆၄ |
| ၂၇။ | နာမကရဏနှင့်ဝေါဟာရ | ၆၉ |
| ၂၈။ | နိဂုံး | ၇၆ |


E-book is created by **shanyoma**

# ရှမ်းဗမာ ချစ်ကမ္ဘာ
# မေတ္တာရည်ညွန်း

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် တည်ဆောက်ရာတွင် ပြည်ထောင်စုတိုင်းရင်းဘွား သွေးသား ချင်း ရောင်းရင်းများ ချစ်ကြည်ရင်းနှီးစွာ သွေးစည်းညီညွတ်မှု ရယူရန် လိုသည်။

တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုရယူရေးမှာ လူတမျိုး၏ဓလေ့ထုံးစံများကို လူတမျိုးက သိရှိနားလည်ထားပါမှသာ ကျူးကျော်မှားယွင်းမှုမဖြစ်ဘဲ ကူးလူးဆက်ဆံဝင်ထွက်သွားလာရေး လွယ်ကူပြေပြစ်၍ ချစ်ခင်ရင်းနှီးစွာ သွေးစည်းညီညွတ်မှု ရယူနိုင်ပါသည်။

တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုရရှိပါမှလည်း လွတ်လပ်သောပြည်ထောင်စုဗမာနိုင်ငံသည် အဓွန့်ရှည်ကြာစွာ ရပ်တည်နေနိုင်ပါမည်။

ယင်းသို့ ပြည်ထောင်စုသား သွေးချင်းသားချင်း ရောင်းရင်းများ ညီအကိုမောင်နှမ အရင်းတမျှ ချစ်ခင်၍ သွေးစည်းညီညွတ်မှု ရယူရန်အတွက် လူတမျိုး၏ယဉ်ကျေးမှုဓလေ့ထုံးစံများကို လူတမျိုးက သိရှိထားရလေအောင် စာပေသမား၊ ကလောင်ဝန်ထမ်းများက တတပ်တအားအနေနှင့်ထမ်းဆောင်ရေးသား၍ ပြည်ထောင်စုသို့ တင်ပြရမည့်တာဝန်ဝတ္တရားရှိလေရကား ရာဇဝင်အစဉ်အဆက်က ချစ်ခင်ရင်းနှီးစွာ သွေးဆက်၍ စည်းလုံးညီညွတ်မှုရယူခဲ့ကြသော မြေမြင့်နေဗမာ့သွေးသား–ရှမ်းညီအကို မောင်နှမများ၏ယဉ်ကျေးမှုဓလေ့ထုံးစံများကို စာရေးသူ ရှမ်းပြည်တွင် သွားရောက်နေထိုင်စဉ်အခါက လေ့လာရေးသားစုဆောင်းထားသည်များကို ရှူမဝ မြဝတီ–သွေးသောက်–စာပေဗိမာန်–မြတ်ရတနာ–ပေဖူးလွှာ–ကေသီပန်နှင့်ရန်ကုန်တက္ကသိုလ် ရှမ်းစာပေမြှင့်တင်ရေးအဖွဲ့မှ ထုတ်ဝေသော ရှမ်းလူငယ်များ မဂ္ဂဇင်းတွင် တကွဲတပြား ထည့်သွင်းတင်ပြခဲ့သော ဆောင်းပါးများကို စုပေါင်းပြီး ထပ်မံပြင်ဆင်ဖြည့်စွက်ရေးသား၍ "ရှမ်းပြည်ကြေးမုံ"အမည်ဖြင့် ရှမ်းဗမာချစ်ကမ္ဘာ မေတ္တာရည်ညွန်းလျက် ပြည်ထောင်စုသို့ တင်ပြအပ်ပါကြောင်း။

စာရေးဆရာ<br>ဒါရိုက်တာဆရာမြင့်

E-book is created by **shanyoma**

# ဆရာကြီးဒဂုန်နတ်ရှင်၏ သဝဏ်လွှာ

ယခုအခါ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် တရေတမြေတည်း နေထိုင်ကြသော ပြည်နယ်များကို စုပေါင်းကြလျက် "ပြည်ထောင်စုနိုင်ငံ"ဖွဲ့စည်းတည်ထောင်ခဲ့ကြလေသည်။ မြန်မာနိုင်ငံအဘို့မှာလည်း ထို့နည်းတူစွာ ခေတ်အလျောက် လက်အောက်ခံဘဝမှ လွတ်မြောက်လာပြီးသည့်နောက် ပြည်နယ်များ စုပေါင်းပြီးလျှင် ပြည်ထောင်စုမြန်မာနိုင်ငံဟူသောအမည်သစ်ဖြင့် ကိုယ့်တိုင်းပြည်နှင့်ကိုယ့်လူမျိုးတို့ အကျိုးဖွံ့ဖြိုးကြစေရန် စံနစ်တကျ တည်ထောင်ခဲ့ကြလေသည်။

ယခုအခါ ကမ္ဘာအရပ်ရပ်နိုင်ငံများသည် ပြည်နယ်များကို ညီညွတ်စွာစုပေါင်း၍ ပြည်သစ်အဖြစ် တည်ထောင်ခဲ့ကြသော်လည်း မြန်မာပြည်သည် အနော်ရထာမင်းစောလက်ထက်ကပင် ပြည်ထောင်စုအဖြစ်သို့ အနော်ရထာမင်း၏ အုပ်ချုပ်ရေးအဖွဲ့က စံနစ်တကျ တည်ထောင်ခဲ့ဘူးလေသည်။ ရှေးအခါက "နာဂသျှန္တ"ဟူ၍၎င်း၊ "မောရင်္ဂ"တိုင်းဟူ၍၎င်း၊ ခေါ်ဆိုအပ်သော "မောဇ–နယ်'ကိုအုပ်ချုပ်သောစော်ဘွားများနှင့်သော်၎င်း၊ သထုံစသော မွန်တို့ပြည်နယ်များနှင့်၎င်း၊ ဥဿာပဲခူးစသော အောက်ပြည်နယ်များနှင့်၎င်း၊ စေ့စပ်စုပေါင်းခဲ့ပြီးလျှင် "ပြည်ထောင်စုမြန်မာနိုင်ငံတော်"ကို အနော်ရထာမင်းသည် ပထမအကြိမ် စုပေါင်းတည်ထောင်ခဲ့ဘူးလေသည်။

ထိုမှနောက် မြန်မာရာဇဝင်အရ ပြည်နယ်များ အစိတ်စိတ်ကွဲပြားလာခဲ့ရာ နောက်ဆုံး၌ တိုင်းတပါးလက်အောက်သို့ ရောက်သည်တိုင်အောင် အစိတ်စိတ်ကွဲပြားမှုကို စေ့စပ်ခြင်းမပြုနိုင်ခဲ့ချေ။ ဒုတိယကမ္ဘာစစ်ကြီးပြီးစီးခဲ့ပြီးနောက် တိုင်းရင်းသားတို့လက်ဝယ်သို့ မြန်မာပြည်ကြီးပြန်လည်ရောက်ရှိလာချိန်တွင် မျိုးချစ်ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ အဖွဲ့မှ ခေါင်းဆောင်၍ "ပြည်ထောင်စုမြန်မာနိုင်ငံတော်"ကို ဒုတိယအကြိမ်မြောက် ပြန်လည်ဖွဲ့စည်းခဲ့ရာ ယနေ့တိုင်ကြန့်ခိုင်ညီညွတ်လှသော ပြည်ထောင်စုမြန်မာနိုင်ငံကို ကမ္ဘာက တွေ့မြင်လျက် ရှိကြလေသည်။

ဤအချိန်အခါတွင်း၌ ပြည်ထောင်စုတွင် ပါဝင်ကြသော ရေမြေတူနေ ပြည်နယ်အမျိုးသားသမီးတို့နှင့်ပြည်မတွင်းရှိ မျိုးတူ–ဇာတ်တူ, သွေးတူလူမျိုးတို့သည် နှစ်ပေါင်းရှည်ဝေးစွာ ကွဲကွာနေခဲ့ကြရသဖြင့် တမျိုးနှင့်တမျိုး ဇာတိ, ဘဝ, စာရိတ္တစသော ယဉ်ကျေးမှုအရပ်ရပ်တို့ကို မသိဝိုးဝါး စိမ်းကားသကဲ့သို့ ရှိနေကြလေသည်။ ထိုအကြောင်းကို ဉာဏဗလအလုပ်သမားကြီးများဖြစ်သော စာပေရာဇဝင်, သုတေသီပညာရှင်ကြီးများသည် ပြည်နယ်သားတို့၏ ရိုးရာဓလေ့မှစ၍ ယဉ်ကျေးမှုအထွေထွေတို့ကို ယခုအချိန်အခါမှာ မွှေနှောက်လေ့လာရှာဖွေလျက်ရှိကြ၏။ သုတေသီတို့တွင် တဦးအပါအဝင် ပညာရှင်ဖြစ်သော စာရေးဆရာကြီးဒါရိုက်တာဆရာမြင့်သည် ရှမ်းတို့ဗမာပြည်နယ်တွင် ကိုယ်တိုင်နှစ်ပေါင်း ရှည်ကြာစွာနေထိုင်လျက် ရှမ်းပြည် သီပေါမြို့၌ လွန်ခဲ့သော ၃၃–နှစ်ခန့်က "ရတနာသီဟ"စာစောင်ဟူသော အမည်ဖြင့် ဂျာနယ်စာစောင်ထုတ်ဝေပြီးလျှင် ရှမ်းပြည်၏ အကြောင်းအရာများကို နှစ်ပေါင်းရှည်ကြာစွာ လေ့လာမှတ်သားပြီးနောက် ယခုအခါ "ရှမ်းပြည်ကြေးမုံ"ဟူသောအမည်ဖြင့် ဤစာစုကျမ်းငယ်တစောင်ကို ထုတ်ဝေလိုက်သဖြင့် ပြည်ထောင်စုသားတို့နှင့်တကွ ရှမ်းပြည်နယ်သားတို့အဘို့ အကျိုးနှစ်ရပ် ပြီးမြောက်လိမ့်မည်ဟု မျှော်

E-book is created by shanyoma

လင့်ယုံကြည်မိလေသည်။

ထိုမှတပါး ထူးခြားသော အကျိုးတပါးမှာ ပြည်မနှင့်ပြည်နယ်သားတို့ တဦးနှင့်တဦး ယဉ်ကျေးမှုချင်းဖလှယ်မိကြပြီးလျှင် တဦးအကြောင်း တဦးကောင်းစွာ သိရှိနိုင်ကြသဖြင့် ချင်ခင်ကြင်နာစွာ ပူးပေါင်းကြလေသည်။ ထိုသို့ပူးပေါင်းမိခြင်းဖြင့် တိုင်းပြည်ကိစ္စအဝဝတို့၌ အကျိုးဖြစ်ဘွယ် အကြောင်းတရပ်ဖြစ်လေသည်။ "သမဂ္ဂါနံ တပေါ သုခေါ"ဟုဆိုအပ်သော ဆောင်ပုဒ်အရ ပြည်မနှင့်ပြည်နယ်ကို ညီညွတ်စွာ ပူးပေါင်းခိုင်မြဲစေရန် ရည်ရွယ်ချက်ဖြင့် ဤ"ရှမ်းပြည်ကြေးမုံ"စာစောင်ကို ရေးသားထုတ်ဝေခြင်းကြောင့် စာရေးဆရာကြီးဒါရိုက်တာဆရာမြင့်အား ကျွန်ုပ်တို့နှင့်တကွ ပြည်ထောင်စုသားများက ကျေးဇူးတင်ကြောင်းဖြင့် ဂုဏ်ပြုပါသတည်း။

ဒဂုန်နတ်ရှင်

E-book is created by **shanyoma**

## တည်မြဲနိုင်သည်

လူတမျိုး၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို
လူတမျိုးက၊ သိထားဘို့လိုပါသည်။ သိထားလျှင်
ကျူးကျော်မှားယွင်းမှုများ မဖြစ်နိုင်ဘဲ၊ ကူးလူးဆက်ဆံမှု
လွယ်ကူ၍ ချစ်ကြည်ရေး တည်မြဲနိုင်ပါသည်။

# ရှမ်းပြည်ကြေးမုံ

ရှမ်း ၉–ဆက်၊ ၉–စော်ဘွား။

ရီဝေနေသော တောင်ခိုးတောင်ငွေ့များနှင့်ငွေနှင်းမြူမှုံ လွှမ်းခြုံနေသော တောင်စဉ်၊ တောင်တန်း၊ တောင်စခန်းများအပေါ်တွင်သော်၎င်း၊ တောင်ကြားလွင်ပြင်၊ စမ်းရေယဉ်နီးရာများတွင်သော်၎င်း၊ ရွှေရောင်ဝင်းပြောင်နေသော ဘုရားတန်ဆောင်း ကျောင်းဦးပြသာဒ်၊ အရပ်ရပ်သော တိုက်တာအဆောက်အဦ၊ အိမ်ခြေ၊ ယာမြေများနှင့်မြို့ရွာတည်၍နေကြသော ဗမာ့သွေးသား ရှမ်းလူမျိုးများ၏ ဒေသသည် စတုရန်းမိုင်(၆၀၄၁၆)ခြောက်သောင်းလေးရာတဆယ့်ခြောက်မိုင်ကျယ်ဝန်းပြီး၊ ရှမ်းမြေမြင့်ဘွား၊ လူမျိုးစုပေါင်း(၃၀)ကျော်မျှနှင့်တိုင်းရင်းသားဗမာ၊ နိုင်ငံခြားသား၊ တရုပ်ကုလားကပြားအမျိုးမျိုးပါနေထိုင်ကြရာ လူဦးရေးနှစ်သန်းခန့်ရှိ၍ လူဦးရေ အများဆုံးနှင့်လူသိအများဆုံး ရှမ်းအမျိုးသားများ ဖြစ်ပါသည်။

တောင်ပိုင်းတွင်နေသော ရှမ်းအမျိုးသားများကို “တိုင်းတုံစမ်း”တောင်ဘက်ရှမ်း၊ မြောက်ပိုင်းတွင်နေသောရှမ်းအမျိုးသားများကို“တိုင်းပဟောင်”မြောက်ဘက်ရှမ်း ခေါ်သည်။

ယင်းတောင်ဘက်ရှမ်းနှင့်မြောက်ဘက်ရှမ်းကို “အောက်ရှမ်း”ဟုခေါ်ကြပြီး၊ တရုပ်ဗမာနယ်ခြား“နမ့်မော”ခေါ် ရွှေလီမြစ်ဝှမ်းဒေသများတွင်နေကြသော ရှမ်းလူမျိုးကို အထက်ရှမ်းကြီးလူမျိုးဟုခေါ်သည်။

အထက်ရှမ်းကြီးလူမျိုးသည် တရုပ်ပြည်နှင့်နယ်ချင်းနီးကပ်နေသောကြောင့် တရုပ်ယဉ်ကျေးမှုများပါ ရောယှက်နေ၍ “တိုင်းနေ”ရှမ်းတရုပ်လူမျိုးဟု ခေါ်ကြသည်။

“တိုင်းနေ”ခေါ် ရှမ်းတရုပ်၊ သို့မဟုတ် အထက်ရှမ်းကြီးလူမျိုးကို ရှမ်းဘာသာ“မိုင်းဆာ”ဗမာလို “မိုင်းသာ”ဟုခေါ်ကြသည်။ အဓိပ္ပါယ်မှာ မောသူ–မောသား(ဝါ)မောရှမ်းဖြစ်သည်။

ရှမ်း ၉–ဆက် ၉–စော်ဘွား၊ “လုဆယ့်နှစ်ပန္နား”ရာ့တပါးနှင့်၊ စော်ဘွား၊ စော်ခံ၊ ရွှေဥကင်ဘုံပျံမှာ၊ ညီလာခံ၊ ခညောင်းလို့၊ မျှူးမတ်ပေါင်း၊ စုံလင်ကြပါပေ့လား အမတ်မင်းတို့. . .”

ရှေးဇာတ်သဘင် အနုပညာရှင် နန်းထိုင်ဘုရင်လုပ်သူများက အမတ်ကြီးများကို မေးမြန်းသော စကားအစဉ်အလာသည် ကာလကြာ၍ နှောင်းခေတ် ဇာတ်သဘင်အနုပညာရှင်နန်းထိုင်ဘုရင်လုပ်သူများက. . .

“ရှမ်း ကိုးဆယ် ကိုးစော်ဘွား”လူးတဆယ့်နှစ်ဖလား” ရာ့တပါးနှင့်၊ စော်ဘွား စော်ခံ၊ ရွှေဥကင်ဘုံပျံမှာ၊ ညီလာခံခညောင်းလို့၊ မျှူးမတ်ပေါင်း၊ စုံလင်ကြပါပေ့လား၊ အမတ်မင်းတို့ဟု” ရွှေ့လျောပြောဆိုလာကြပါသည်။

တကောင်းပြည်ကြီးကို အစစွာ တည်ထောင်သော အဘိရာဇာမင်းကြီးမှစ၍ သာကီယန္ဒယ်ဖွား သုံးကျိပ်သုံးပါးသောမင်းတို့ အစဉ်အတိုင်းစိုးစံကြရာ နောက်ဆုံး“ဘိန္နကရာဇာ”မင်းလက်ထက် တရုပ်တရက်တို့နှောင့်ယှက်ဖျက်ဆီး၍ တကောင်းပြည်ကြီးပျက်စီးပြီး ဘိန္နကရာဇာ

E-book is created by shanyoma

မင်းသည် ရောဝတီမြစ်အနောက်ဘက် မလည်ချောင်အရပ်တွင် ဗိုလ်ဝင်ခံစံနေစဉ် ကံကုန်၍ ဗိုလ်ခြေ ၃–သင်းကွဲပြားပြီး မင်းကြီး၏ညီတော် ''ဘိန္နကရာဇ်''မင်းသည် ရောဝတီမြစ်အရှေ့ဘက် ''နမ့်မော''ခေါ် ''ရွှေလီမြစ်''အထက်ဖျား လက်ျာဘက်ကမ်းတွင် ''မိုင်းမော''ခေါ် ''မော''ပြည်ကို တည်ထောင်စံနေလေသည်။

ထို့ကြောင့် ရှမ်းပြည်အစ ''မိုင်းမော''က၊ ရှမ်းမင်းအစ''ဘိန္နကရာဇ်''ကဟု ရှမ်းရာဇဝင်များတွင် အဆိုအလာရှိလေသည်။ ''မိုင်း''ကို ရှမ်းဘာသာ''မိင်း''ဟု ရေးသည်။ အဓိပ္ပါယ်မှာ မြို့ သို့မဟုတ် ပြည် ဖြစ်သည်။

မူလ ''မော''ပြည်မှာ တိုးတက်ပြန့်ပွားလာသော သား ၉–ပါးတို့ မော ၉–ပြည်ထောင်ကို တည်ထောင် စံနေကြရာ. . .

၁။ မိုးကောင်းမြို့။
၂။ မိုးညှင်းမြို့။
၃။ သောင်သွပ်မြို့။
၄။ မိုးမိတ်မြို့။
၅။ မိုးနဲမြို့။
၆။ သိန္နီမြို့။
၇။ မိုင်းပဲမြို့။
၈။ ညောင်ရွှေမြို့။
၉။ သီပေါမြို့။

''မော'' ၉–မြို့၊ သို့မဟုတ် ''မော'' ၉–ပြည် တည်ထောင်၍ ၉–စော်ဘွား စံနေသောကြောင့် ရှမ်း ၉–ဆက် ၉–စော်ဘွားဟု စကားအစဉ် ရှိလာပါသည်။

''လူးတဆယ့်နှစ်ဖလား''မဟုတ်ပါ၊ မူရင်းစကားမှာ ''လုတဆယ့်နှစ်ပန္နားဖြစ်ပါသည်၊ ရှမ်းဘာသာ''လုဆစ်(ပ)ဆောင်ပန္နားခေါ်သည်။ အဓိပ္ပါယ်မှာ နယ် ၁၂–နယ်၊ လူမျိုး ၁၂–မျိုး ဖြစ်သည်။ ဗမာရာဇဝင်တွင် လင်းဇင်းတိုင်းခေါ်၍ ရှမ်းရာဇဝင်တွင် ''လန့်စန့်''ခေါ်သည်။ ''လန့်'' တသန်း ''စန့်''ဆင်၊ ဆင်တသန်းရှင် သို့မဟုတ် ဆင်တသန်းနယ်ဟုခေါ်သည်။

၎င်းဆစ်(ပ)ဆောင်ပန္နားနယ်သည် အချို့လူမျိုးနှင့်နယ်ပါတိမ်ကောပပျောက်လျက် အချို့ယူနံနယ်အတွင်း ရောက်ရှိနေသည်။

စော်ခံမှာ စော်ဘွားအရိပ်အရာ လွှဲခဲ့သော် စော်ဘွားရာထူးကို ဆက်ခံဟော်နန်းစံမြန်းအုပ်ချုပ်မည့်သူ ကျမိုင်း(အိမ်ရှေ့မင်း)ကို ခေါ်သည်။

၎င်းကို ရှမ်းဘာသာ''စဝ်အွမ်''ခေါ်သည်။ အဓိပ္ပါယ်မှာ စော်ဘွားငယ်၊ သို့မဟုတ် ''စော်ဘွားကလေး''ဖြစ်သည်။

E-book is created by shanyoma

ရှမ်းပြည်ကြေးမုံ

၉–ပြည်ထောင်၊ ၉–စော်ဘွားတို့သည် ရှေးအခါက မြန်မာဘုရင်များနှင့်အဆောင်အယောင်၊ အခမ်းအနား၊ ရာထူးခန့်ထားခြင်းတို့ပါ ခြားနားခြင်းမရှိဘဲ။

၁။ ဆောင်ဖိတ်. . . . . . . . . . ထီးဖြူတော်။

၂။ ပန့်ကူန်း. . . . . . . . . . မကိုဋ်။

၃။ ဆံလျှပ်. . . . . . . . . . သံလျှပ်။

၄။ စစ်ဆူ. . . . . . . . . . သားမြီးယပ်။

၅။ ဆောက်တင်ဟန်းဆာ. . . . . . . . . . ဟင်္သာခြေနင်း။

“ဖရာ့တန်ဆာ”ခေါ် မင်းမြောက်တန်ဆာငါးပါးကို ဆင်မြန်းကြသည်။ မင်းမြောက်တန်ဆာငါးပါးကို ရှမ်းဘာသာနှင့်“ခိုင်မန်မြောက်” “တန်ဆာဟာပါး”ဟုလည်း ခေါ်သေးသည်။

နေအိမ်ပြသာဒ်အထွတ်တင်ခြင်း၊ တကဲရာဇပလ္လင်တင်ခြင်း၊ မောမင်း သို့မဟုတ် ရှမ်းမင်းများဟုခေါ်ခြင်း၊ မြန်မာဘုရင်များနှင့်ရာဇမဟာမိတ်ပြုလုပ်၍ အရေးအခင်းရှိလျှင် လူသူလက်နက် စားရေရိက္ခာကူညီခြင်း၊ သားပေးသမီးယူ ချစ်ကြည်ဖြူစွာ သွေးဆက်ကြပြီး အကြည်တော်၊ အဆွေတော်၊ သွေးသောက်ဟု ခေါ်ဝေါ်သုံးနှုန်းခဲ့ကြသည်။

တကောင်းအဘိရာဇာမှစ၍ ရှမ်းမြန်မာချစ်ကြည်ရင်းနှီးစွာ သွေးဆက်ခဲ့ကြသည့်အပြင် နော်ရထာမင်းကြီး ပြုစုပျိုးထောင်လာသော မြန်မာနိုင်ငံတော်ကြီးသည် တရုပ်ပြေးမင်းလက်ထက်ရောက်သောအခါ ပျက်စီးတိမ်းပါးလာသဖြင့် အကွပ်မရှိသော ကြမ်းကဲ့သို့ ဖြစ်လာသည်။

ထိုခေတ်တွင် ဘိန္နကမင်းမျိုး(ပြော့ရှမ်း)သိခ်ဗိုလ်သည် နောင်တော်စော်ဘွားသိခ်အိုနှင့် မသင့်၍ မြန်မာနိုင်ငံသို့ ပြေးဝင်လာပြီး မြင်စိုင်းအရပ်၌ အသည်သူကြွယ်သမီးနှင့်အိမ်ထောင်ကျသဖြင့် သားသုံးယောက် သမီးတယောက် ဖွားမြင်သည်။

သားသုံးယောက်ကား ပုဂံပြည်“နရပတေ့”(တရုပ်ပြေးမင်း)ထံ ခစားထမ်းရွက်ကြသဖြင့် သားအကြီးကို “အသင်္ခယာ”ဘွဲ့နှင့်မြင်စိုင်းမြို့ကို ပေးသည်။ အလတ်ကို “ရာဇသင်္ကြန်”ဘွဲ့နှင့်မက္ခရာမြို့ကို ပေးသည်။ အငယ်ကို “သီဟသူ”ဘွဲ့နှင့်ပင်လယ်မြို့ကို ပေးသည်။ သမီးကား တရုပ်ပြေးမင်း၏ သား“ပြည်စားသီဟသူ”(ကုလားကျမင်း)နှင့်သင့်မြတ်သည်။

(၁) အသင်္ခယာ၊ (၂) ရာဇသင်္ကြန်၊ (၃) သီဟသူ၊ ရှမ်းညီနောင်သုံးဦးတို့သည် ကာလရှည်လတ်သော် အလုံးအရင်း ခိုင်လုံပြီဖြစ်၍ သက္ကရာဇ်(၆၆၂)ခုနှစ် ပုဂံမင်းကျော်စွာကို နန်းချ၍ ရှမ်းညီနောင်သုံးဦးတို့ မင်းပြိုင်ပြုကြသည်။

နန်းကျကျော်စွာ၏ မိဖုရား ပဉ္စသန္တေသုံးလ ပါရှိလာသော“မင်းစောဦး”ကို ပင်လယ်မင်း“သီဟသူ”က မိဖုရားမြှောက်သည်။

ရှမ်းညီနောင်သုံးဦး မင်းပြိုင်ပြု၍ ငါးနှစ်ကြာသောအခါ နောင်တော်အလတ် မက္ခရာမင်း“ရာဇသင်္ကြန်”အနိစ္စရောက်သည်။

E-book is created by *shanyoma*

၆၇၂–ခုနှစ်တွင် နောင်တော်အကြီး မြင်စိုင်းမင်း“အသင်္ခယာ”ကို ညီတော် “သီဟသူ” ဘေးအန္တရာယ်ပြု၍ အနိစ္စရောက်သည်။

သီဟသူသည် နောင်တော်နှစ်ပါး၏ စစ်သည်ဗိုလ်ပါတို့ကို သိမ်းယူ၍ ပင်လယ်မြို့မှ ပြောင်းရွှေ့ပြီး မြင်စိုင်းတွင် နန်းစံသည်။

သော်တာလ–ပင်းယတည်ဆိုသော ရာဇဝင်သင်္ကေတအရ (၆၇၄)ခုနှစ်တွင် ဝိဇယပူရဟူသော အမည်ပေး၍ ပင်းယမြို့ကို တည်သည်။

မြို့နန်းတည်ပြီးလျှင် နန်းဖွင့်အံ့သော အစီအရင်ကို မသိသဖြင့် တရုပ်ပြေးမင်း၏ မိဖုရား“ဖွားစော”ကို ပုဂံပြည်မှ ချီပင့်ရသည်။ ဖွားစော၏ အစီအရင်ဖြင့် ထီးဆောင်းဘိသိက်မင်္ဂလာအခမ်းအနားကို ပြုလုပ်ရသည်။

★

## ပင်းယမင်းခြောက်ဆယ်

၁။ သီဟသူ ၆၇၄–၈၄ ဆင်ဖြူတစီးရ၍ ‘တစီးရှင်သီဟသူ’ဟု တွင်သည်။ ထိုမင်းတွင် ပဋိသန္ဓေသုံးလပါသော ပုဂံနန်းကျကျော်စွာ၏ မိဖုရား“မင်းစောဦး”က သားတော်“ဥဇနာ”ကို ဖွားမြင်ပြီးနောက်မှ သီဟသူနှင့်မင်းစောဦးတို့၏ သားတော်အရင်း ကျော်စွာနှင့်နော်ရထာကို မြင်သည်။

မြောက်နန်းမိဖုရားက သားတော်“အသင်္ခယာစောယွမ်း”ကို မြင်သည်။ မြောက်နန်းမိဖုရားသည် တစီးရှင်သီဟသူမင်း၏ နောင်တော် မြင်စိုင်းမင်း“အသင်္ခယာ”၏ မိဖုရားဖြစ်ရာ ၎င်းက “တရဖျား”ဟူသော သားတော်တပါးပါသေးသည်။

၂။ ဥဇနာ ၆၈၄–၇၀၄ ပုဂံနန်းကျကျော်စွာ၏ မိဖုရား“မင်းစောဦး”၏ သားဖြစ်သည်။ စကားခုနစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းသောကြောင့် ၎င်းမင်းကို “စကားခုနစ်ကျောင်းဒါယကာမင်း”ဟုတွင်သည်။

၇၀၄–ခုနှစ်တွင် နန်းမှဆင်း၍ “သီဟသူ”မင်းနှင့်မယ်တော်“မင်းစောဦး”တို့မှမြင်သော ညီတော်အကြီး“ကျော်စွာ”ကို ထီးနန်းလွှဲအပ်သည်။

၃။ ကျော်စွာ ၇၀၄–၇၁၂ တစီးရှင်သီဟသူနှင့်မင်းစောဦးတို့၏ သားရင်းဖြစ်သည်။ ဆင်ဖြူတော်ငါးစီးရ၍ ၎င်းမင်းကို “ငါးစီးရှင်ကျော်စွာ”ဟုတွင်သည်။

ညီတော်နော်ရထာအား ပင်လယ်မြို့ကို အပိုင်ပေးသည်။ ညီနောင် မကြည်ရှိ၍ ပင်လယ်စားနော်ရထာသည် စစ်ကိုင်းမင်း မင်းရဲကြီးကိုပေါင်း၍ မင်းရဲကြီးက ကန္နီမြို့ကို ပေးသောကြောင့် ကန္နီစားနော်ရထာဟုတွင်ပြန်သည်။

ငါးစီးရှင်ကျော်စွာတွင် (၁) ခြေသိမ်ဥဇနာပြောင်၊ (၂) ကျော်စွာ၊ (၃) နရသူဟု သားတော်သုံးပါးရှိသည်။

E-book is created by *shanyoma*

တာဝတိံသာ. . . . . . . .

နတ်ရွာလော နတ်ရွာလော၊
ဟုတ်တည့်–ဆွေရင်း ဆွေရင်း၊
ဟုတ်တည့်–သည်ရင်း သည်ရင်း၊
မြင်စိုင်းဟူသည်–ရွှေပြည် ရွှေပြည်၊
မြင်စိုင်းရွှေမြေ–ပန်းသင်းခွေ၊
ပင်ခြေခြုံထက်နွယ်–ခြုံထက်နွယ်၊
တောင်လေရှုန်းရှုန်း–မိုးခတ်အုန်း။
ကင်ပွန်းပွင့်ချီချယ်–ပွင့်ချီချယ်၊
နွယ်ပန်းခွါညို–ပွင့်ပေလို၊
ပြာသိုဆောင်းလ,လယ်–ဆောင်းလ,လယ်၊
တောင်ထွတ်ဖျားဆီ–ရွှေစေတီ၊
သရီရဓာတ်စွယ်–ဓာတ်စွယ်၊
ယာစည်မြေကောင်း–ကျသည့်ပြောင်း၊
မနှောင်းမှည့်လွယ်–မှည့်လွယ်၊
ခါနှင့်–ဘုတ်–ချိုး–ကြက်တောမျိုး၊
ထိုစိုးကျက်မြေကျယ်–ကျက်မြေကျယ်၊
ယှဉ်ဖေါ်မဝေး–ဖေါ်ရွှေကျေး၊
ဆန်းနွေး–စားလိုဘွယ် စားလိုဘွယ်၊
ယရည်းသွန်းသွန်း–မြင်းသည်ဝန်း၊
လုံချွန်းတွန်းတက်ဖယ်–တွန်းတက်ဖယ်၊
စောလူးစီးတန်–မျိုးဆဒ္ဒန်၊
လျှင်ထန်မြင့်မဆွယ်–မြင့်မဆွယ်၊
မြှောက်စည်လတီး–ဝင်ခါနီး၊
စောထီးနန်းတက်ကျယ်–နန်းတက်ကျယ်၊
သာသည့်မြေပြင်–စောနတ်ရှင်၊
နန်းခွင်ရှုတင့်တယ်–ရှုတင့်တယ်၊
အထူးလော–တက်တိမ်လော–နေရောင်လော၊

ငါးစီးရှင်ကျော်စွာသည် အထက်“ကာချင်း”ကို ကိုယ်တိုင်ရေး၍ သီဆိုပြီး “ကာ”ကို ကိုင်၍ကသည်။ ကာဆိုသည်မှာ စစ်သားများကိုင်ဆောင်သော ကြိယာတခုဖြစ်သည်။ ရန်သူက ထိုးခုတ်ပစ်လွှင့်သော လက်နက်ကို ကာကွယ်သောအရာဖြစ်၏ ။ စစ်သည်တော်များ အားလပ်သော

E-book is created by shanyoma

အချိန်အခါများတွင် ရန်သူ၏လက်နက်ကို "ကာ"နှင့်ကာကွယ်ဟန် လေ့ကျင့်ကြ၏။ ထိုသို့လေ့ကျင့်ရာတွင် သီဆိုသောသီချင်းကို "ကာချင်း"ဟုခေါ်ဆိုသည်။

ငါးစီးရှင်ကျော်စွာသည် နန်းစံ ၈-နှစ်တွင် အနိစ္စရောက်သည်။ နတ်ယုံကြည်သူများက အပြင်(၃၇)မင်းနတ်စာရင်းတွင် (၂၃)မှ ငါးစီးရှင်နတ်ဟု ယုံကြည်ကိုးကွယ်ပသကြသည်။

၄။ ကျော်စွာ ၇၁၂-၇၂၁ ငါးစီးရှင်ကျော်စွာ၏ဒုတိယသားဖြစ်သည်။ ထိုမင်းလက်ထက် ဆင်ဖြူတော်လေးစီးသာရှိတော့၍ လေးစီးရှင်ဟုလည်း ခေါ်ကြသည်။

၅။ နရသူ ၇၂၁-၇၂၆ ငါးစီးရှင်ကျော်စွာ၏သားတော်အငယ်ဖြစ်သည်။ "မောပါနရသူ" ဟုလည်း တွင်သည်။

၆။ ဥဇနာပြောင် ၇၂၆ ငါးစီးရှင်ကျော်စွာ၏သားတော်အကြီးဖြစ်သည်။ ၎င်းကို "သတိုးမင်းဖျား"လုပ်ကြံ၍ လွန်ရာတွင် ပင်းယမင်းဆက်ပြတ်သွားသည်။

## စစ်ကိုင်းမင်းဆက် ခုနစ်ဆက်

၁။ အသင်္ခယာစောယွမ်း ၆၇၇-၆၈၄ ပင်းယမင်း"တစီးရှင်သီဟသူ"နှင့်မြောက်နန်းမိဖုရားမှ ဖွါးမြင်သော သားဖြစ်သည်။

၂။ တရဖျားကြး ၆၈၄-၆၉၈ "ပင်းယတစီးရှင်သီဟသူ"၏မြောက်နန်းမိဖုရားမှပါသော မြင်စိုင်းမင်း"အသင်္ခယာ"၏ သားဖြစ်သည်။

၃။ ရွှေတောင်တက် ၆၉၈-၇၀၀ တရဖျား၏သားတော်ဖြစ်သည်။ ခမည်းတော်ကို နန်းချ၍ နန်းတက်သည်။ ၎င်းကို တရဖျားကြီး၏ကျွန်ယုံတော်များ လုပ်ကြံ၍လွန်သည်။

၄။ ကျစွာ ၇၀၀-၇၁၁ "အသင်္ခယာစောယွမ်း"၏သားတော်၊ ပင်းယ"တစီးရှင်သီဟသူ" ၏မြေးဖြစ်သည်။

၅။ ဆင်ဖြူရှင် နော်ရထာမင်းရဲ ၇၁၁၊ ကျစွာမင်း၏ညီ ပင်းယ"တစီးရှင်သီဟသူ"၏ မြေးဖြစ်သည်။

၆။ ဆင်ဖြူရှင်တရဖျား ၇၁၁-၇၁၄ ဆင်ဖြူရှင်နော်ရထာမင်းရဲ၏ညီတော်၊ ပင်းယ"တစီးရှင်သီဟသူ"၏မြေးဖြစ်သည်။

၇။ မင်းပြောက် ၇၁၄-၇၁၆၊ အသင်္ခယာစောယွမ်း၏သမီးတော် စိုးမင်းကိုယ်တော်ကြီး၏မြောက်သားတော်ဖြစ်သည်။

စိုးမင်းကိုယ်တော်ကြီး၏ပထမမြောက်သားတော်ကား ပုဂံမင်းရိုးသတိုးဆင်ထိန်းဖြစ်သည်။ သားတော်"ရာဟုလာ" သမီးတော်"ရှင်စောကြီး"နှင့်"စောဥမ္မာ"တို့ဖွားမြင်ပြီးနောက် သတိုးဆင်ထိန်း အနိစ္စရောက်၍ မင်းပြောက်နှင့်သင့်မြတ်သည်။ "ရာဟုလာ"ကို မင်းပြောက်က "သတိုးမင်းဖျား"ဘွဲ့နှင့်တကောင်းကို ပေး၍စားရသည်။

E-book is created by shanyoma

စစ်ကိုင်းမင်း ၇–ဆက်မှာလည်း ရှမ်းမြန်မာသွေးဆက်လျက်ရှိသည့်အပြင် အင်းဝမင်းဆက်မှာလည်း ကြည့်ပါဦး။

★

**ပထမအင်းဝမင်းဆက်**

၁။ သတိုးမင်းဖျား ၇၂၆–၇၂၈၊ အသင်္ခယာစောယွမ်း၏ သမီးတော် "စိုးမင်းကိုယ်တော်ကြီး" နှင့် "သတိုးဆင်ထိန်း" တို့၏ သားတော် တကောင်းစား "ရာဟုလာ" ဖထွေးမင်းပြောက်ကို လုပ်ကြံပြီး နန်းတက်သည်။ ၇၂၈–ခုနှစ်မှာပင် အင်းဝကို နန်းတည်သည်။

၂။ မင်းကြီးစွာစော်ကဲ ၇၂၈–၇၆၂၊ ပုဂံတရုပ်ပြေးမင်း၏ သားတော် ပြည်စားသီဟသူ (ကုလားကျမင်း)နှင့်ပင်းယရှမ်းညီနောင်သုံးဦးတို့၏ နှမတော်မှ မြင်သည့် သမီးတော် "ရှင်မြတ်လှ" နှင့်ပုဂံနန်းကျကျော်စွာ၏ သားတော် သရက် "မင်းရှင်စော" တို့မှ မြင်သည်။

မင်းကြီးစွာစော်ကဲလက်ထက် မောမင်း "ဆောငံဖ" က အဆင်းအင်္ဂါနှင့်ပြည့်စုံသောသမီးတော် "ရှင်မိနောက်" ကို ဆက်သရာ မြောက်နန်းမှဖွားမြင်သော သားတော်ပြင်စဉ်စား "မင်းဆွေ" နှင့်လက်ဆက်သည်။

၃။ ဆင်ဖြူရှင်တရဖျား ၇၆၂–၇၆၃၊ မင်းကြီးစွာစော်ကဲ၏ သားတော်ကြီးဖြစ်သည်။ နန်းစံ ၇–လတွင် အထိန်းတော် 'ငနောက်ဆံ' လုပ်ကြံ၍ အနိစ္စရောက်သည်။ နတ်ယုံကြည်သူများက ၃၇–မင်းနတ်စာရင်းတွင် ၂၄–မင်းတရားနတ်ဟုခေါ်၍ ကိုးကွယ်ပ,သကြသည်။

ရှင်ဘို့မယ်ကား ရွှေစက်တော်ဘုရားတွင် ရက်ရှည်ဥပုသ်စောင့်နေစဉ် မိုးညှင်းမင်းတရားက ပြန်၍ချီပင့်ပြီး မိဖုရားမြှောက်သည်။

၄။ မိုးညှင်းမင်းတရား ၇၈၈–၈၀၁၊ ပင်းယငါးစီးရှင်၏ မြစ်တော်သည်။

၅။ မင်းရဲကျော်စွာ ၈၀၁–၈၀၄။

၆။ နရပတိ ၈၀၄–၈၃၀၊ မိုးညှင်းမင်းတရား သားတော်စစ်ကိုင်း "ထူပါရုံ" ဘုရားကို တည်တော်မူသည်။

ဒုတိယအင်းဝမင်းဆက်မှာလည်း ရှမ်းမြန်မာသွေးဆက်များပင်ဖြစ်ပြီး မင်းခေါင်၏ မိဖုရား(မင်းငါးဆက်သွယ်)ရှင်ဘို့မယ်၏ ရာဇဝင်အရှုပ်ပုံထဲမှာလည်း အုန်းဘောင်စော်ဘွားလယ်သန်ဘွားပါဝင်ခဲ့သေး၍ . . .

ရှင်ဘို့မယ်မည်ရင်းနှင့်၊ နဒီသွင်းပုံသွင်၊ ပလီခြင်းစုံလင်တယ်၊ ဘုံတခွင်ကျော်ထိန့်၊ မြန်မာမင်းငါးဆက်ပြင်မှာ၊ ကြားစွက်ဝင်အုန်းဘောင်ရာဇိန့်××ကိန္နရာစံမသာအောင်၊ မာန်တဏှာထိုစိမ့်၊ ဉာဏ်ကဗျာ အကုန်မိန့်ရင်ဖြင့်၊ တုန်ဖိမ့်ဖိမ့်ကြောက်ပုံ××ချစ်လက်ဆောင်၊ သွယ်ဟန်ပါးလေတော့–လယ်လန်ဘွား ဇောသိမ့်သိမ့်ခုံ××။ သို့ကလောက် မာယာစုံမှာ၊ ရာဇဂုဏ်အင်အားနှင့်၊ ထင်မှား၍ အင်းဝနယ်ငူ၊ ဆင်းကြွလွယ်ကူ××ဘုန်းကံချင်းညီမတူတယ်–သီဟသူ ပျက်ကိန်းပလေး။

E-book is created by *shanyoma*

ရှေးပညာရှင်များက ရာဇဝင်တေးထပ်ကိုပင် ရေးစပ်ခဲ့ကြသည်။

## ရှမ်းမင်းများအား စော်ဘွားဟုခေါ်လာပုံ

၈။ သိုဟန်ဘွား ၈၈၈–၉၀၄၊ ဤမင်းကား. . . ရက်စက်ကြမ်းကြုတ်သည်။ ပြည်သူလူထုမခံနိုင်အောင် ညှဉ်းပန်းနှိပ်စက်ဖန်များလှ၍ ၉၀၄–ခုနှစ်တွင် မင်းကြီးရန်နောင်က သိုဟန်ဘွားကို လုပ်ကြံလိုက်ပြီးနောက် အုန်းဘောင်စော်ဘွား"ခွန်မှိုင်းကြီး"ကို ပင့်ဆောင်၍ အင်းဝနန်းကိုတင်လေသည်။

မင်းကြီးရန်နောင် သိုဟန်ဘွားကို လုပ်ကြံသည်မှာ ရှမ်းအမျိုးသားများအား မုန်းတီးသောကြောင့် မဟုတ်ပေ။ ပုဂ္ဂိုလ်ရေးအရ သိုဟန်ဘွားတယောက်တည်းကိုသာ မုန်းတီးသောကြောင့် လုပ်ကြံလိုက်ခြင်းဖြစ်သည်။

အကယ်၍ ရှမ်းအမျိုးသားများအပေါ် မုန်းတီးသောကြောင့် လုပ်ကြံခဲ့သော် လက်ရုံးရည် နှလုံးရည်နှင့်ပြည့်စုံသော မင်းကြီးရန်နောင်ကိုယ်တိုင်လည်း ဘုရင်လုပ်ချင်လျှင် လုပ်နိုင်သည်။ သို့မဟုတ် မင်းညီမင်းသား တပါးပါးကို ထီးနန်းတင်ချင်လည်း တင်နိုင်သည်။ ယခုသော် ရှမ်းအမျိုးသားများအပေါ် ဗမာများက မမုန်းတီးကြောင်း ချစ်ခင်ကြောင်းပြလို၍ "ခွန်မှိုင်းကြီး"ကို ပင့်ခေါ်ဆောင်၍ အင်းဝထီးနန်း တင်မြှောက်သောရှမ်းဗမာချစ်ကြည်ရေးသာဓကကို ထင်ရှားအောင်ပြခဲ့ပြီးနောက် တလအရောက်တွင် သာသနာ့ဝန်ထမ်းရဟန်းအဖြစ်နှင့်မင်းကြီးရန်နောင်တောထွက်တော်မူလေသည်။

မင်းကြီးရန်နောင်. . . ။
ဉာဏ်ရောင်လှည့်စား၊
သိုဟန်ဘွားကို၊
ယိမ်းနွဲ့ပါးခေါ်၊
တိုက်တော်က ရွှေး၊
ဓါးစာကျွေး၍၊
လေးပါးပါယ်ခွင်၊
ရှမ်းမင်းဝင်သော်၊
ဘုရင်နရပတိ၊
နန်းကြီးကြေ့ရှင်၊
မင်း၏ကျိုးဆောင်၊
ချစ်ကြိုးနှောင်သည့်၊
အုန်းဘောင်စောဓိး၊
မင်းကြီးရန်နောင်၊

E-book is created by *shanyoma*

ပင့်ခေါ် ဆောင်၍
ရွှေတောင်မြခန်း၊
ရွှေဝနန်းကို၊
စံမြန်းနှစ်တိုင်း၊
ထုတ်ခွန်လှိုင်းသည်၊
ခွန်မှိုင်းခြောက်နှစ်စိုးတော့သည်. . .။

အုန်းဘောင်ခွန်မှိုင်းကြီး သီပေါတွင် သုံးနှစ်၊ အင်းဝတွင် သုံးနှစ် ထီးနန်းစံပြီး ၉၀၇–ခုနှစ် ကံကုန်သောကြောင့် ခွန်မှိုင်းခြောက်နှစ်စိုးတော့သည်ဟု ဖွဲ့ဆိုထားသည်။

အုန်းဘောင်ခွန်မှိုင်း အင်းဝတွင် ထီးနန်းစံမြန်းသောအခါ ရှမ်းပြည်တွင် ညီတော်–သားတော်များကို အုပ်ချုပ်ရန် ကိုယ်စားကိုယ်ဘွားထားခဲ့သည်ကစ၍ ရှမ်းဘာသာ''စောင်ဖ''မြန်မာဘာသာနှင့်နီးစပ်ရာအသံထွက်ဖြင့် ''စော်ဘွား''ဟု ခေါ် ပြောသုံးနှုန်းရေးကုံးပြုလာခဲ့သည်။

၉၈၇–ခုနှစ် အုန်းဘောင်ခွန်မှိုင်းကြီး ကံကုန်ပြီးနောက် ရှမ်းမင်းဆက်မဖြတ်ဘဲ ချစ်ကြည်ရေးမပျက် ခွန်မှိုင်းကြီး၏ သား မိုးဖြဲစား''သိုကော်ဘွား''(ဗမာ့ရာဇဝင်တွင် ခွန်မှိုင်းငယ်ဟုရေးသည်)ကို နတ်ရွာစံ အင်းဝဘုရင်ရွှေနန်းကြော့ရှင် နရပတိဘွဲ့ကို အပ်နှင်းပြီး ''မိုးဖြဲနရပတိ'' ဘွဲ့နှင့်အင်းဝထီးနန်းကို ရှမ်းအဆက် ဗမာတို့က ဆက်လက်တင်မြှောက်လေသည်။

မိုးဖြဲနရပတိသည် ပါရင်းစွဲ ရှမ်းမိဖုရားဒေဝီများနှင့်ရှမ်းမှူးမတ်များကို အရာမထား၍ အချို့ရှမ်းဒေဝီများ ရှမ်းမှူးမတ်များ ရှမ်းပြည်သို့ပြန်သွားကြကုန်သည်။

မယားကိုမဲ သားကိုဆဲ မိုးဖြဲနရပတိဟု ကဝိလက္ခဏာသတ်ပုံဆရာကပင် စာတင်ခဲ့သည်။

မိုးဖြဲနရပတိနှင့်စစ်ကိုင်းစား စည်သူကျော်ထင်တို့ မပြတ်မလတ်စစ်ထိုးကြရ၍ မိုးဖြဲနရပတိက ရှမ်းပြည်ရှိ စော်ဘွားများထံ စစ်ကူတောင်းရာ စော်ဘွားများကလည်း အသိအမှတ်မပြုဘဲ ဥပေက္ခာပြုလိုက်ကြသည်။

ကြာသော် စည်သူကျော်ထင်၏ လုပ်ရည်ကိုင်ရည်ကို မိုးဖြဲနရပတိမခံနိုင်၊ အရေးနိမ့်၍ ဟံသာဝတီသို့ တိမ်းရှောင်ခဲ့ပြီး ဘုရင့်နောင်ထံ ဝင်ရောက်ခိုလှုံလေသည်။ နရပတိမရှိသည့်နောက် စည်သူကျော်ထင် အင်းဝထီးနန်းတက်၍ မင်းလုပ်သည်။

၉၁၉–ခုနှစ်၊ ဟံသာဝတီဆင်ဖြူရှင်၊ ဘုရင့်နောင်နှင့်မိုးဖြဲနရပတိတို့ပူးပေါင်းပြီး အင်းဝကို တိုက်ခိုက်သိမ်းယူရာ စည်သူကျော်ထင် နန်းကျ၍ ဘုရင့်နောင်က ညီတော်''သတိုးစော''အားအင်းဝထီးနန်းကို လွှဲအပ်သောကြောင့် မိုးဖြဲနရပတိ မျောက်သစ်ကိုင်းလွတ်ဖြစ်ပြီး သီပေါသို့တက်ရောက်လာရာ သီပေါရှိ အဆွေအမျိုးများက လက်မခံသောကြောင့် မိုးနဲဘက်သို့ ထွက်ခွါသွားရလေသည်။

ထို့ကြောင့် ဗမာက ရှမ်းကိုချစ်၍ ရှမ်းက ရှမ်းကို မုန်းသည်ဟု ပုံထုံးပြု၍ ပြောကြသောစကားအစဉ်အလာ ရှိလာသည်။

★

E-book is created by *shanyoma*

## ညောင်ရွမ်းဆက်

၉၅၉–၉၆၇ ခု၊ ဟံသာဝတီဆင်ဖြူရှင် ဘုရင့်နောင်၏ သားတော်အငယ် မင်းရဲနန္ဒမိတ် (မင်းရဲရန္တမိတ်)အင်းဝကို အသစ်တည်ထောင်စံနေသည်။ မင်းသားဘဝက ညောင်ရမ်းမြို့ကို စားရသောကြောင့် ညောင်ရမ်းမင်းတရားဟု တွင်သည်။

ဤမင်းလက်ထက် မိုးနဲစော်ဘွားကြီး၏ သမီးတော် မြင်စိုင်းကတော်ကို မိဖုရားမြှောက်ရာ သားတော်“ဝရသူ”နှင့်သမီးတော်“ခင်မျိုးမြတ်”ကို မြင်သည်။

၉၆၇–၉၉၀ ခု၊ ညောင်ရမ်းမင်းတရား၏ တောင်နန်းတော်မှမြင်သည်။ သားတော်အကြီးဖြစ်သော “အနောက်ဘက်လွန်မင်းတရား”သည် ညောင်ရမ်းမင်းတရားနှင့်မိုးနဲစော်ဘွားသမီးတော်မြင်စိုင်းကတော်မှ မြင်သော သမီးတော်“ခင်မျိုးမြတ်”ကို မိဖုရားမြှောက်သည်။

၉၉၁–၁၀၁၁ ခု၊ အနောက်ဘက်လွန်မင်းတရား၏ ညီတော် သာလွန်မင်းတရားသည် မိုးနဲစော်ဘွားသမီးတော်“ခင်သက်နှင်း”ကို မိဖုရားမြှောက်ရာတွင်. . .

၁။ မင်းရဲနရပတိသီဟ၊ ၂။ သခင်ဖြူ၊ ၃။ ခင်ပန်းဖြူ၊ ၄။ ရွှေဆင်းတု၊ သားတော် ၂–ပါးနှင့်သမီးတော် ၂–ပါး မြင်သည်။

ရွှေဆင်းတုသည် အမျိုးသမီးစာဆိုတော်တွင် တဦးအပါအဝင်ဖြစ်သည်။ ခမည်းတော် သာလွန်မင်းတရားက ရွှေဆင်းတုကို နောင်တော် အနောက်ဖက်လွန်မင်းတရားနှင့်ခင်မျိုးမြတ်တို့မှ မြင်သော တူတော်အရင်း မင်းရဲအောင်တင်နှင့်စုံဖက်တော်မူသည်။

မင်းရဲအောင်တင်ကား ဘိန်းဘင်အရက်ကြူးလွန်၍ အနိစ္စရောက်ရာ အပြင် ၃၇–မင်းနတ်တွင် (၃၀)မင်းရဲအောင်တင်နတ်ခေါ်သည်။

၁၀၁၁–၁၀၂၃ ခု၊ သာလွန်မင်းတရားကြီး၏ သားတော်ကြီး ပင်းတလဲမင်းလက်ထက် သီပေါစော်ဘွားသမီးတော်“နှင်းသုဒ္ဓါ”ကို အနောက်နန်းမတော်အရာထား၍ မိဖုရားမြှောက်သည်။

★

## ကုန်းဘောင်ဆက်

၁၁၂၅–၃၈ ခု၊ အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင်လက်ထက် သီပေါစော်ဘွားသမီးတော်ကို ပဒုမ္မဝတီဘွဲ့နှင့်မိဖုရားမြှောက်သည်။

၁။ သမီးတော်ရှင်အမိ၊ ၂။ သားတော်မောင်အောင်တင်၊ ၃။ သားတော် မောင်ကော်နီ၊ ၄။ သမီးတော်ငယ်ကလွန်တပါး မြင်သည်။

၁၁၄၃–၈၁ ခု၊ အလောင်းမင်းတရားကြီး၏ စတုတ္ထသားတော်၊ ငယ်မည် မောင်ဝိုင်း၊ မင်းဖြစ် ပဒုံမင်းခေါ် ဘိုးတော်ဘုရား မိုးမိတ်စော်ဘွားသမီးတော်ကို “သီရိမြတ်မဟေ”ဘွဲ့နှင်းမိဖုရားမြှောက်သည်။

၁။ သားတော်မင်းရဲရွှေတောင်၊ ၂။ သမီးတော်သီရိသုရတနာစန္ဒာဒေဝီခေါ် “မင်းပတ္တ

မြား''၊ ၃။ သမီးတော်သီရိရတနာမာလာခေါ် ''ရွှေပချုပ်''၊ ၄။ သမီးတော် သီရိသီလဒေဝီခေါ် ''မင်းရွှေမှုတ်''၊ ၅။ သမီးတော်သီရိမာလာဝတီခေါ် ''ကြည့်ပ်မင်းသမီး၊ မင်းရွှေရုပ်''၊ ၆။ သားတော်သီရိသုရတနာခေါ်''မောင်နေထွန်း''၊ ၇။ သားတော် မောင်နေဝန်း၊ ၈။သမီးတော်သီရိသုရတနာခေါ်''မင်းရွှေလုပ်''၊ ၉။ သမီးတော်ငယ်ကလွန်တပါး သားတော် ၃–ပါး၊ သမီးတော် ၆–ပါးမြင်သည်။

ဘိုးတော်ဘုရား၏ ကိုယ်လုပ်တော် မိုးမိတ်စော်ဘွား၏ သမီးတော်သီရိဝဏ္ဏမာလာမှ ၁။ သီရိဓမ္မဝတီခေါ် သမီးတော်''ရှင်ကသဲ''၊ ၂။ သားတော်မင်းရဲစည်သူခေါ်''မောင်မုန်တိုင်း''တို့ကို မြင်သည်။

သီပေါစော်ဘွားသမီးတော်မြတ်လှမဟေမှ ၁။ သားတော်သတိုးမင်းလှငယ်ကို မြင်သည်။

ကိုယ်လုပ်တော် ''မိုင်းတိန်''စော်ဘွားသမီးတော်သီရိသုပဒုမ္မာမှ ငယ်ကလွန်သားတော် ၂–ပါး သမီးတော် တပါးမြင်သည်။

ပြည်ထောင်စုခေတ် ရှမ်းပြည်အရှေ့ပိုင်း ဟိုပန်ခရိုင် ကို့ကန့်မြို့နယ်သည် မြန်မာဘုရင်လက်ထက်က ''မိုင်းတိန်''ဟုခေါ်သည်။ ''တိုင်းနေ''ခေါ် ရှမ်းတရုပ်၊ သို့မဟုတ် အထက်ရှမ်းကြီးခေါ် ''မော''ရှမ်းတို့မြို့နယ်ဖြစ်ရာ ယူနံနယ်နှင့်နယ်ချင်းစပ်လျက်ရှိပါသည်။

သီပေါစော်ဘွားခွန်မြတ်သန္ဓေ၏ သမီးတော်''သီရိအင်ဆုံ''မှ သားတော်ထိပ်တင်ပဲကို မြင်သည်။

ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်းကြီးက သီပေါစော်ဘွားခွန်မြတ်သန္ဓေ၏ သမီးတော် ''နှင်းမွှေးခမ်း''ကို မိဖုရားမြှောက်ရာ သားတော် ၁။ မင်းမြဘူးနှင့်၊ ၂။ မင်းမြမွှေးတို့ကို မြင်သည်။

၁၁၈၁–၉၉ ခု၊ ဘိုးတော်ဘုရား၏ မြေးတော် အိမ်ရှေ့မင်းသားကြီး၏ သားတော် စစ်ကိုင်းမင်းသားခေါ် ဖလ်နန်းရှင် သို့မဟုတ် ဘကြီးတော်ဘုရားလက်ထက် အိမ်ရှေ့မင်းကြီးနှင့်သီပေါစော်ဘွားသမီးတော် နှင်းမွှေးခမ်းတို့မှမြင်သော သားတော်ကြီးမင်းမြဘူးကို စလင်းမင်းသားကြီးမောင်အို၏ သမီးနှင့်လက်ဆက်တော်မူသည်။

၁၁၉၉–၁၂၁၄ ခု၊ ကုန်းဘောင်မင်း ‘ဤမင်းကို ရွှေဘိုမင်း’ဟုလည်းခေါ်သည်။ ဘကြီးတော်ဘုရား၏ ညီတော်ဖြစ်သည်။ ၎င်းမင်းလက်ထက် သီပေါစော်ဘွား''ခွန်တော်''၏ သမီးတော် ''နန်းဆိုင်ကေသာ''ကိုကောက်ယူ၍ မိဖုရားငယ်နေရာတွင် ထားသည်။

၎င်းမင်းလက်ထက် ခမည်းတော် အိမ်ရှေ့မင်းကြီးနှင့်သီပေါစော်ဘွားသမီးတော်''နှင်းမွှေးခမ်း''တို့မှမြင်သော သားတော်အငယ်''မင်းမြမွှေး''ကို စကြာဝန်ကြီး၏ သမီးနှင့်စုံဖက်တော်မူပြီး''သီရိသုဓမ္မာရာဇာ''ဘွဲ့နှင့်မိုးနဲဗိုလ်မှူးမင်းသားကြီး ခန့်ထားသည်။

သီရိသုဓမ္မာရာဇာ မိုးနဲဗိုလ်မှူးမင်းသားကြီး မင်းမြမွှေးနှင့်စကြာဝန်ကြီး၏ သမီးတော်တို့မှ လောင်းရှည်မြို့စား သမီးတော်တပါးကို မြင်သည်။

E-book is created by shanyoma

၁၂၁၄-၄၀ ခု၊ ကုန်းဘောင်မင်း သို့မဟုတ် ရွှေဘိုမင်း၏ သားတော် မင်းတုန်းမင်းလက်ထက် ခမည်းတော် ကုန်းဘောင်မင်း၏ မိဖုရားငယ် သီပေါစော်ဘွား၏ သမီးတော် "နန်းဆိုင်ကေသာ"ကို မိဖုရားငယ် လက်ဆက်တင်မြှောက်သည့်အပြင် မိုးနဲ-ညောင်ရွှေ-လဲချား-သိန္နီ-သီပေါစော်ဘွားများ၏ သမီးတော်များကို ကောက်ယူ၍ အဆောင်ရမိဖုရားများအရာ၌ ထားလေသည်။

၎င်းပြင် မင်းတုန်းမင်းသည် သီရိသုဓမ္မာရာဇာ မိုးနဲဗိုလ်မှူးမင်းသားကြီးနှင့်စကြာဝန်ကြီး၏ သမီးမှမြင်သော လောင်းရှည်မြို့စားကို မိဖုရားမြှောက်ရာ. . .

၁။ သမီးတော် ချွန်းတောင်းမြို့စား။

၂။ သမီးတော် မိုင်းကိုင်မြို့စား။

၃။ သမီးတော် ပုခန်းကြီးစုဖုရား။

၄။ သားတော် ငယ်မည် မောင်ရေစက်ခေါ် သီပေါမင်း။

၅။ သမီးတော် မိတ္ထီလာစုဖုရား။

သားတော်တပါးနှင့်သမီးလေးပါးကို မြင်လေသည်။ ဤသို့လျှင် ရာဇဝင်အစဉ်အဆက် ဘေး-ဘိုး-ဘီ-လက်ထက် ရှမ်းဗမာချစ်ကြည်စွာ သွေးဆက်ခဲ့ကြသောကြောင့် (ရှမ်းစစ်လျှင် ဗမာ ဗမာစစ်လျှင် ရှမ်း)ဟု ရှင်ကြီးရဟန်းကြီး ရှမ်းကြီး ဗမာကြီးတို့ ဥဒါန်းကြူးခဲ့ကြပေသတည်း။

★

E-book is created by *shanyoma*

## နေဝင်ဘုရင်

၉၂၉-ခုနှစ်၊ ဟံသာဝတီ ဆင်ဖြူရှင်ဘွဲ့ခံ ဘုရင့်နောင်လက်ထက် ယိုးဒယား၊ ဇင်းမယ်၊ လင်းဇင်းတိုင်းများသို့ အောင်နိုင်တော်မူသောအခါကစ၍ "မောမင်း"စော်ဘွား၊ မြို့စား၊ နယ်စားများတို့သည် မြန်မာဘုရင်၏ လက်အောက် ရောက်ရှိကြပြီး မြန်မာဘုရင်၏ ထီးရံနန်းရံအဖြစ် သတ်မှတ်၍ "နေဝင်ဘုရင်"ဟု ခေါ်တွင်ခဲ့လေသည်။

ထီးရံနန်းရံ နေဝင်ဘုရင်ဖြစ်သောစော်ဘွားတို့သည် တနှစ်တကြိမ်ကျ မြန်မာဘုရင်ရှေ့တော်မှောက် ဝင်ရောက်၍ သမီးကညာ ရတနာ, ဆင်, မြင်းမှစ၍ ရွှေပန်းခိုင် ငွေပန်းခိုင် ကန်တော့လက်ဆောင်များနှင့်ကန်တော့ကြရသည်။

အရှေ့ပိုင်းရှမ်းပြည် ကျိုင်းတုံနယ်မှာ ခရီးဝေးကွာလှ၍ သုံးနှစ်တကြိမ်သာ ဝင်ရောက်ခစား ကန်တော့ရသည်။

ဤသို့ထီးရံနန်းရံ နေဝင်ဘုရင်စော်ဘွားများ၊ နေထွက်ဘုရင်မြန်မာမင်းများ ရှေ့တော်မှောက် ဝင်ရောက်ခစား၍ ကန်တော့လက်ဆောင် ပဏ္ဏာတော်များ ဆက်သကြရသည်မှာ မြန်မာဘုရင်သစ္စာတော်ကို ခံယူကြောင်း အသိအမှတ်ပြုသောသဘောနှင့်ဝင်ရောက်ခစားကန်တော့စေသည်။

မြန်မာဘုရင်များက ထည်မျိုး၊ အုပ်မျိုးနှင့်ရတနာအမျိုးမျိုး စီခြယ်ထားသော လက်စွပ်၊ လက်ကောက်၊ နားဋ္ဌောင်းမှစ၍ သဘော်ာပါ စားကောင်းသောက်ဖွယ်များကိုပါ ကန်တော့ဆုအဖြစ် ပြန်လည်သနားတော်မူသည့်အပြင် ဘွဲ့နာမံတော်များကိုလည်း ချီးမြှင့်မြှောက်စားတော်မူသည်။

သိန္နီစော်ဘွားကို "သီရိရဋ္ဌမဟာဝံသရာဇာ"။

သောင်သွပ်စော်ဘွားကို "မဟာမောရိယဝံသ ပဝရသုဓမ္မာရာဇာ"။

မိုးနဲစော်ဘွားကို "ကမ္ဘောဇရဋ္ဌ မဟာဝံသ ပဝရ သုဓမ္မရာဇာ"။

ကျိုင်းတုံစော်ဘွား၊ ညောင်ရွှေစော်ဘွား၊ သီပေါစော်ဘွားတို့ကို "ကမ္ဘောဇရဋ္ဌ သီရိပဝရ မဟာဝံသ သုဓမ္မရာဇာ"။

ဘွဲ့တော်များကို ရတနာပုံမြို့တည် နန်းတည် ပဌမသင်္ဂါယနာတင် မင်းတုန်းဘုရင်လက်ထက်တော်တွင် ချီးမြှောက်တော်မူသည်။

★

## ငွေတော်များ ကူညီခြင်း

မင်းတုန်းဘုရင်လက်ထက် အောက်ဗမာပြည်ကို နယ်ချဲ့အင်္ဂလိပ်အစိုးရက သိမ်းယူသွား၍ မြန်မာဘုရင်အင်အားနည်းပါးချိန် သီပေါစော်ဘွား၊ ညောင်ရွှေစော်ဘွား၊ သိန္နီစော်ဘွားတို့က ရှေ့ဆောင်ရှေ့ရွက်ပြုလုပ်ကာ ရှမ်းနှင့်ဗမာ ဆွေမျိုးရင်းချာဖြစ်ကြ၍ ငွေဘော်များကူညီထောက်ပံ့ရန် သင့်သည်ဟု စော်ဘွား၊ မြို့စားငွေခွန်တော်မှူးတို့အား ဟောပြောညှိနှိုင်းကောက်ခံပြီး ၁၂၃၂ ခုနှစ်မှစ၍ သီပေါမင်းလက်ထက်အထိ နှစ်စဉ်ငွေတော် (၆၀၀,၀၀၀)ခြောက်သိန်း၊ အချို့မှတ်တမ်းများတွင် (၆,၀၀၀,၀၀၀)ခြောက်သန်းကျ ကောက်ခံကူညီ ထောက်ပံ့ခဲ့သည်။ ယင်းသို့ ငွေတော်ကောက်ခံကူညီထောက်ပံ့သည်ကို အစွဲပြု၍ ရှမ်းပြည်တွင် 'သဿမေဓ"ငွေတော်ဟု ဖြစ်ပေါ်လာသည်။

ရှမ်းပြည်နှင့်ဗမာပြည် တင်သွင်းသယ်ယူရောင်းချကြသော ထွက်ကုန်ဝင်ကုန်များအပေါ် အခွန်တော်ငွေ ကောက်ခံပြီး တလ(၆၀,၀၀၀)ခြောက်သောင်းကျပ် ကောက်ခံကူညီပေးကြသည်။

ကျိုင်းတုံနယ်မှာ နိုင်ငံခြားတိုင်းတပါးများနှင့်နယ်ချင်းဆက်စပ်နေသောကြောင့် ငွေတော်ထောက်ပံ့ကူညီခြင်း မပြုရဘဲ အရေးအခင်းရှိမှသာ လူသူလက်နက် စားရေရိက္ခာ ကူညီထောက်ပံ့ရသည်။

## သီပေါမင်းပါပြီ

၁၂၄၇–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈–ရက်၊ အသက်အရွယ် ၂၆–နှစ်မျှသာရှိသေးပြီး ငယ်မူငယ်သွေးမှ မပျောက်ရှာကြသေးသော ရှမ်းဗမာတို့အရှင် သီပေါမင်းနှင့်အရှင်ထိပ်

E-book is created by shanyoma

စုမြတ်ဖျားတို့အား ခေတ္တစာချုပ်ရှိ လိုက်တော်မူပါဘုရားဟု လိမ်လည်လှည့်ဖျားပြီး ဗြိတိသျှအစိုးရစစ်ဗိုလ်စစ်သားများက ကြက်ကလေး ငှက်ကလေးများကို ဖမ်းယူသွားသလို အရှင်နှစ်ပါးတို့အား ဖမ်းယူသွားလေသည်။

အင်္ဂလိပ်စစ်ဗိုလ်၊ စစ်သား၊ စစ်ပါရီများခြံရံပြီး အရှင်နှစ်ပါး မဟာမြတ်မုနိဘုရားကြီးအား နောက်ဆုံးကြည်ညိုခြင်းအဖြစ် ဝင်ရောက်ဖူးမျှော်တော်မူလိမ့်မည်ဟု သတင်းအရသော်၎င်း၊ သို့မဟုတ် အထင်နှင့်သော်၎င်း၊ အရှင်နှစ်ပါးဘုရားဖူးကြွလာလျှင် အင်္ဂလိပ်စစ်ဗိုလ်စစ်သားတွေ ခေါင်းနှင့်ကိုယ် တခြားစီဖြစ်အောင် နင်းခုတ်ပြီး အရှင်နှစ်ပါးကို အတင်းလုယူမယ်ဟေ့ဆိုတဲ့စိတ်ထားဖြင့် ညောင်ရွှေစော်ဘွားနှင့်ရှမ်းရဲမက်ရဲဘော်များက ဓါးရောင်တလက်လက်ဖြင့် ဘုရားကြီးတန်ဆောင်းအတွင်းမှ လျှို့ဝှက်စွာ စောင့်နေကြသည်။

အင်္ဂလိပ်စစ်ဗိုလ်များက အရှင်နှစ်ပါးအား ဘုရားကြီးကို ဝင်ရောက်ဖူးမျှော်ခွင့်မပြုဘဲ မြို့တောင်မင်္ဂလာတံခါးမှ ဂေါဝိန်မြစ်ဆိပ်အထိ (ယခုဘီလမ်းခေါ် သော)လမ်းတလျှောက် ဂေါ် ယာစစ်သားများ ဝဲယာအစောင့်အကြပ်ကြီးစွာထားပြီး သီပေါဘုရင်နှင့်မိဖုရား သမီးတော် ၂–ပါး၊ မယ်တော်ဆင်ဖြူရှင်မိဖုရားကြီးတို့အား နွား ၂–ကောင်ကသော တရုပ်ကပ် ဘီရိုလှည်းနှစ်စီးဖြင့် အင်္ဂလိပ်စစ်ဗိုလ်များ ခြံရံယူဆောင်သွားသောကြောင့် ညောင်ရွှေစော်ဘွားနှင့်ရှမ်းရဲမက်များ၏ ထက်မြက်ပြောင်လက်လှသော ဓါးသွား၊ အင်္ဂလိပ်စစ်ဗိုလ်စစ်သားများရဲ့အသွေးအသားကို မစားမသောက်လိုက်ကြရတော့ပေ။

သိမ်တန်ဆောင်၊ ဘုန်းတော်ရှောင်၍၊ ကုန်းဘောင်နေမီး၊ မထိန်ညီးဘဲ၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရခြေ၊ တို့တတွေသည်. . . သေသော်မှတည့် – ဩော် – ကောင်း၏။

ငါတို့အရှင် ငါတို့ဘုရင် မရှိလျှင် ငါတို့အသက်ရှင်နေသော်လဲ လူသေနဲ့မခြား၊ ကုလားဖြူဘဝါးအောက်၊ ကျွန်သဘောက်ဖြစ်ရမဲ့အတူတူ၊ ကုလားဖြူကို ခုခံတိုက်ခိုက်ရင်း၊ အသက်သေချင်သေပေစေဟု ရှမ်းတပ်ကြီးဖွဲ့ထားသော စကားစော်ဘွား''စောခွန်စွန့်–စောခွန်နွံ့''ညီနောင်နှစ်ပါးနှင့်ရပ်စောက်စော်ဘွား(ဂျပန်ခေတ်က မှတ်တမ်းများ ပျောက်ဆုံးသွား၍ နာမည်အမှတ်မရတော့ပါ)တို့က ၁၂၄၉–ခုနှစ်၊ တပေါင်းလတွင် စော်ဘွား၊ မြို့စား ငွေခွန်တော်မှူးတို့အား သစ္စာတော်ရည်တိုက်ရန် ချီတက်လာသောအင်္ဂလိပ်စစ်တပ်ကို ခုခံတိုက်ခိုက်ရင်း တိုက်ပွဲတွင် ကျဆုံးခဲ့သည်။

ထို့အတူ သူ့ကျွန်မခံလိုသော တောင်ပိုင်းနယ် ပလောင်စော်ဘွား ခွန်ခမ်းမိန်းနှင့်ဝန်းသိုစော်ဘွားဦးအောင်မြတ် အာဇာနည်စော်ဘွားတို့၏ ဓါးသွားများကလည်း အင်္ဂလိပ်စစ်ဗိုလ်စစ်သားများ၏ သွေးသားအမြောက်အများကို စားသောက်ပြီးနောက်မှ ယူနံနယ်အရောက် ထွက်ခွါသွားခဲ့ကြသည်။

ဓါးရောင်တလက်လက် လှံရောင်တဖွေးဖွေး အဆိပ်သွေးလူးထားသော မြှားလက်နက်

E-book is created by *shanyoma*

အပြည့်အစုံနှင့်ရှမ်းတပ်ကြီးဖွဲ့စည်းထားပြီး ကုလားဖြူတွေ လာဝံ့လာစမ်းပါစေ၊ သိန္နီရှမ်းအကြောင်း ကောင်းကောင်းကြီး သိသွားစေ့မဟော့ဟု စော်ဘွားကြီး"စဝ်ခွန်ဆန်တုန်ဟုံး"ကလည်း ကြိမ်းပကာ အသင့်စောင့်ကြို၍နေသည်။

သိန္နီစော်ဘွားကြီးနှင့်မသင့်သော ဖေါက်ပြန်ရေးသမားစော်ဘွားတဦးက သိန္နီစော်ဘွားကြီး စွမ်းပကားသတ္တိရှိပုံနှင့်ကာယသိဒ္ဓိပီးမြောက်ပုံများ သေနတ်ကျည်ဆံတွေ ပစ်ချင်တိုင်း ပစ်၊ ဖောက်ချင်တိုင်း ဖောက်၊ သူတို့အနား မရောက်နိုင်အောင် ကျည်ဆံလွဲ အဝတ်အစားတွေကို ရှမ်းတပ်သားတွေ ဝတ်ထားကြောင်း အင်္ဂလိပ်စစ်တပ် ချီတက်စေနိုင်တဲ့လမ်းမှန်သမျှ တောင်ထိပ်၊ တောင်ထွတ်၊ တောင်စွန်း၊ တောင်ကမ္ဘားတွေမှာ ကျောက်တုံး၊ ကျောက်တက်၊ ကျောက်မောင်းကြီးတွေ အသင့်ဆင်ထားကြောင်း၊ အင်္ဂလိပစစ်တပ်ချီတက်လာရင် ကျောက်တုံးကြီးတွေ လှိမ့်ချသတ်ဖြတ်လိမ့်မည့်အကြောင်း၊ ရှမ်းသစ္စာဖောက်တို့က အင်္ဂလိပ်စစ်တပ်တွင် ဝင်ရောက်ဒူးထောက်သတင်းပေးသောကြောင့် အင်္ဂလိပ်စစ်တပ် သိန္နီဘက်သို့ မချီတက်တော့ပဲ ညောင်ရွှေနယ် မိုင်းသောက်အရောက် တပ်ပြန်ခေါက်ခဲ့သည်။

ထိုအချိန်က အင်္ဂလိပ်လက်နက်များသည် ယခုခေတ်လောက် မကောင်းသေးပေ။ အကယ်၍ အင်္ဂလိပ်စစ်တပ် သိန္နီဘက်ချီတက်သွားသော် ကုလားဖြူတွေ ခေါင်းပြတ်ပြီး အလောင်းချင်းထပ်နေမည်ကား မလွဲပါချေ။

★

## နွားကွဲ အမဲသားဖြစ်

ရှေးထုံးပုံပြင် စကားတွင်ကား နွားလျှင်ကွဲပြား၊ အမဲသားဟု၊ ပြောကြားအစဉ်၊ မော်ကွန်းတင်သည် မောခွင့်မလေ့၊ ဝိုးဖတ်ကံ–ပြင်နေ့။

ဝိုး=နွား၊ ဖတ်ကံ=ကွဲယင်၊ ပြင်နေ့=အမဲသားဖြစ်။ ရှမ်းစကားပုံပြင် ရှေးအစဉ်အလာပြောကြားခဲ့သည့်အတိုင်း သိန္နီစော်ဘွားနှင့်သွေးကွဲသော သစ္စာဖေါက်များကြောင့် ညောင်ရွှေနယ် မိုင်းသောက်သို့ တပ်ပြန်ခေါက်ခဲ့သော. . .

Col Sladden ကာနယ်စလေဒင်။

Sir Arthur Phayre ဆာအာသာဖယ်ယာ။

Sir Arthur White ဆာအာသာဝှိုက်။

Mr. Birzet မစ္စတာဘားဇက်။

အစရှိသော စစ်ဗိုလ်များရှေ့အရောက် နယ်ရှင်များလာရောက်ခါ ဒူးထောက်သစ္စာရည်သောက်ကြရပြီး ဗြိတိသျှအလံတော်အောက် ဝင်ရောက်ခဲ့သည်မှစ၍ "ဝိုး–ဖတ်ကံ–ပြင်နေ့=နွားကွဲ–အမဲသားဖြစ် ရှမ်းစကားပုံပြင်"အစဉ်အလာအတိုင်း ရှမ်းနယ်ရှင်များ အမဲသားဖြစ်ရပုံမှာ။

ခရစ်သက္ကရာဇ် ၁၈၈၉–ခုနှစ်၊ ရှမ်းပြည်လက်စွဲဥပဒေနှင့်စော်ဘွား၊ မြို့စား၊ ငွေခွန်မှူးတို့

E-book is created by shanyoma

အား (Sanad) ဆာနဒ်ခေါ် အမိန့်ဖြင့် (Shan Chief) ရှမ်းအကြီးအကဲအဖြစ် လက်ဖတင်နင်ဂါဝါ နာက အသိအမှတ်ပြု ခန့်ထားလေသည်။

★

**အလိမ်ခံရသော စော်ဘွားကြီး**

မောမင်း သို့မဟုတ် နေဝင်ဘုရင်ခေါ် အာဏာရှင်သက်ဦးဆံပိုင်များဖြစ်ခဲ့ကြသော(စဝ် ဖ)စော်ဘွား မိုးကျရွှေကိုယ်များသည် အင်္ဂလိပ်လက်အောက်ရောက်မှ ရှမ်းအကြီးအကဲဖြစ်ရပြီး စော်ဘွာများ၏ အခွင့်အရေး လွန်စွာနိမ့်ကျနေသည်ကို မခံနိုင်သောသီပေါစော်ဘွားကြီး"စော ခွန်ဆိုင်"သည် ဂါဝါနာနှင့်အရေးဆိုရန် နောက်ပါအခြွေအရံများနှင့်ရန်ကုန်သို့ ဆင်းလာပြီး–

"ခင်ဗျားတို့ အင်္ဂလိပ်တွေ ကျုပ်တို့စော်ဘွားတွေကို သစ္စာရည်တိုက်စဉ်ကတမျိုး ပြော ပြီး အခုဥပဒေထုတ်တာက တမျိုးဖြစ်နေတယ်၊ ကတိမတည်ဘူး"

"ဘိလပ်ဘုရင်မကြီး အမိန့်ကိုလိုက်နာပြီး ကျွန်ုပ်တို့ဥပဒေထုတ်ရတာပါ။ စော်ဘွားတွေ အပေါ်မှာ ကိုယ်ချင်းစာတရားနဲ့ကျွန်ုပ်တို့ အများကြီးမေတ္တာထားပါတယ်"

"စော်ဘွားကြီး မကျေနပ်တာကို ဘိလပ်ဘုရင်မကြီးနဲ့တွေ့ဆုံပြောဆိုယင် ပြီးနိုင်ပါတယ်၊ ဘုရင်မကြီးကလဲ အခုလို ဩဇာအာဏာရှိတဲ့စော်ဘွားကြီးတွေကို တွေ့လိုမြင်လို ဆွေးနွေးလိုပါ တယ်။ စော်ဘွားကြီး ဘိလပ်သွားဘို့ရာ စီစဉ်ပေးပါမယ်"

"ဘုရင်မကြီးနဲ့တွေ့ဆုံပြီး ပြောဆိုတာဟာ အကောင်းဆုံးပါဘဲ။ စော်ဘွားကြီး သွားဖြစ် အောင်သွားပါ၊ ကျွန်ုပ်တို့ သင်္ဘောနှင့်ပို့ပေးပါမယ်"

အင်္ဂလိပ်စာနှင့်အင်္ဂလိပ်စကား မတတ်သော စော်ဘွားကြီးအား ဘိလပ်သို့ မသွားချင် သွားချင်အောင် လိမ်လည်လှည့်ဖျားပြောဆိုကာ အတင်းပို့ပေးသည်။ စော်ဘွားကြီးကား မသိရှာ ပေ။ "ပထမအလိမ်ခံရလေပြီ"။

စော်ဘွားကြီးကလည်း မြန်မာဘုရင်ရှိစဉ်အခါက မြန်မာဘုရင်အမိန့်ထုတ်ပြန်လိုက်လျှင် အားလုံးပျပ်ဝပ်ကျိုးနွံစွာ လိုက်နာရသည်။ ဘုရင်ပြီးလျှင် အားလုံးက ပြီးရသည်။ အင်္ဂလိပ်အစိုး ရသည် ဤနည်းအတိုင်းပင် ဖြစ်မည်။ ဘုရင်မကြီးပြီးလျှင် ပြီးမှာဘဲအထင်နှင့် ဘိလပ်သို့သွား ရောက်ရန် သဘောတူ၍ ဂါဝါနာက သင်္ဘောနှင့်ပို့ပေးသည်။

ရှမ်းနယ်တွင် ဩဇာကြီးသော သီပေါစော်ဘွားကြီး ဘိလပ်သို့လာရောက် အရေးဆိုလိမ့် မည့်အကြောင်းကို ဂါဝါနာထံမှ သတင်းရသော ဘုရင်မကြီးသည် ရာဇပရိယာယ်ကြွယ်လှသည်အ တိုင်း စော်ဘွားကြီးအား ထည်ဝါခန့်ညားစွာ ကြိုဆို၍ ရှမ်းပြည်တွင် တကြိမ်တခါမျှ မမြင်ဘူး မ တွေ့ဘူးသော အမြင်ထူး အတွေ့ထူးများနှင့်ဧည့်ခံပြုစုကျွေးမွေးခြင်းမှစ၍ အင်္ဂလိပ်လူမျိုးများ အပေါ် ချစ်ခင်ကြည်ညိုလေးစားစွာ ယုံကြည်ညွတ်နူးလာအောင် စိတ္တဗေဒနည်းအမျိုးမျိုးနှင့် ဖြေဖျော်ဆွဲဆောင်ပြီးနောက်မှ ဘုရင်မကြီးနှင့်တွေ့ဆုံပေးသည်။

E-book is created by *shanyoma*

ဘုရင်မကြီးနှင့်တွေ့ဆုံအရေးဆိုရာတွင် ဘုရင်မကြီးက သင့်တော်သလိုပြောသည်ကို အင်္ဂလိပ်စကားမတတ်သောစော်ဘွားကြီးအား စကားပြန်က လိမ်ပြီး ရှမ်းစော်ဘွားများနှင့်မဟာမိတ်အဖြစ် ဆက်ဆံပါတယ်လို့ ဘုရင်မကြီးက အမိန့်ရှိပါတယ်။

စော်ဘွားကြီး အခုလာရောက် တွေ့ဆုံဆွေးနွေးတာကိုလဲ ဘုရင်မကြီးက အင်မတန်ကျေးဇူးတင်ဝမ်းမြောက်ပြီး "အိန္ဒိယသဟာယ"ဘွဲ့ခေါ် C.I.E ဘွဲ့တံဆိပ်တော်ကိုလဲ ချီးမြှင့်ပါတယ်လို့ ဘုရင်မကြီးက အမိန့်ရှိပါတယ်။

ချီးမြှင့်တဲ့ C.I.E ဘွဲ့တံဆိပ်တော်ကြီးကိုလဲ ဘုရင်မကြီးကိုယ်တိုင် ချီးမြှင့်ဆင်မြန်းပေးပါမယ်ဟု လိမ်လည်လှည့်စားပြောဆိုကာ ဘုရင်မကြီးကိုယ်တိုင် ဆင်မြန်းပေးလိုက်သည်။ "ဒုတိယအလိမ်ခံရသည်"ကိုလည်း စော်ဘွားကြီးကား မသိပေ။

ဗမာဘုရင်ရှေ့တော် ဝင်ရောက်ခစားခဲ့စဉ်အခါက ပုဆစ်ဒူးတုပ် လက်အုပ်ချီမျက်နှာအောက်ချ ခစားခဲ့ရသည်။ ယခု အင်္ဂလိပ်ဘုရင်မကြီးရှေ့ ဝင်ရောက်ခစားအရေးဆိုသောအခါ ကုလားထိုင်နှင့်ထိုင်ပြီး မျက်နှာချင်းဆိုင်၍ ပြောဆိုရသည်။ ဘွဲ့တံဆိပ်တော်ကြီးကိုလည်း ဘုရင်မကြီးကိုယ်တိုင် ဆင်မြန်းပေးသည်ဟု ဝမ်းသာ၍မဆုံး တပြုံးပြုံးနှင့်ပြန်ခဲ့သည်။

စော်ဘွားကြီး ဘိလပ်သွားနေခိုက် ရှမ်းပြည်လက်စွဲဥပဒေကို ဂါဝါနာက ၎င်းတို့အလိုရှိသလို ပြင်ဆင်ဖြည့်စွက်အတည်ပြုလိုက်လေသည်။

C.I.E ဘွဲ့ကို ဆင်မြန်းခဲ့ရသော ဘိလပ်ပြန်စော်ဘွားကြီးအား သီပေါနယ်သူ နယ်သားများက အိုးစည်ဗုံမောင်များတီးကာ အားရဝမ်းသာစွာနှင့် ကြိုဆိုကြသည်။

စော်ဘွားကြီး သီပေါပြန်ရောက်ရှိပြီးနောက် ရှမ်းပြည်လက်စွဲဥပဒေကို သေချာစွာ ဖတ်ကြည့်လေ့လာသောအခါ ထင်ကြေးနှင့်ပါစင်အောင် ဝေးနေပြီး စော်ဘွားကြီးများ၊ စော်ဘွားကလေးတွေဖြစ်၊ စော်ဘွားကလေးများကျတော့ ရှမ်းကလေးတွေပြန်ဖြစ်တဲ့ ဘဝမျိုးရောက်နေတဲ့ဥပဒေအပေါက်ဆိုးစာအုပ်ကို ဆွဲဆုတ်ကိုင်ပေါက်ပစ်လိုက်လေ၏။

ဂါဝါနာနှင့်တမန်အရေးဆိုရန် သားတော်များဖြစ်သော စောအို–စောလီ–စောချယ်တို့နှင့်အတူ ၁၈၉၅–ခုနှစ် ရန်ကုန်သို့ ဆင်းလာပြီး အရေးဆိုပြန်ရာ. . .

စော်ဘွားကြီးတဦးတယောက်တည်းအတွက်နဲ့လဲ မပြီးသေးပါဘူး၊ အခြားစော်ဘွား၊ မြို့စား ငွေခွန်တော်များလဲ ရှိပါသေးတယ်. . .

ရှမ်းပြည်နယ်အစစငြိမ်ဝပ်ပိပြားတဲ့အခါမှာ မင်းစုံပွဲပြုလုပ်တဲ့အခါကျမှ စော်ဘွား–မြို့စား ငွေခွန်တော်မှူးများနှင့်တိုင်ပင်ညှိနှိုင်းပြီး ရှမ်းပြည်လက်စွဲဥပဒေကို အရေးယူပြင်ဆင်ပေးပါမယ်။

အခုအတောအတွင်း စော်ဘွားကြီး မညှိုးငယ်ရအောင် အစစကူညီစောင့်ရှောက်ပေးရမယ်လို့ ဘုရင်မကြီးထံကလဲ အမိန့်ပေးပို့ထားပါတယ်။

စော်ဘွားကြီးရဲ့သားတော်များဟာ သီပေါဘုရင်လက်ထက်က ဆရာမှတ်ကြီးကျောင်း

E-book is created by shanyoma

ထွက်၊ အင်္ဂလိပ်စာ တတ်မြောက်တဲ့ပညာရှင်များဖြစ်တဲ့အတွက် အမြို့မြို့မှာ အလုပ်သင်မြို့ပိုင် စစ်ကဲရာထူးများကို ခန့်ထားပေးပါမယ်။ စော်ဘွားကြီး စိတ်ချမ်းသာစွာနှင့်နေပါဟု ရာထူးနှင့် ချော့မြူကာ တတိယမွိ သုံးကြိမ်မြောက် လိမ်လွှတ်လိုက်ပြီးနောက် စော်ဘွားကြီး ပြန်လာသော် အခါ မန္တလေးမြို့သို့ရောက်ရှိလျှင် မန္တလေးအရေးပိုင်က မင်းတုန်းမင်းကြီးနှင့်လောင်းရှည်မင်း သမီးမှမြင်သော တတိယသမီးတော် သီပေါမင်း၏ အမ'ပုခန်းကြီးစုဖုရား'နှင့်အရေးပိုင်အိမ်တွင် ထိမ်း မြားပေး၍ ဆွေတော်မျိုးတော် စုံဘက်တော်မူသည်။ နယ်ချဲ့တို့၏ ရာဇပရိယာယ် တသွယ်ပင်ဖြစ် ၏။

★

## ဗြိတိသျှလက်အောက်

သွေးခွဲ၍ အုပ်ချုပ်မှုစနစ်သည် နယ်ချဲ့ဗြိတိသျှတို့၏ ရာဇပရိယာယ်တပါးဖြစ်သည်အ တိုင်း မြေမြင့်နှင့်မြေပြန့် မပူးပေါင်းမိရလေအောင် ရှမ်းဗမာ ညီအကို မောင်နှမအချင်းချင်း သွေး ကွဲအောင် တဦးအပေါ် တဦး အထင်မှား၊ အမြင်မှားပြီး ယုံကြည်မှုမရှိလေအောင် အမျိုးမျိုးဆွဲ ဆောင်ဝါဒဖြန့်ပြီး (Sanad) ဆာနဒ်အမိန့်နှင့်ခန့်ထားသော စော်ဘွားမြို့စား–ငွေခွန်မှူး ၃၂– နယ်ကို "ပဒေသရာဇ်"ရှမ်းနယ်ဟု ခေါ်တွင်စေလျက် ဗမာနိုင်ငံတော် ဗြိတိသျှဝန်ကြီးများနှင့် ဥပဒေပြုလွှတ်တော်၏ ဥပဒေပြုအပြင်ဘက်တွင် ထားရှိသော ပဒေသရာဇ်ရှမ်းပြည်နယ်အဘို့ ဥပဒေပြုခြင်းနှင့်အရပ်ရပ်စီမံ အုပ်ချုပ်ခြင်းဆိုင်ရာ အချုပ်အခြာအာဏာကို မြန်မာနိုင်ငံဘုရင် ခံ၏ လက်တွင်း၌ ထားရှိပြီး ရှမ်းပြည်တောင်ပိုင်း ရှမ်းပြည်မြောက်ပိုင်း ၂–ပိုင်းခွဲ၍ ရှမ်းပြည် မြောက်ပိုင်းဆိုင်ရာ အရေးပိုင်ရုံးကို လားရှိုးမြို့၊ ရှမ်းပြည်တောင်ပိုင်းဆိုင်ရာ အရေးပိုင်ရုံးကို တောင်ကြီးမြို့တွင် ထားရှိလေသည်။

တောင်ပိုင်းဆိုင်ရာ အရေးပိုင်သည် "ပဒေသရာဇ်"ရှမ်းပြည်လုံးဆိုင်ရာ ကော်မရှင်နာ မင်းကြီးဟုခေါ်သော"တိုင်းမင်းကြီး"အဖြစ်ကိုပါ တာဝန်ယူစီမံအုပ်ချုပ်ရသည်။

ကော်မရှင်နာတိုင်းမင်းကြီးနှင့်အရေးပိုင်အပြင် မျက်နှာဖြူဝန်ထောက်များပါ ထားရှိ ပြီး နယ်ကြီးလျှင် တနယ် တယောက်ကျ၊ နယ်ငယ်လျှင် ၃–၄–၅–နယ်အတွက် တယောက်ကျ၊ ထားရှိအုပ်ချုပ်ရာ အောက်ပါနယ်များသည် အဆင့်အတန်း အာဏာအကြီးအငယ်အလိုက် စော် ဘွား–မြို့စား–ငွေခွန်တော်မှူးနယ်များနှင့်ဆိုင်ရာ နယ်ချုပ်၊ မျက်နှာဖြူ နယ်ပိုင်ဝန်ထောက်များ၊ တာဝန်ယူအုပ်ချုပ်သွားပုံဖြစ်သည်။

၁။ ကျိုင်းတုံ. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

၎င်းနယ်သည် ယိုးဒယား၊ အင်ဒိုချိုင်းနား၊ တရုပ်နယ်များနှင့်နယ်ချင်းစပ်နေသော နယ် ခြားဖြစ်၍ အရှေ့ပိုင်းရှမ်းပြည်နယ်အတွက်ဟု နယ်ခြားဝန်ထောက်တယောက် ခန့်ထားသည်။

၂။ ညောင်ရွှေ. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

E-book is created by shanyoma

၃။ ရပ်စောက်. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

၄။ စကား. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

၅။ မိုးပြဲ. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

၆။ ဟိုပုန်း. . . . . . . . . . မြို့စားအုပ်ချုပ်သည်။

၇။ ဘန်းယဉ်. . . . . . . . . . မြို့စားအုပ်ချုပ်သည်။

၈။ စကွယ်. . . . . . . . . . မြို့စားအုပ်ချုပ်သည်။

၉။ ဆီဆိုင်(သထုံ). . . . . . . . . . မြို့စားအုပ်ချုပ်သည်။

မဏ္ဍိုမဆိုင်ရာ နယ်ဟူ၍ နယ်ချုပ်ဝန်ထောက်တယောက် ခန့်ထားသည်။

၁၀။ လဲချား. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

၁၁။ မိုင်းကိုင်. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

၁၂။ မိုင်းနောင်. . . . . . . . . . မြို့စားအုပ်ချုပ်သည်။

၁၃။ ကျေးဆီ–မန်စံ. . . . . . . . . . မြို့စားအုပ်ချုပ်သည်။

၁၄။ မိုင်းရှူး. . . . . . . . . . မြို့စားအုပ်ချုပ်သည်။

အရှေ့မြောက်ပိုင်းဆိုင်ရာနယ်ဟူ၍ နယ်ချုပ်ဝန်ထောက်တယောက် ခန့်ထားသည်။

၁၅။ မိုးနဲ. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

၁၆။ မောက်မယ်. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

၁၇။ မိုင်းပွန်. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

၁၈။ မိုင်းပန်. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

အရှေ့တောင်ပိုင်းဆိုင်ရာနယ်ဟူ၍ နယ်ချုဝန်ထောက်တယောက် ခန့်ထားသည်။

၁၉။ နောင်မွန်. . . . . . . . . . မြို့စားအုပ်ချုပ်သည်။

နမ့်ခုမ်. . . . . . . . . . မြို့စားအုပ်ချုပ်သည်။

၂၀။ ပွေးလှ. . . . . . . . . . မြို့စားအုပ်ချုပ်သည်။

၂၁။ သာမိုင်းခမ်းလ. . . . . . . . . . မြို့စားအုပ်ချုပ်သည်။

၂၂။ ဘော်(ရေဦး). . . . . . . . . . မြို့စားအုပ်ချုပ်သည်။

၂၃။ ပင်းတယ. . . . . . . . . . ငွေခွန်မှူး အုပ်ချုပ်သည်။

၂၄။ ရွာငံ. . . . . . . . . . ငွေခွန်မှူး အုပ်ချုပ်သည်။

၂၅။ ကျုံ. . . . . . . . . . ငွေခွန်မှူး အုပ်ချုပ်သည်။

၂၆။ ပင်မှီ. . . . . . . . . . ငွေခွန်မှူး အုပ်ချုပ်သည်။

အနောက်ပိုင်းဆိုင်ရာနယ်ဟူ၍ နယ်ချုပ်ဝန်ထောက်မင်းတယောက် ခန့်ထားသည်။

၂၇။ သီပေါ. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

၂၈။ မိုးမိတ်. . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

E-book is created by *shanyoma*

၂၉။ မြောက်သိန္နီ. . . . . . . . . . စော်ဘွား အုပ်ချုပ်သည်။
၃၀။ တောင်သိန္နီခေါ် မိုင်းရယ်. . . . . . . . . . စော်ဘွား အုပ်ချုပ်သည်။
၃၁။ တောင်ပိုင်း(နမ့်ဆန်ပလောင်နယ်). . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။
၃၂။ မိုင်းလွန်း(လနယ်). . . . . . . . . . စော်ဘွားအုပ်ချုပ်သည်။

မြောက်ပိုင်းဆိုင်ရာနယ်ဟူ၍ နယ်ချုပ်ဝန်ထောက် တနယ်တယောက်ကျ ခြောက်ယောက် ခန့်ထားသည်။

ရာထူးအဆင့်အတန်းမှ စော်ဘွားများသည် ဒုတိယစက်ရှင်မင်းကြီးအာဏာ အဆင့် အတန်းမျိုးနှင့်ညီမျှ၍ မြို့စားများမှာ ဝန်ထောက်၊ ငွေခွန်မှူးများမှာ မြို့ပိုင်ရာထူးအဆင့်အ တန်းများနှင့်ညီမျှသည်။

ပြည်ထောင်စုခေတ်တွင် အားလုံးစော်ဘွားအဆင့်အတန်းချည်းဖြစ်နေကြသည့်အပြင် မြန်မာဘုရင်အစဉ်အဆက်နှင့်ဗြိတိသျှခေတ်အဆုံးအထိ မြောက်သိန္နီလက်အောက်ခံဖြစ်ခဲ့သော ရှမ်းပြည်အရှေ့ပိုင်းခရိုင်ရှိ "ကိုးကန့်"နယ်ပါ စော်ဘွားအဆင့်အတန်းရောက်ရှိနေသောကြောင့် ပြည်ထောင်ခေတ် ရှမ်းပြည်နယ်(၃၃)နယ်ဖြစ်နေသည်။

စော်ဘွား၊ မြို့စား၊ ငွေခွန်မှူးများသည် ရာထူးအဆင့်အတန်းအလိုက် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ရှမ်းပြည်ဒေသ၏ဓလေ့ထုံးစံအရ အုပ်ချုပ်ခွင့်ရှိသော်လည်း ကော်မရှင်နာ၊ အ ရေးပိုင်နှင့်နယ်ချဲ့မျက်နှာဖြူဝန်ထောက်တို့၏ကြီးကြပ်မှုကို နာခံရလေသည်။

နယ်အကြီးအငယ်၊ အခွန်တော်အနည်းအများအပေါ် မူတည်၍ အခွန်တော်ငွေစုစု ပေါင်း၏ ၁၅–ရာခိုင်နှုန်းမှ ၂၅–ရာခိုင်နှုန်းခန့်ကို ပဒေသရာဇ်ခေါ် စော်ဘွား၊ မြို့စား၊ ငွေခွန်မှူး များနှင့်ဆွေတော်မျိုးတော်လစာအဖြစ် သုံးပိုင်ခွင့်ရှိသည်။

အခွန်တော်ငွေများကိုလည်း အလွဲသုံးစား မပြုရ။ မျက်နှာဖြူအရာရှိများ အတည်ပြု ထားသော ဘတ်ဂျက်အတိုင်း သုံးရသည်။

ငွေတိုက်များကိုလည်း နယ်ချုပ်ဝန်ထောက်က မကြာခဏစစ်ဆေးလေ့ရှိသည်။ အခွန် တော်ငွေချို့ယွင်းနေလျှင် ရာထူးမှ ချ၍ နှစ်အကန့်အသတ်မရှိ တောင်ကြီးသို့ အကျယ်ချုပ်နှင့် ပို့ထားသည်။

နယ်ချဲ့ဗြိတိသျှတို့သည် ရှမ်းပြည်နယ်တွင် ၎င်းတို့အုပ်ချုပ်မှုတည်မြဲရန်အတွက် ရှမ်းလူ ထုနိုးကြားထကြွမှုမရှိစေရန် ပညာဉာဏ်မျက်စိ မပွင့်လင်းစေရန် တမင်သက်သက် နှိမ်ချထားပြီး စော်ဘွားများက အင်္ဂလိပ်အစိုးကို ကျေးဇူးတင်ခင်မင်စေရန် အခွန်တော်ငွေ၏ ၁၅–ရာခိုင်နှုန်း မှ ၂၅–ရာခိုင်နှုန်း လစာငွေများအပြင် လောင်းကစားခွန်ရသမျှငွေကို ဆုတော်လာဘ်တော်များ အဖြစ် သဘောအတိုင်း ကောက်ယူရန် ခွင့်ပြုထားသည်။

စော်ဘွားတို့၏ ဆိုင်ရာနယ်အတွင်းရှိ ဘုရားပွဲတော်များနှင့်ပဒေသရာဇ်တို့၏ ထုံးတမ်း စဉ်လာအရ တနှစ်တကြိမ်ကျ ကန်တော့ခံပွဲတော်၊ စော်ဘွားတို့ကိုးကွယ်သော ဆရာတော်သံဃာ

E-book is created by *shanyoma*

တော်၊ ဂိုဏ်းချုပ်ဂိုဏ်းအုပ်ဆရာတော်ကြီးများ ပျံလွန်တော်မူလျှင်လည်း ဆရာတော်ပျံပွဲ၊ စော်ဘွား၏မယ်တော် ကွယ်လွန်လျှင်လည်း သို့မဟုတ် စော်ဘွားကွယ်လွန်လျှင်လည်း မသာတော်ပွဲ၊ ဟော်နန်းအသစ်ဆောက်လုပ်ပြီးလျှင်လည်း ဟော်နန်းသစ်တက်ပွဲ၊ သားသမီးများလက်ထပ်လျှင်လည်း လက်ထပ်ပွဲတော်စသည်ဖြင့် ပွဲတော်များလုပ်တိုင်း (၃၆)ကောင်ထီကို အဓိကထားပြီး လောင်းကစားနည်းအမျိုးမျိုး ပါရှိသော လောင်းကစားပွဲခွန် အမြောက်အများရရှိသေးသည်။ အချို့စော်ဘွားများက (၃၆)ကောင်ထီဒိုင်ကို ၎င်းတို့ကိုယ်တိုင် ဒိုင်ပြုလုပ်ပြီး ကျန်လေးကောင်ဂျင်၊ ပါထန်၊ ခေါင်လံခေါ်(စုံ–မ)အနီအစိမ်း၊ ဂျောက်ဂျက်၊ ကောင်းကင်ကျ၊ ၁၂–ကောင် မြေကပ်တီ၊ ပိုက်ကြူး၊ ကိုးမီးဝိုင်းများနှင့်ပွဲခင်းအတွင်း အရက်ဆိုင်၊ဘိန်းဆိုင်များကိုပါ လေလံပစ်ကံထရိုက်ပေးရာ တပွဲတပွဲလျှင် အနည်းဆုံး ၄–သောင်း ၅–သောင်းကျော်မျှရရှိပြီး (၃၆)ကောင်ထီဒိုင်လုပ်သည်မှာလည်း အမြတ်ငွေ အမြောက်အများ ရရှိသေး၏။

ဤသို့ လောင်းကစားခွန်ရသမျှ စော်ဘွားများကို ဆုတော်လာဘ်တော်အဖြစ် ပေးထားရာ စော်ဘွားများက အင်္ဂလိပ်ကို အရိုးစွဲအောင် ကျေးဇူးတင်ခင်မင်စေပြီး ဇိမ်ခံရန်နှင့်တောင်သူလယ်သမားဆင်းရဲသားရှမ်းလူထုတိုးတက်နစ်မွန်းစေမှုကို ဖန်တီးထားသော နယ်ချဲ့တို့၏ အုပ်ချုပ်မှုစက်ယန္တရားတပါးဖြစ်သည်။

ရှမ်းလူထုအား အောက်ကျနောက်ကျဖြစ်အောင် အဓိကအုပ်ချုပ်မှုမှန်သမျှ ၎င်းတို့၏ အုပ်ချုပ်မှုစက်ယန္တရားအောက်တွင် ထားရှိကာ ဓာတ်သတ္တုလုပ်ငန်း၊ သစ်လုပ်ငန်း၊ အချိုသောက်လဘက်ခြောက်လုပ်ငန်း၊ ကညင်ပင်လုပ်ငန်း၊ အစရှိသော ရှမ်းပြည်နယ်တိုးတက်မှုအဓိကစီးပွါးရေးလုပ်ငန်းမှန်သမျှ တိုင်းရင်းသားများကို အခွင့်အရေး လုံးဝမပေးဘဲ နယ်ချဲ့အရင်းရှင် မိချောင်းများကိုသာ အခွင့်အရေးပေးခဲ့သည်။ သွေးစုပ်စေခဲ့သည်။

ပထမကမ္ဘာစစ်ကြီးပြီးသောအခါ စော်ဘွားများ နိုးကြားညီညွတ်လာ၍ ၁၉၂၀–ခုနှစ်၊ တောင်ကြီးမြို့၌ ပြုလုပ်သော ဒါဘာပွဲတွင် အရေးဆိုသောကြောင့်(ဗိုဒီရေးရှင်းအစိုးရ)(ဝ)ပဒေသရာဇ်ကောင်စီကို ၁၉၂၂–ခုနှစ်တွင် ဖွဲ့စည်းပေးပြီး ၁၉၂၃–ခု၊ မတ်လ ၂၂–ရက်နေ့ မြန်မာဘုရင်ခံ “ဆာဟာကုတ်ဘတ္တလာ”မိန့်ခွန်း မြွက်ကြားဖွင့်လှစ်ပေးသည်။

ပဒေသရာဇ်ကောင်စီတွင် ပြည်သူလူထုကိုယ်စားလှယ် အမတ်တဦးတယောက်မျှမပါရှိဘဲ “ဆာနဒ်”အမိန့်နှင့်ခန့်ထားသော စော်ဘွားမြို့စားငွေခွန်မှူးများသာ အမတ်အဖြစ် တက်ရောက်စေလျက် ကောင်စီဥက္ကဋ္ဌမှာ ကော်မရှင်နာ“တိုင်းမင်းကြီး”ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌမှာ မြောက်ပိုင်းဆိုင်ရာ လားရှိုးအရေးပိုင်ဖြစ်၍ ကောင်စီအတွင်းရေးမှူးမှာ တောင်ကြီးမြို့ မြို့မဝန်ထောက်က ပြုလုပ်ပြီး ကောင်စီ၏ အခွင့်အာဏာဟူသမျှ မျက်နှာဖြူအရာရှိများက အားလုံးဆုပ်ကိုင်ထားသည်။

စော်ဘွားအမတ်များက အကြံဉာဏ်ပေးနိုင်ရုံမှတပါး အဆိုတင်သွင်းခြင်း၊ ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း၊ ဝေဖန်ခြင်း၊ မဲခွဲခြင်းမျိုး လုံးဝပြုလုပ်ခွင့်မရှိဘဲ မျက်နှာဖြူအရာရှိများ ဆုံး

E-book is created by shanyoma

ဖြတ်အတည်ပြုရာကိုသာ စော်ဘွားအမတ်များက လိုက်နာဆောင်ရွက်ကြရသည်။

အကြံဉာဏ်ပေးနိုင်သည်ဆိုသော်လည်း မျက်နှာဖြူအရာရှိများက လက်ခံချင်မှ ခံသည်။ ပယ်ချလိုက ချက်ချင်းပယ်ချလိုက်နိုင်သည်။

ထို့ကြောင့် ပဒေသရာဇ်ကောင်စီကို ခေတ်ပညာတတ် ရှမ်းလူငယ်များက မှန်ပုံ့ဘုရားကောင်စီဟု ကင်ပွန်းတပ်ခဲ့ကြသည်။

ပဒေသရာဇ်ကောင်စီသည် ရှမ်းပြည်အတွက် အကျိုးဖြစ်ထွန်းအောင် မလုပ်နိုင်သောဟန်ဆောင်ကောင်စီမှန်း စော်ဘွားများသိရှိသောအခါ ဗြိတိသျှအစိုးရသည် ရှမ်းပြည်နယ်များကို သိမ်းပိုက်အုပ်စိုးလာခဲ့ရာ၌ လက်အောက်ခံတိုင်းရင်းသား စော်ဘွားပဒေသရာဇ်မင်းများအုပ်ချုပ်သော တသီးပုဂ္ဂလနယ်များအဖြစ် သိမှတ်ရှိသေခြင်းဖြင့် နယ်တွင်းရေးကိစ္စများတွင် တိုက်ရိုက်ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ကြဉ်လျက် စော်ဘွားမင်းတို့၏ အခွင့်အရေး၊ တန်ခိုးအာဏာ၊ ဂုဏ်ဒြပ်များနှင့်အစဉ်အလာထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပြုပါမည်ဟု ၁၈၈၆–ခု၊ ဖေဖော်ဝါရီလ ၂၄–ရက်နေ့ ရန်ကုန်အစိုးရ အိမ်တော်တွင် ပြုလုပ်သော ဒါဘာပွဲ၌ ရှမ်းစော်ဘွားတို့အား အိန္ဒိယဘုရင်ခံချုပ်"လော့ဒပ်ဖလင်"မြွက်ကြားသော မိန့်ခွန်းနှင့်၁၉၂၀–ခုနှစ်၊ မတ်လ ၂၂–ရက်နေ့ တောင်ကြီးမြို့တွင်ကျင်းပသော ဒါဘာပွဲတွင် မြန်မာဘုရင်ခံ"ဆာရီဂျီနယ်ကရက်ဒေါက်"မြွက်ကြားသောမိန့်ခွန်းများ၊ ၁၉၂၃–ခုနှစ်၊ မတ်လအတွင်း တောင်ကြီးမြို့ ပဒေသရာဇ်ကောင်စီ ဖွင့်လှစ်သောအခမ်းအနားတွင် မြန်မာပြည်ဘုရင်ခံ"ဆာဟာကုတ်ဘတ္တလာ"မြွက်ကြားသော မိန့်ခွန်းများနှင့်တကွ–

ရှမ်းပြည်နယ်ကို တကမ္ဘာလုံးက လွတ်လပ်ခွင့်အသိအမှတ်ပြုထားသော "ဆွစ်ဇာလန်" နိုင်ငံကဲ့သို့ ဘတ်ဖါးစတိတ်ကြားနေနိုင်ငံမျိုးအဖြစ်ထားရန်နှင့်ရှမ်းပြည်နယ်အုပ်ချုပ်ရေး၊ ကြီးပွားရေး၊ တိုးတက်ရေးတို့ကိုပါရှိသော (Memoranda) မီမိုးရမ်းဒါးခေါ် ကျိုးကြောင်းဖော်ပြအခွင့်အရေးတောင်းစာကို ရန်ကုန်မြို့ ဝတ်လုံတော်ရများဖြစ်ကြသော ဦးသင်းနှင့်ဦးစိုးညွန့်တို့မှ တဆင့်–

မစ္စတာမက္ကဒေါ်နယ်၊

မစ္စတာကလပ်ဖတန်၊

မစ္စတာဟတ်နိုး၊

၃–ဦးအဖွဲ့အား စော်ဘွားများအစည်းအရုံးမှ ငွေတသောင်းပေးပြီးရေးစေ၍ ညောင်ရွှေစော်ဘွားကြီး"စဝ်ရွှေသိုက်"၊ မိုးမိတ်စော်ဘွားကြီး"စဝ်ခင်မောင်"တို့ ၁၉၃၀–ခုနှစ်တွင် ဘိလပ်သို့သွားရောက်တင်သွင်းကြရာ အောင်မြင်မှု မရှိခဲ့ပါ။

၁၉၃၁–ခုနှစ်၊ ဘိလပ်မျက်နှာစုံညီအစည်းအဝေးသို့ ရှမ်းပြည်ဒေလီဂိတ်ကိုယ်စားလှယ်အဖြစ် "သီပေါစော်ဘွားကြီးစောအုံကြာ"သွားရောက်စဉ်အခါက ညောင်ရွှေစော်ဘွားကြီး"စဝ်ရွှေသိုက်"၊ မြောက်သိန္နီစော်ဘွားကြီး"စဝ်ဟုံဖ"၊ ကျိုင်းတုံစော်ဘွားကြီး"စဝ်ခွန်တိုင်"နှင့်သီပေါ

E-book is created by shanyoma

စော်ဘွားကြီးအတွင်းဝန်"ဦးရင်ထန်"တို့ အတိုင်ပင်ခံအဖြစ်နှင့်လိုက်ပါသွားပြီး ရှမ်းပြည်ကိုစွ ရ သင့်ရခွင့်များကို သီပေါစော်ဘွားကြီးက အပြင်းအထန် ဆောင်ရွက်ပြောဆိုသော်လည်း မရရှိခဲ့ပေ။

ပြည်မကြီးမှ နိုင်ငံရေးခေါင်းဆောင်များနှင့်ကျောင်းသားခေါင်းဆောင်များ ရှမ်းပြည်နယ်အတွင်းသို့ မလာရပေ။ မလိုအပ်သောသူများဖြစ်သည်ဟု ၂၄–နာရီအတွင်း နယ်ခြားသို့ မောင်းထုတ်ခံရပေမည်။ နိုးကြားနေသော ရှမ်းတိုင်းရင်းသားများအဖို့ နယ်နှင်ဒဏ်မှ သေဒဏ်အထိ အပြစ်ပေးနိုင်သော ပုဒ်မ(၁၀)နှင့်ချုပ်ချယ်ထားသည်။

သတင်းထောက်များကိုလည်း ရှမ်းပြည်နယ်အတွင်းသို့ ဝင်ခွင့်မပြုချင်ပေ။ ရောက်ရှိသောသတင်းထောက်များသည် ပြည်ထောင်စုခေတ်လို လွတ်လပ်ခွင့်မရှိဘဲ လျှို့ဝှက်စွာ သတင်းယူရေးသားပေးပို့ကြရသည်။

ရှမ်းလူထုသည် နယ်ချဲ့ဗြိတိသျှအုပ်စိုးခဲ့သောခေတ်တလျှောက်လုံးတွင် အောက်ကျနောက်ကျဖြစ်အောင် လုပ်ထားရမည်ဟူသော နယ်ချဲ့တို့၏အခြေခံဝါဒအရ ရှမ်းလူထုအတွက် ကျန်းမာရေး ပညာရေး စီးပွားရေးတွင် မည်သည့်ဘက်ကမှ တိုးတက်ဖွံ့ဖြိုးမှု မရှိအောင် ချိုးနှိမ်ထားခဲ့သည်။

★

## ဂျပန်လက်အောက်

ဒုတိယကမ္ဘာစစ်ကြီးအတွင်း ရှမ်းပြည်နယ်သည် ဗမာပြည်မကြီးနည်းတူ ဖက်ဆစ်ဂျပန်တို့လက်အောက်ရောက်ရှိ၍ စော်ဘွားမြို့စား ငွေခွန်မှူးတို့အား ဗြိတိသျှတို့နည်းတူ (Sanad) ဆာနဒ်အမိန့်ခန့်စာနှင့်ခန့်အပ်၍ ဂျပန်စစ်ဘုရင်ခံက အုပ်ချုပ်ပြီး အုပ်ချုပ်မှုလွယ်ကူရန်ဟု စော်ဘွားမြို့စား ငွေခွန်မှူးဟု အဆင့်အတန်း ခွဲခြားမထားတော့ဘဲ အားလုံး"စော်ဘွားမင်းသား" ဟု ရာထူးတတန်းတည်းထားလေသည်။

ဖက်ဆစ်ဂျပန်တို့ ဖိနှိပ်ညှဉ်းဆဲမှုဒဏ် အမျိုးမျိုးကိုလည်း ဗမာလူထုနည်းတူ ရှမ်းလူထုခံရသည်။ ထို့ကြောင့်ပင် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ရှမ်းအမျိုးသားများ ဗမာပြည်တွင် နေရာအနှံ့အပြား ပါဝင်ဆင်နွှဲခဲ့ကြသည်။ ရှမ်းဗမာဟု သွေးမကွဲခဲ့ကြပေ။

## ပြည်ထောင်စုနေ့

ဒုတိယကမ္ဘာစစ်ကြီးအပြီး ဂျပန်ဘိနပ်အောက်မှ လွတ်မြောက်လာပြီးနောက် မဟာမိတ်တို့ ပြန်ရောက်လာသောအခါ အင်္ဂလိပ်အစိုးရသည် ဘုရင်ခံ"ဒေါ်မန်စမစ်"ဦးဆောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံအား ရှေးယခင်က အုပ်ချုပ်နည်းအတိုင်း အုပ်ချုပ်ရန် စီမံကိန်းစိုင်းပြင်း

E-book is created by shanyoma

လျက် ပြည်မနှင့်တောင်တန်းနယ်ဒေသလူထုတို့ မပူးပေါင်းမိစေရန် နယ်စပ်ဒေသဥပဒေဟူသော စာတမ်းတွင် တောင်တန်းဒေသတို့၏ တိုးတက်ဖွံ့ဖြိုးမှုကို သီးခြားဆောင်ရွက်ပေးမည်ဟူသော သွေးခွဲမှုစာတမ်းဖြင့် ကြိုးပမ်းဖြန့်ချိခဲ့သည်။

တောင်တန်းဒေသလူထုသည် နယ်ချဲ့တို့၏ ရာဇပရိယာယ်ကို နားမထောင်ကြတော့ဘဲ ပြည်မကြီးနှင့်ပူးပေါင်းမှသာလျှင် လွတ်လပ်ရေးရရှိပြီး ကြီးပွားရေး၊ စီးပွားရေး၊ ပညာရေး၊ တိုးတက်ဖွံ့ဖြိုးစေမည်ကိုသိရှိကြ၍ တောင်ပိုင်းရှမ်းပြည်နှင့်မြောက်ပိုင်းရှမ်းပြည် အလယ်ဗဟိုလောက်တွင်တည်ရှိသော လဲချားနယ် "ပင်လုံ"မြို့တွင် ၁၉၄၇–ခုနှစ်၊ ဖေဖေါ်ဝါရီလ ၇–ရက်နေ့၌ ပင်လုံကွန်ဖရင့်ပြုလုပ်ပြီး ရှမ်းအမျိုးသားနေ့ဟု သတ်မှတ်၍ ဖေဖေါ်ဝါရီလ ၁၂–ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် ဖ–ဆ–ပ–လခေါင်းဆောင်ကြီးများနှင့်တကွ တောင်တန်းဒေသဟူသမျှ ခေါင်းဆောင်ကြီးများ တက်ရောက်ကာ ပြည်ထောင်စုမြန်မာနိုင်ငံသစ် တည်ထောင်ရာတွင် လိုက်လိုက်လှဲလှဲ သဘောတူကြောင်း ဆုံးဖြတ်၍ ကမ္ဘာကျော် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးကြသည်။ (ဤနေ့ကစ၍ ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာသည်။)

★

## လွတ်လပ်ရေးပိသုကာကြီးများ

၁၉၄၇–ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၂–ရက်နေ့သည် ကမ္ဘာ့ရာဇဝင်တွင် မော်ကွန်းတင်ရမည့် ပင်လုံညီလာခံကျင်းပ၍ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဖ–ဆ–ပ–လခေါင်းဆောင်ကြီးများနှင့်တကွ တောင်တန်းဒေသဟူသမျှ ခေါင်းဆောင်ကြီးများအစုံအညီပါဝင်တက်ရောက်ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတည်ထောင်ရာတွင် ပြည်မနှင့်တောင်တန်းသားဟူသမျှတို့ ပူးပေါင်းဆောင်ရွက်နေထိုင်ကြရန် လိုက်လိုက်လှဲလှဲ သဘောတူဆုံးဖြတ်၍ ကမ္ဘာကျော်ပင်လုံစာချုပ်ကြီးပေါ်တွင် ကိုယ်တိုင်လက်မှတ်ရေးထိုးခဲ့ကြသော ခေါင်းဆောင်ကြီးများမှာ–

၁။ ဗိုလ်ချုပ်အောင်ဆန်း။
၂။ စဝ်ရွှေသိုက် ညောင်ရွှေစော်ဘွားကြီး။
၃။ စဝ်ဟုံဖ မြောက်သိန္နီစော်ဘွားကြီး။
၄။ ခွန်ပန်းစိန် တောင်ပိုင်း(ပလောင်)စော်ဘွားကြီး။
၅။ စောနွံ လဲချားစော်ဘွားကြီး။
၆။ စဝ်စံထွန်း မိုင်းပွန်စော်ဘွားကြီး။
၇။ စဝ်ထွန်းအေး သာမိုင်းခမ်းစော်ဘွားကြီး။
၈။ ဦးဖြူ သထုံစော်ဘွားကိုယ်စားလှယ်။
၉။ ခွန်ဖုံး မြောက်သိန္နီကချင်ခေါင်းဆောင်။
၁၀။ ဦးတင်အေး ရှမ်းလူထုကိုယ်စားလှယ်။

E-book is created by shanyoma

၁၁။ ဦးထွန်းမြင့် ရှမ်းလူထုကိုယ်စားလှယ်။
၁၂။ ဦးကြာပု ရှမ်းလူထုကိုယ်စားလှယ်။
၁၃။ ဦးခွန်စော ရှမ်းလူထုကိုယ်စားလှယ်။
၁၄။ ဦးခွန်ထီး ရှမ်းလူထုကိုယ်စားလှယ်။
၁၅။ စဝ်ရိပ်ဖ ရှမ်းလူထုကိုယ်စားလှယ်။
၁၆။ ဆမားဒူဝါ–ဆင်ဝါးနောင် ကချင်ခေါင်းဆောင် မြစ်ကြီးနား။
၁၇။ ဒူဝါဇော်ရစ် ကချင်ခေါင်းဆောင် မြစ်ကြီးနား။
၁၈။ မစ္စတာဒိန်ရာထန် ကချင်ခေါင်းဆောင် မြစ်ကြီးနား။
၁၉။ မစ္စတာဇော်လ ကချင်ခေါင်းဆောင် ဗန်းမော်။
၂၀။ ဒူဝါဇော်လွန်း ကချင်ခေါင်းဆောင် ဗန်းမော်။
၂၁။ မစ္စတာလဘန်းဂရောင် ကချင်ခေါင်းဆောင် ဗန်းမော်။
၂၂။ ဦးလျှန်မုန် ချင်းခေါင်းဆောင် ဖါလမ်။
၂၃။ ဦးသောင်ဇာခွပ် ချင်းခေါင်းဆောင် တီးဒင်။
၂၄။ ဦးကွယ်ဖန် ချင်းခေါင်းဆောင် ဟာကား။
၂၅။ ဦးကျီနန် ချင်းခေါင်းဆောင် ဟာကား။

အထက်ပါ လွတ်လပ်ရေးခေါင်းဆောင်၊ ပိသုကာကြီးများ အုတ်မြစ်ချထားသော ပင်လုံစာချုပ်ကို အခြေတည်၍ ၁၉၄၈–ခုနှစ်၊ ဇန္နဝါရီလ(၄)ရက်နေ့ လွတ်လပ်သော ပြည်ထောင်စုကြယ်ခြောက်ပွင့်အလံတော်ကြီးကို ငွါးငွါးစွင့်စွင့် လွှင့်ထူကာ ကမ္ဘာပေါ်ဝယ် မော်နိုင်ခဲ့ပါသည်။

★

## ပြည်ထောင်စုခေတ်

လွတ်လပ်သော ပြည်ထောင်စု ရာဇပလ္လင်ထက် ရာဇဝင်အစဉ်အဆက်က ချစ်ကြည်ရင်းနှီးစွာ သွေးဆက်ခဲ့ကြသော ရှမ်းအမျိုးသား ညောင်ရွှေစော်ဘွားကြီး“စဝ်ရွှေသိုက်”အား ပထမဦးစွာ သမတတင်မြှောက်၍ ဦးညွှတ်ခဲ့ကြသည်။

သမတသက်တမ်းကုန်ပြန်သော် အထက်လွှတ်တော် ရာဇပလ္လင်ပေါ် ညောင်ရွှေစော်ဘွားကြီး “စဝ်ရွှေသိုက်”ကို နာယကတင်မြှောက်ပြီးနောက် သက်တမ်းကုန်၍ ဒုတိယအကြိမ် အထက်လွှတ်တော်နာယကရာထူးကို စကားစော်ဘွားကြီး“စဝ်ခွန်ကြည်”အား တင်မြှောက်၍ ပြည်ထောင်စုသားများက အလေးပြုခဲ့ကြသည်။

ပြည်ထောင်စုတွင် အရေးပါအရာရောက်လှသော နိုင်ငံခြားရေးဝန်ကြီးရာထူးနှင့်ရှမ်းပြည်နယ်ဝန်ကြီးရာထူးကို မိုးမိတ်စော်ဘွားကြီး“စဝ်ခွန်ချို”အား တင်မြှောက်ပြီး ပြည်ထောင်စုသားများက အရိုအသေ ပြုထားခဲ့ကြပါသည်။

★

E-book is created by *shanyoma*

## ပြည်နယ်ပြည်မ မခွဲခြား

မြန်မာသက္ကရာဇ် ၁၃၂၁–ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂–ရက်။ ခရစ်သက္ကရာဇ် ၁၉၅၉–ခုနှစ်၊ ဧပြီလ ၂၄–ရက်နေ့၊ ၃၃–နယ်သောနယ်ရှင်စော်ဘွားများ၊ မိမိတို့အုပ်ချုပ်ရေးအခွင့်အာဏာများကို စွန့်လွှတ်၍ ရှမ်းပြည်နယ်အစိုးရသို့ အာဏာလွှဲပြောင်းပေးလိုက်ပြီး–

၁။ တောင်ကြီးခရိုင်။

၂။ လွယ်လင်ခရိုင်။

၃။ ကျိုင်းတုံခရိုင်။

၄။ ဟိုပန်ခရိုင်။

၅။ လားရှိုးခရိုင်။

၆။ ကျောက်မဲခရိုင်။

၆–ခရိုင် ခွဲခြားလျက် ပြည်ထောင်စုအစိုးရက ပြည်နယ်ပြည်မ မခွဲခြားဘဲ အုပ်ချုပ်လျက်ရှိပါသည်။

★

## ခရီးဦးကြိုလျက်

ညိုမှောင်ပြာလွဲသော တောင်ပင်လယ်လှိုင်းကြီးများကလည်း မျှော်လိုက်တိုင်း မဆုံးနိုင်ရီဝေနေသော တောင်ခိုးများကလည်း တငွေ့ငွေ့ တရိပ်ရိပ် တက်သည့်အခါတက်၍ မိုးသားနှင့်တိမ်တိုက်တို့ကလည်း တရွေ့ရွေ့ တလှိမ့်လှိမ့် ပြေးသည့်အခါပြေးပြီး မိုးတိမ်နှင့်တောင်ခိုး ရောယှက်ဖြိုးလျက် မြူခိုးတလှည့်၊ နှင်းတလှည့်၊ လွှမ်းသည့်အခါလွှမ်း၊ တောပန်းတောင်ပန်း၊ ကြည်းပန်း–ရေပန်း ချယ်ရီပန်းများကလည်း ရာသီအလိုက် ပွင့်လန်းဝေဆာ၊ ရှုခင်းသာနှင့်အဖြာဖြာသော ရေတံခွန်ကြီးငယ်၊ အသွယ်သွယ်သော မြစ်ချောင်းစမ်းအိုင် ထုံဂနိုင်နှင့်စုံမြိုင်တောတန်းတို့တင့်ဆန်းသာယာလှသည့်"မြေမြင့်ဒေသ"သို့ အလည်ရောက်လာကြသော ပြည်ထောင်စုသူ ပြည်ထောင်စုသား၊ ညီအကိုမောင်နှမများအား နှင်းဆီရောင်အသွေး ပါးအို့နီလေးများနှင့်"မော"၏ သမီးပျိုကလေးများက–

'ယူလီ–ကျင်ဝမ်–ခါနဲ့=နေထိုင်ကောင်းပါရဲ့လားရှင်၊ စားသောက်ကောင်းပါရဲ့လားရှင်' ဟု ချစ်စရာ အပြုံးကလေးများဖက်ပြီး ဖေါ်ရွေစွာ နှုတ်ခွန်းဆက်တတ်ကြပါသည်။

ဖေါ်ရွေခြင်း၊ ညှော့ဝတ်ကျေပွန်ခြင်း၊ ခင်မင်တတ်ခြင်း၊ ပွင့်လင်းရိုးသားစွာ ပြောဆိုတတ်ခြင်း၊ ကျေးဇူးတတ်ခြင်း၊ အေးအေးဆေးဆေး နေထိုင်တတ်ခြင်း၊ အစရှိသော ဂုဏ်အင်္ဂါရပ်များနှင့်ပြည့်စုံသော မြေမြင့်သူ မြေမြင့်သား၊ ညီအကိုမောင်နှမများက ပြည်ထောင်စုသူ ပြည်ထောင်သား ညီအကို မောင်နှမများကို ခရီးဦးကြိုဆိုလျက်ရှိပါသည်။

★

E-book is created by *shanyoma*

## ဗိုလ်ချုပ်ကျေးဇူး

နယ်ချဲ့ဗြိတိသျှလက်အောက် ကျွန်သဘောက်ဘဝနှင့်နေထိုင်ခဲ့ကြရစဉ်အခါက နယ်ချဲ့တို့၏ ပယောဂကြောင့် မြေပြန့်ပြည်မကြီးမှ လူအများက အများအားဖြင့် မြေမြင့်ဒေသသည် မိမိတို့တိုင်းပြည်အတွင်းက ပြည်နယ်ဖြစ်သည်ဟု မယူဆခဲ့ကြဘဲ အမှုမဲ့ အမှတ်မဲ့ နေခဲ့ကြသလို မြေမြင့်ဒေသမှ လူအများကလည်း မိမိတို့ဒေသသည် မြေပြန့်ပြည်မကြီးအတွင်းက ပြည်နယ်ဖြစ်သည်ဟု မထင်မှတ်သူကများပြီး ပင်လယ်ရပ်ခြားတိုင်းတပါးများလောက်ပင် ကွာခြားနေသည်ဟုထင်ကြပြီး "တမိုးတမြေ"ထဲသား ညီအကို မောင်နှမများပင် ဖြစ်လင့်ကစား တစိမ်းသွင်သွင် ရေပြင်ပြင်အလား နေထိုင်ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးပမ်းမှုကျေးဇူးကြောင့် ကျွန်သဘောက်ဘဝမှ လွတ်မြောက်လာသော ပြည်ထောင်စုခေတ်တွင် အမြင်မှန်ရကြပြီး မြေမြင့်သူ မြေမြင့်သားများနှင့်မြေပြန့်သူ မြေပြန့်သား ညီအကို မောင်နှမများ ချစ်ခင်ရင်းနှီးစွာ လက်တွဲ၍ အောင်ပွဲခံလျက် ရှိပါသည်။

★

## ယဉ်ကျေးမှု ထုံးစလေ့များ

ရှမ်းအမျိုးသားများသည် ဗုဒ္ဓဘာသာများဖြစ်ကြသည်အတိုင်း မည်မျှလောက်ပင် ဆင်းရဲနွမ်းပါး၍ တဲအိုစုတ်ကုပ်ကလေးနှင့်နေရစေကာမူ အိမ်ဦးခန်းဘက်ထရံတွင် သပ်ယပ်စွာ ကပ်ထားသော စက္ကူပုံတော်ဘုရားကားချပ်ကို လတ်ဆတ်စိုပြေသောပန်းမျိုးစုံ ဝေဆာနေအောင် ကပ်လှူပူဇော်ထားကြသည်ကို ကြည်နူးစွာ ဖူးတွေ့ရပါမည်။

ပစ္စည်းဥစ္စာကြွယ်ဝလျှင် ကြွယ်ဝသည်အလျောက် အိမ်ဦးခန်းမဆောင်ကြီး ခေါင်းရင်းဘက်တွင် ညောင်ရေအိုးစင် ခန်းလုံးပြည့်လုပ်ထား၍ ပိတ်ပြတန်မျက်နှာကြက်၊ ပန်းဆွဲကြာယပ်တို့ဖြင့် သပ်ယပ်လှပစွာ မွမ်းမံချယ်လှယ်ထားပြီး ကျောက်ဆင်းတု ကြေးဆင်းတုနှင့်ရွှေရောင်ဝင်းပြောင်နေသော သစ်သားဆင်းတုတော်အမျိုးမျိုး၊ မှန်စီရွှေချ ဘုရားကျောင်းဆောင်များနှင့်ပန်းတောင်၊ ကွမ်းတောင်၊ ရွှေသပိတ်၊ ငွေသပိတ်များနှင့်ညောင်ရေအိုးများစွာတို့မှာ စိမ်းလန်းစိုပြေသော ပန်းမျိုးစုံကို ဝေဆာနေအောင် ကပ်လှူပူဇော်ထားကြသည်ကို ရှင်မြူးစွာ ကြည်ညိုရပါမည်။

အချို့အိမ်များတွင် ဘုရားကျောင်းဆောင်ကို အိမ်တွင်း၌ မထားဘဲ ခေါင်းရင်းဘက်တွင် သီးသန့်ဆောက်လုပ်ပူဇော်ကြပါသည်။

တအိမ်နှင့်တအိမ် ဘုရားကျောင်းဆောင် သို့မဟုတ် ညောင်ရေအိုးစင်အလှအပ ဝေဝေဆာဆာကို သူ့ထက်ငါ အပြိုင်အဆိုင် ဂုဏ်ယူလေ့ရှိပြီး ညောင်ရေအိုးပန်း ညှိုးနွမ်းနေလျှင်သော်ငြား၊ ညောင်ရေအိုးစင်ပေါ် ရှုတ်ထွေးနေလျှင်သော်ငြား၊ သောက်တော်ရေအိုး ရေလျော့နည်းနေလျှင်သော်ငြား၊ ထိုအိမ်မှ အိမ်ရှင်မအား မယ်ပျင်းထူ မိန်းမမပီသသူဟု ကဲ့ရဲ့ကြပါသည်။

အိမ်ဦးခန်းတွင်ဖြစ်စေ၊ အိမ်အလယ် မီးဖိုအနီးအနား အရှေ့ဘက်ကဖြစ်စေ၊ ဆင်းရဲ

E-book is created by shanyoma

ချမ်းသာအလျောက် ဂုံအိတ်ကိုဖြစ်စေ၊ သင်ဖျာချောဖြစ်စေ၊ တရုပ်ပြည်ဖြစ်ကော်ဇောနီဖြစ်စေ၊ အနောက်နိုင်ငံဖြစ် ကော်ဇောဖြစ်စေ၊ ကတ္တီပါ သို့မဟုတ် သက္ကလပ်ဖုံခပ်ပါးပါးကိုဖြစ်စေ သပ်ယပ်စွာ ခင်းကျင်းထားပြီး အချို့က သရက်ထည်၊ အချို့က ဖျဉ်ကြမ်း၊ အချို့က ပိုးဖဲကတ္တီပါ၊ ခေါင်းအုံး၊ အချို့က မှီအုံးကို တင်ထားကြသည်။

၎င်းနေရာကို ဗမာဝေါဟာရ"နေရထိုင်"ခေါ်၍ ရှမ်းဘာသာ"တီနန်–စောင်ဟင်"ခေါ်သည်။

"တီနန်"ထိုင်သော၊ "စောင်ဟင်"အိမ်ရှင်၊ စကားနှစ်ရပ်ပေါင်းအဓိပ္ပါယ်မှာ "အိမ်ရှင်ထိုင်သောနေရာ" ဝါ "အိမ်ရှင်ယောကျ်ားထိုင်သောနေရာ"ခေါ်သည်။

ထိုအိမ်ရှင်ယောကျ်ားထိုင်သောနေရာပေါ်သို့ အိမ်ရှင် ယောကျ်ားမှတပါး မည်မျှပင် ခင်မင်ရင်းနှီးစေကာမူ မည်သူကိုမျှ ထိုင်ခွင့်–တက်ခွင့်မပြု၊ အကယ်၍ ဧည့်သည်တဦးတယောက်က မသိ၍ အမှုမဲ့ အမှတ်မဲ့ တက်မိ–ထိုင်မိလျှင် အိမ်ရှင်မ သို့မဟုတ် အိမ်ရှိလူများက ထုံးစံမဟုတ်လို့ "နေရထိုင်"ပေါ်ကို မတက်ပါနဲ့ မထိုင်ပါနဲ့ဟု ပြောကာ ချက်ချင်းအဖယ်ခိုင်းပါသည်။ ဧည့်သည်ကလည်း ထုံးစံမသိ၍ တက်ထိုင်မိပါသည်ဟု တောင်းပန်ရသည်။

ရဟန်းသံဃာတော်များ သို့မဟုတ် မင်းပိုင်း–စိုးပိုင်း–အရာရှိပိုင်းနှင့်ရပ်ရွာသက်ကြီးရွယ်ကြီးများ၊ အိမ်ပေါ်တက်လာလျှင် အိမ်ရှင်ယောကျ်ားကဖြစ်စေ၊ အိမ်ရှင်မကဖြစ်စေ သို့မဟုတ် အိမ်ရှိလူများက ရှိသေသောသဘောဖြင့် နေရထိုင်ပေါ်မှ ခေါင်းအုံး သို့မဟုတ် မှီအုံးကို သန့်ရှင်းသောနေရာဖယ်ချပြီး နေရထိုင်ကို မူလနေရာက ဆွဲယူခင်းကျင်းပေးခါ ထိုင်ခွင့်ပြုပါသည်။ မူလနေရာတွင် ထိုင်ခွင့်မပြုသည့်အပြင် ခေါင်းအုံးနှင့်မှီအုံးကိုလည်း အုံးခွင့်မှီခွင့် မပေးပါ။ အိမ်ရှင်ယောကျ်ားခရီးသွားလျှင် တရိုတသေနှင့်သိမ်းထားသည်။

အိမ်ရှင်ယောကျ်ား သောက်ရန် ရေတခေါင်းနှင့်ရေခွက်ကိုလည်း သီးသန့်ထား၍ ရေတခေါင်းထဲ၌ ရေကို မည်သည့်အခါမှ လျော့နည်းခန်းခြောက်ခြင်း မရှိရလေအောင် အိမ်ရှင်မ သို့မဟုတ် အိမ်ရှိလူများက နေ့စဉ်အမြဲရေဖြည့်ထားခြင်း၊ ရေသစ်လဲထည့်ခြင်း ပြုကြရ၏။

အိမ်ရှင်ယောကျ်ားသောက်သော ရေတခေါင်းထဲမှ ရေကိုလည်း ရဟန်းသံဃာတော်များမှလွဲ၍ မည်သူ့ကိုမျှ တည်လည်း မတည်၊ ငှဲ၍ပေးရိုးလည်း ထုံးစံလည်းမရှိချေ။

ဧည့်သည်ကမသိ၍ အမှတ်မဲ့ဆွဲယူငှဲ့သောက်မိလျှင် ထုံးစံဖျက်၍ အားလုံးအသစ်လဲရသည်။ ဧည့်သည်ကိုလည်း မသိ၍ မှားပြီးသောက်မိကြောင်း နှုတ်မှ ထုတ်ဖော်ပြောဆိုရန် ချက်ချင်း တိုက်တွန်းလေ၏။

အိမ်ရှင်ယောကျ်ားခရီးသွားလျှင် အိမ်ရှင်မ သို့မဟုတ် အိမ်ရှင်မ မရှိလျှင် သားသမီးများက ရေတခေါင်းကို ရေအသစ်လဲ၍ အပြည့်ထည့်ပြီး သန့်ရှင်းသောနေရာလွတ်တွင် သီးသန့်ထား၍ အိမ်ဦးခန်းဘုရားစင်၊ ညောင်ရေအိုးကိုလည်း ပန်းသစ်၊ ရေအသစ်နေ့စဉ်လဲခြင်း၊ သို့မဟုတ် ပြုပြင်ခြင်း၊ သောက်ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ ဖယောင်းတိုင်၊ နေ့စဉ်ကပ်လှူပူဇော်ခြင်းနှင့်အိမ်ရှင်

E-book is created by shanyoma

ယောကျ်ားအတွက် သီးသန့်၍ အဓိဋ္ဌာန်ညောင်ရေအိုးတအိုးကိုလည်း ထားကြသည်။

ခရီးသွားအိမ်ရှင်ယောကျ်ား နာဖျားမကျန်းရှိသော် သို့မဟုတ် ဘေးဥပါဒ်အန္တရာယ် တစုံတရာတွေ့ကြုံနေသော် ပန်းအသစ်လဲထားသော အဓိဋ္ဌာန်ညောင်ရေအိုး ချက်ချင်း ပန်းညှိုးနွမ်းသွားခြင်း၊ ကြွေကျခြင်း၊ ကျိုးကျခြင်း ဖြစ်တတ်သည်ဟုဆိုသည်။

ဝင်းပြင် အိမ်ရှင်ယောကျ်ား သောက်သော ရေတခေါင်းထဲမှ ရေမှာလည်း လျော့နည်းသွားသည်ဟု ဆိုကြသည်။

အိမ်ရှင်ယောကျ်ား ထမင်းထည့်စားသော ပန်းကန်ပြားကိုလည်း မည်သူ့ကိုမျှ ထည့်ပေးရိုး၊ ထည့်ကျွေးရိုး ထုံးစံမရှိ။ အိမ်ရှင်ယောကျ်ားခရီးသွားလျှင် သိမ်းထားကြ၏။

အကယ်၍ အိမ်တွင် ဧည့်သည်ရောက်၍ ထည့်ကျွေးစရာ ပန်းကန်ပြားမလုံလောက်သည်တိုင်အောင် အိမ်ရှင်ယောကျ်ား ထမင်းပန်းကန်ပြားကို ထုတ်မသုံးဘဲ တခြားအိမ်မှ ပန်းကန်ပြားကို ငှား၍သုံးကြသည်။

ဤကဲ့သို့ အိမ်ဦးနတ်သဖွယ်ထားသော လင်ယောကျ်ားအတွက် ထုံးစံများကို အကယ်၍ မလိုက်နာဘဲနေခဲ့သော် ထိုအိမ်ရှင်မသည် လူတကာကို သူ၏လင်ယောကျ်ားနှင့်တန်းတူထားပြီး ဆက်ဆံနေသူ မိန်းမယုတ်ဟု သမုတ်ကြသည်။

လင်ယောကျ်ားကိုရှိသေ၍ လင်ယောကျ်ားအတွက် ထုံးစံများကို မပျက်ပြားရလေအောင် လိုက်နာဆောင်ရွက်သောမိန်းမသည် ယောကျ်ားဆုကို မတောင်းဘဲနှင့်ပြည့်စုံသည်ဟု ယုံကြည်ယူဆကြသည်။

အိမ်ရှင်ယောကျ်ား ခရီးစ,ထွက်သောနေ့တွင် အိမ်ရှိလူအားလုံး ခေါင်းမလျှော်ရ၊ လင်ယောကျ်ားခရီးသွားနေစဉ် မိန်းမဖြစ်သူ မင်္ဂလာဆောင်မသွားရ၊ သို့သော် ယောကျ်ားက ခွင့်ပြုခဲ့လျှင် သွားနိုင်သည်။

ယောကျ်ားခေါင်းပေါင်း၊ မျက်နှာသုတ်ပုဝါ၊ လက်ကိုင်ပုဝါတို့ကို မည်သည့်အခါမှ မိန်းမထဘီနှင့်မထိစေရ၊ မိန်းမအဝတ်အစားများနှင့်ရောနှောထားခြင်း မပြုရ။

ကြိုးတန်းပေါ် သို့မဟုတ် ချိတ်တွင် တင်ထား ချိတ်ထားရ၏။ အိမ်နံရံအကာအောက်ပိုင်း သို့မဟုတ် ကြမ်းပြင်ပေါ် ချိတ်ထား ချထားခြင်း မပြုရ။ သို့ရာတွင် ဘုရားရှိခိုးသောအခါနှင့် တရားနာသောအခါ ခေါင်းပေါင်းကို အခွေလိုက် ဖြုတ်၍ချထားလေ့ရှိ၏။

ရှမ်းလူမျိုးများသည် တမင်သက်သက် ခေါင်းကို ပုတ်ခတ်ကစားခြင်း မပြုလုပ်ကြ။ ကြိုက်လည်း မကြိုက်။ တဦးနှင့်တဦး ကျီစယ်ကစားသောအခါ ခြေထောက်နှင့်ရွယ်ခြင်း၊ ကန်ခြင်း၊ တင်ခြင်းမပြုရ၊ လက်နှင့်ညွှန်ပြရမည့်အစား ခြေနှင့်ညွှန်ပြခြင်းမပြုရ။

မတော်တဆ ခေါင်းကို ထိခိုက်မိလျှင် အလွန်စိတ်ဆိုးကြသည်။ ကံတော့ခ(ကန်တော့ပါခင်ဗျား သို့မဟုတ် ရှင်)မပြောသမျှ မကြေကြ၊ ပြောလိုက်လျှင်လည်း ချက်ချင်း ပြေလွယ်သည်။

ခွင့်မပြုဘဲ မိန်းမက ယောကျ်ားခေါင်းကို မည်သည့်အခါမျှ မကိုင်ရ၊ အိမ်တွင်မွေးထား

E-book is created by shanyoma

E-book is created by shanyoma

သော တိရစ္ဆာန်ချေးကြောင်အစရှိသောသတ္တဝါများ အထီးဖြစ်လျှင် မိန်းမများ ကျော်လွှားခြင်း၊ ကန်ကြောက်ခြင်း၊ ခြေတင်ခြင်း မပြုရ။

မိန်းမများ ထမီ(လုံချည်)ကို ဘယ်ဘက်ကိုဖုံး၍ ဝတ်ကြရသည်။ ညာဘက်ကို မဖုံးရ၊ ညာဘက်ကို ဖုံးလျှင် လင်ကို မရှိသေရာရောက်သည်ဟုဆိုသည်။ ကိုယ်ဝန်ဆောင်မိန်းမများ မင်္ဂလာဆောင်မသွားရ။ နံနက်စောစော သူတပါးအိမ်သို့ မလည်ရ။ ရွာထဲ ဧည့်သည်ဝင်လျှင် ဆီး၍ နှုတ်မဆက်ရ။ ဈေးဦး ဈေးဖျား မဆစ်ရ။ အိမ်တွင် ကိုယ်ဝန်ဆောင်မိန်းမရှိသော် အသုဘကိစ္စ ကူငွေထည့်လျှင် အသုဘရှင်ထံမှ ငွေတမတ် ယခုခေတ်(၂၅)ပြား အလှူပြန်ခံရသည်။

ရှမ်းလူမျိုးအိပ်ခန်းအတွင်းသို့ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အိမ်ရှင်ဝင်ခွင့်မပြုလျှင် ဧည့်သည်မဝင်ရ။ အိမ်ရှင်တွင် သွီးပျိုရှိလျှင် မာကြောင်း–သာကြောင်းကို အိမ်ရှင်က မစလျှင် ဧည့်သည်ကစ၍ မပြောရ၊ နှုတ်မဆက်ရ။

ထမင်းစားချိန် ဧည့်သည်ရောက်လာလျှင် ထမင်းစားပြီးကြပြီလား မမေးရ၊ ရှိသောဟင်းနှင့်ကျွေးရမြဲထုံးစံရှိသည်။ အဆင်သင့်မရှိလျှင် ချက်ချင်းချက်ပြုတ်ကျွေးရသည်။ (ဆိုင်ရှိလျှင် ချက်ချင်းဝယ်ကျွေးကြသည်)ကျွေးသောအခါလည်း ကုသိုလ်လိုချင်လို့ ကျွေးတာပါဟု ပြောတတ်သည်။

ထမင်းဟင်းထပ်လိုက်သောအခါမှာလည်း ဒူးနှစ်ဖက်ထောက်ပြီးမှ သို့မဟုတ် ပုဆစ်တုပ်ပြီးမှ ထည့်ကြသည်။ ဧည့်သည်ထမင်းစားနေစဉ်အခါ သို့မဟုတ် တစုံတယောက် ထမင်းစားနေစဉ်အခါ အနားရှိသူများက ချွဲဟပ်ခြင်း၊ နှပ်ညှစ်ခြင်း မပြုရရုံမျှမက အ,မင်္ဂလာစကားကိုပါ မပြောရ။

ဧည့်သည်ကို မှိုဟင်းနှင့်ခရုဟင်းကို မည်သည့်အခါမှ ချက်၍ မကျွေးပေ။

''ကျင်ဟစ်–စစ်ဆိုင်''မှိုစားလျှင် စိတ်နာသည်။

''ကျင်ဟယ်–တွယ်ကွန်–အံစံဆွန်–ဆုမ်းလီ''ခရုဟင်းစားလျှင် အညွန့်တုံး၍ အကြံအစည်ပျက်တတ်သောကြောင့်ဟုဆိုသည်။

ကြွံကြိုက်သောကြောင့် ဒေါင်းသားစားကြရလျှင် အရိုးကို စုပြီး တလုံးတစည်းတည်းပြု၍ တွင်းထဲတွင် စုပေါင်းမြှုပ်ပစ်ရသောထုံးစံ ရှိသည်။ အကယ်၍ စုပေါင်းပြီး မြေမမြှုပ်လျှင် တဦးနှင့်တဦး နောက်ထပ်တဖန် ပြန်၍မတွေ့ရတော့ဘဲ အကြာကြီး ကွဲကွာကြရလိမ့်မည်ဆိုကြသည်။

ရေတခေါင်းထဲမှ ရေကို သောက်ရန် ရေခွက်ထဲငှဲ့သောခါ၌ဖြစ်စေ၊ လဘက်ရည်ခရားထဲမှ ပန်းကန်လုံးထဲ ငှဲ့သောအခါ၌ဖြစ်စေ၊ လက်ပြန်ကိုင်၍ မငှဲ့ရ။ သောက်ရေနှင့်မျက်နှာသစ်ရန်ရေ ခွဲခြားထားကြသည်။ သောက်ရေကို မျက်နှာမသစ်ရ၊ ရေနွေးမကျိုရ၊ မျက်နှာသစ်သောရေကို သောက်ခြင်း ထုံးစံမရှိ။

လင်မယားအိပ်ရာဝင်လျှင် ဆွေရေး–မျိုးရေး–စီးပွားရေး–ရပ်ရွာရေးကိစ္စများကို တိုင်ပင်ဆွေးနွေးပြောဆိုခြင်း မပြုရ။ အကယ်၍ တစုံတရာ ပြောဆိုတိုင်ပင်ရန်ရှိလျှင် ခြင်ထောင်ပြင်

ဘက် ထွက်၍ထိုင်ပြီးမှ ပြောဆိုရသည်။ အိပ်ယာထဲ အိပ်ရင်းစကားပြောလျှင် စီးပွားပျက်တတ်ခြင်း၊ အကြံအစည်ပျက်တတ်ခြင်း၊ နှောင့်နှေးကြန့်ကြာတတ်ခြင်းရှိတတ်သည်ဟု ဆိုသည်။ "ဖန်ဟိုက်"အလွန်ဆင်းရဲမွဲတတ်သည်ဟုလည်း အယူရှိကြသည်။

ညှော့သည်အဖြစ် တည်းခိုနေသူကလည်း အိပ်ယာဝင်ပြီးမှ အိပ်နေရင်း အိမ်ရှင်နှင့်စကားမပြောရ၊ ပြောလိုလျှင် အိပ်ယာမှ ထ,ထိုင်ပြီးပြောရသည်။ ညှော့သည်အိပ်ယာကနိုးလျှင် မျက်နှာသစ်ရန် ရေအိုး သို့မဟုတ် ရေပုံး ရေကျည်တောက် အခန့်သင့်ထားကြသည်။

ညှော့သည်ကို ဘယ်တော့ပြန်ကြမလဲဟု မေးရိုးထုံးမရှိ။ ညှော့သည်က ပြန်မည့်ရက်ကို ကြိုတင်ပြောရသည်။ ညှော့သည်ပြန်လျှင် လမ်းတွင် စားသောက်ရန် ထမင်း သို့မဟုတ် ကောက်ညှင်းပေါင်းကို ၎င်းတို့စားသောက်သော ဟင်းလျာများနှင့်ထုပ်ပေးတတ်ကြသောထုံးရှိသည်။

ရပ်ရွာအတွင်း ပျဉ်ထောင်–ပျဉ်ခင်း၊ အိမ်ကြီးအိမ်ကောင်းဆောက်လုပ်ခြင်းမှတပါး ရိုးရိုးအိမ်ငယ်–ဝါး–သက်ငယ်၊ သဲ့ခင်းတောတိုင်ခေါ် မျှောတိုင်တို့ဖြင့် ဆောက်လုပ်လိုလျှင် အိမ်ဆောက်လုပ်သူက ပစ္စည်းကို စုထားပြီး "ပူကျယ်"ခေါ် သူကြီးအား အိမ်ဆောက်မည့်ရက်မတိုင်မီ ကြိုတင်တိုင်ကြား ပြောဆိုထားရသည်။

"သူကြီး"က "ရွာဆော်"ကို ဘယ်နေ့ဘယ်ရက်တွင် ဘယ်သူက အိမ်ဆောက်လိမ့်မည်။ ဝိုင်းဝန်းကူညီဆောက်လုပ်ပေးကြပါဟု အော်ဟစ်ခိုင်း၍ "ရွာဆော်"က ရွာထဲလျှောက်၍အော်ဟစ်ရသည်။

အိမ်ဆောက်မည့်နေ့ ရောက်သောအခါ ရွာသားများက နေ့ချင်းပြီး ဝိုင်းဝန်းဆောက်ပေးလိုက်ကြသည်။ အိမ်ရှင်က တတ်နိုင်လျှင် ထမင်းကျွေးသည်။ မတတ်နိုင်သူကို ကိုယ့်ထမင်းကိုယ်စားပြီး ဆောက်လုပ်ပေးကြသည်။ အိမ်အမိုး သက်ကယ်ဟောင်း၍ အသစ်လဲသောအခါလည်း အထက်နည်းအတိုင်း ဝိုင်းဝန်းကူညီမိုးပေးကြသည်။

တရပ်တရွာမှ ပြောင်းရွှေ့လာရောက် နေထိုင်လိုသူများက ကလပ်ပေါ် တွင် ပန်းများတင်၍ သူကြီးထံသို့သွားပြီးလျှင် မိမိ သို့မဟုတ် မိမိနှင့်အတူနေထိုင်ကြမည့်သားမယား အစရှိသောနာမည်အားလုံးကို ထုတ်ဖေါ်၍ တူသားဆွေမျိုးအရင်းအချာကဲ့သို့ မှတ်ယူတော်မူပါ။ ရပ်ရွာသာမှုနာမှုထုံးဓလေ့ရှိသည်များကိုလည်း လိုက်နာဆောင်ရွက်ပါမည်။ အိုးအိမ်–ခြံ–မြေဆောက်လုပ်၍ ဘုရားတကာ–ကျောင်းတကာ–ကျောင်းအမ ပဥ္စင်းတကာ ပဥ္စင်းအမ အလှူ့တကာ အလှူ့အမဖြစ်စိမ့်သောငှါ သူကြီးမင်း၏ရပ်ရွာတွင် နေထိုင်ခွင့်ပြုပါရန် လာရောက်ခွင့်တောင်းပါသည်ဟု ပြောဆိုရသည်။

ထိုအခါ သူကြီးက ရပ်ရွာသမာဓိလူကြီးများနှင့်တိုင်ပင်ပြီးမှ မည်သည့်နေ့ရက်တွင် အကြောင်းပြန်ပါမည်ဟု ရက်ချိန်းပေးလိုက်သည်။

ရပ်ရွာတိုင်းတွင် သူကြီးနှင့်အမြဲတစေ တိုင်ပင်အကြံပေးနိုင်ရန်"ပူဆမာတိ"ခေါ် သမာဓိလူကြီး ၅–ယောက်ထက်မနည်း ရပ်ရွာက ရွေးကောက်တင်မြှောက်ကြသည်။ သူကြီးနှင့်သမာဓိ

E-book is created by *shanyoma*

လူကြီးများ တိုင်ပင်ဆွေးနွေး၍ သဘောတူညီညွှတ်ကြသောအခါ ပြောင်းရွှေ့လာရောက်နေထိုင်မည့်ရွာသားအသစ်အတွက် နေထိုင်ရန် မြေနေရာပေး၍ လိုသော ဝါး–သက်ငယ်–မျှော့တိုင်တို့ကိုပါ ကူညီရှာဖွေပေးကြပြီး အိမ်ကို နေ့ချင်းပြီး ဝိုင်းဝန်းဆောက်ပေးကြသောထုံးစံလည်း ရှိသည်။

ရွာတိုင်း၌ ရွာလယ်လောက်တွင် ဝါးပိုးတိုင်ကြီး ၄–လုံးစိုက်ထူ၍ အထက်တွင် ဝါးသဲ့ခင်းရာဇမတ်ကာလှေခါးရှည်ကြီးတပ်ထားသော "ချိန်စောင်မန်"ခေါ် စင်မြင့်ကြီးတခုရှိပါသည်။ မြန်မာလို ရွာစောင့်နတ် အရှင်ကြီးစင်ခေါ်သည်။

နှစ်ဆန်းချိန်တရက်ရက်တွင် ထိုစင်မြင့်ကြီးပေါ်၌ အုန်းငှက်ပျောကန်တော့ပွဲများတင်၍ ရပ်ရွာအန္တရာယ်မရှိအောင် လူအများဘေးဘယာလုံခြုံအောင် ကာကွယ်စောင့်ရှောက်ပေးပါမည့်အကြောင်း ရပ်ရွာလူကြီးများက ရွာစောင့်နတ်အရှင်ကြီးကို တင်မြှောက်ပ,သဆုတောင်းကြသည်။ ထိုစင်ကြီးအောက်တွင် မိုးမခိုရ၊ ကျင်ကြီးကျင်ငယ် မစွန့်ရ၊ ကျွဲနွားမဝင်ရ၊ သေရည်သေရက် သောက်စားမူးယစ်ပြီးမဝင်ရ။

ရေခပ်သွားလျှင် ထင်းမခွေရ၊ ထင်းခွေသွားလျှင် ရေမခပ်ရ၊ ထုံးတမ်းစဉ်လာ ဖောက်ဖျက်လျှင် ကျားကိုက်တတ်သည်ဟုဆိုသည်။ သစ်ပင်အောက်တွင် ခေတ္တနားနေသော်၎င်း၊ အိပ်လျှင်သော်၎င်း၊ ထိုသစ်ပင်မှ အကိုင်းအခက်အရွက်တို့ကို မချိုးရ၊ မဆိတ်ရ၊ အမြစ်အရင်းကိုဖြစ်စေ ပင်စည်ပင်မကိုဖြစ်စေ ဓားဖြင့် မခုတ်ရ၊ မထစ်ရ၊ ခုတ်ထစ်သူကို ကျေးဇူးမသိတတ်သူ၊ ရိုင်းစိုင်းသူဟု ကဲ့ရဲ့ပြောဆိုကြသည်။ သို့မဟုတ် အလွန်ရိုင်းစိုင်းသူဟုဆိုသည်။

အိမ်တွင် လူသေလျှင် မသာမချမချင်း၊ မသာရှင်က လာရောက်မေးမြန်းသော ဧည့်သည်များကို ထမင်းကျွေးရသည်။ မသာအိမ်မှာလည်း လူမပြတ် စောင့်နေရပြီး မသာအလောင်းပေါ်ကြောင်မကျော်ရအောင်လည်း အထူးဂရုစိုက်ကြသည်။

လ,ငပုပ်ဖမ်းသောညနှင့်ကြုံကြိုက်လျှင် တင်ကြို၍ ခေါင်းသွင်းကြသည်။ အကယ်၍ ခေါင်းမသွင်းမိလျှင် အလောင်းပေါ်ကို ဖျာ သို့မဟုတ် စောင်နှင့်ချက်ချင်း ဖုံးဖိထားကြသည်။

မသာကို ၃–ရက်၊ ၅–ရက်၊ ၇–ရက်ထားကြသည်။ အချို့အသက် ၆၀–ကျော် ပစ္စည်းဥစ္စာပြည့်စုံသော မသာကို ၉–ရက်ထားတတ်ကြသည်။ မီးသင်္ဂြိုဟ်ရိုး ထုံးစံမရှိ။

လဆန်း ၁–ရက် နောက်ဘက်သို့ကူးမည်ဆိုလျှင် အလောင်းကို အိမ်ပေါ်မှာမထားဘဲ အိမ်အပြင်ဘက် သို့မဟုတ် ရွာအပြင်သို့ထုတ်၍ တဲထိုးထားလေ့ရှိသည်။

ဧည့်သည်သေလျှင် ရွာသင်္ချိုင်းမှာ မချဘဲ ဧည့်သည်သင်္ချိုင်းမှာချသည်။

လမ်းတွင် အဝတ်အထည်များ လှမ်းထားသော် မသာချလာလျှင် ထွက်၍ ရုပ်ကြသည်။ မသာပို့သူများအပြန် သုသာန်ဝတွင် မသာရှင်က အဆင်သင့်လုပ်ထားသော တရော်ကင်ပွန်းရေများနှင့်လက်ကို ဆေးခြင်း၊ နဖူးဆံစများကို ပွတ်သပ်ခြင်း ပြုလုပ်ကြသည်။ မိမိတို့၏ အိမ်သို့လည်း အရောက်ပြန်ကြသည်။ အိမ်ရောက်ပြီးမှ တခြားသွားစရာရှိသောနေရာကို သွားကြသည်။ လမ်းတဝက်က သွားရိုးထုံးစံမရှိ။

E-book is created by *shanyoma*

ရပ်ရွာ၌ မသာရှိလျှင် ရှင်ပြုအလှူပွဲ၊ လက်ထပ်မင်္ဂလာပွဲများကို ရက်ရွှေ့ကြသည်။ အလှူမင်္ဂလာပွဲပြုလုပ်နေသော နေ့ရက်အတွင်း လူသေဆုံးပါလျှင် နေ့ချင်းချ၍ သင်္ဂြိုဟ်ကြ၏။

ဝါတွင်း၌ ဥပုသ်စောင့်သောအခါ အိမ်ကို ပြန်မအိပ်ကြပေ၊ ယောကျ်ားများက ကျောင်းပေါ်တက်အိပ်၍ မိန်းမများက ဇရပ်တွင် အိပ်ကြသည်။ ဥပုသ်နေ့အိမ်ပြန်အိပ်သူများကို သီလချပြီးသူများဟု ပြောကြသည်။

ဝါတွင်းသီတင်းနေ့များတွင် အကြောင်းအမျိုးမျိုးကြောင့် ဥပုသ်မစောင့်နိုင်သော်လည်း တတ်နိုင်သမျှ လှူဘွယ်ပစ္စည်းများနှင့်နံနက်ဘက်ကျောင်းတက်၍ ဆရာဘုန်းတော်ကြီးကို ကန်တော့ကြသည်။ ၎င်းကို ကျောင်းတက်သည်ဟု ခေါ်ကြသည်။

ဝါတွင်း,ဝါပ သီတင်းနေ့များတွင် ဆံဖွပ်–မောင်းထောင်း၊ ရက္ကန်းယက်၊ တောင်ယာလုပ်၊ အဝတ်ဖွပ်ခေါင်းလျှော်ခြင်းမှစ၍ သစ်ပင်လှဲခြင်း၊ သစ်ကိုင်းခုတ်ခြင်းများကို မပြုလုပ်ကြပါ၊ ပြုလုပ်လျှင် နတ်သိကြားများကို အနှောင့်အယှက်ပြုရာကျသည်ဟု ဆိုသည်။

နတ်ကိုးကွယ်မှုမှာ မြေပြန့်ကဲ့သို့ အိမ်တွင်းမဟာဂီရိအစ ယွန်းဘုရင်အဆုံးရှိသော အပြင် ၃၇–မင်းနတ်မျိုးများ မရှိဘဲ မြို့စောင့်နတ်၊ တောင်စောင့်နတ်၊ ရေစောင့်နတ်များကိုသာ ကိုးကွယ်ကြသည်။

ကိုးကွယ်ကြရာ၌ နတ်ကွန်းနတ်နန်းများ ထားရှိသော်လည်း နတ်ရုပ်ထုများ မထားရှိပါ၊ နတ်ပန်းအိုးများ သစ်သားဓားတုလှံတုများနှင့်ဆင်ချီတိုင် မြင်းချီတိုင်များ စိုက်ထူတင်မြှောက်ပ,သထားကြသည်။

နတ်ကွန်းအနီးအနား သစ်ပင်ဝါးပင်များခုတ်ခြင်း ကျွဲနွားကျောင်းခြင်း၊ ချီထားခြင်း၊ ကျေးငှက်အစရှိသော သတ္တဝါများကို ပစ်ခတ်ဖမ်းဆီးခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ သေရည်သေရက်သောက်စားခြင်း၊ တင်မြှောက်ခြင်း၊ သွီးရည်းစား ချစ်တင်းနှီးနှောပြောဆိုခြင်းများကို လုံးဝမပြုလုပ်ကြရ။

ရပ်ရွာတွင် သီလ–သမာဓိနှင့်ပြည့်စုံသူ သက်ကြီးရွယ်ရင့် အဘိုးအိုတယောက်ယောက်က နတ်ထိန်းကြီးအဖြစ်နှင့်နတ်ကွန်းနတ်နန်းများကို ထိန်းသိမ်းအုပ်ချုပ်ပြုပြင်ရသည်။ မိန်းမများ နတ်ထိန်းအဖြစ် လုပ်ရရိုး ထုံးမရှိ။

ရပ်ရွာထဲ၌ စုန်း–ကဝေ–ပညာသည်မှန်းသိလျှင် ထိုမိသားစုတအိမ်လုံးကို ရွာတွင် မထားဘဲ မရလျှင် ရတဲ့နည်းနှင့်နှင်ထုတ်ပစ်ကြသည်။ ရှေးခေတ်ဟောင်းကဆိုလျှင် စုန်းကဝေပညာသည်မှန်းသိလျှင် ဝိုင်း၍ရိုက်နှက် သတ်ဖြတ်ပစ်ကြသည်။

ရွာတိုင်း အရပ်တိုင်း၌ ကာလသား ကာလသွီး လူပျိုလူရွယ်များက ၎င်းတို့ရွာထဲမှ သီလသမာဓိ ဂုဏ်သတ္တာတည်ကြည်သူ အများသဘောတူရွေးကောက်တင်မြှောက်ထားကြသော "ပူခေါင်း"ခေါ် ကာလသားခေါင်းနှင့်"အောက်ခေါင်း"ခေါ် ကာလသွီးခေါင်းများ ရှိပါသည်။ ကာလသွီးခေါင်းကို"အောက်ခေါင်း"အပြင် ရှိသေသောအားဖြင့် "မြဲခေါင်း"သို့မဟုတ် "နိုင်းခေါင်း"

E-book is created by *shanyoma*

ဟုလည်း ခေါ်ကြသေးသည်။

အဓိပ္ပါယ်မှာ အမေ–ခေါင်း၊ အဖွား–ခေါင်း၊ သို့မဟုတ် ခေါင်းအမေ–ခေါင်းအဖွားဖြစ်သည်။

ကာလသား–ကာလသမီးခေါင်းတို့သည် ဩဇာအလွန်ရှိသည်။ ကာလသားသမီးများက ၎င်းတို့ပြောဆိုဆုံးမသည်ကို ချစ်ကြောက်ရိုသေစွာနှင့် လိုက်နာကြသည်။ ၎င်းတို့ဆိုဆုံးမသည်ကို နားမထောင်သူအား ထိုသူကို တာဝန်မယူနိုင်ကြောင်း ပြောလျှင် ရပ်ရွာက ထိုသူအား ဝိုင်းပယ်ကြသည်။

တဦးက တဦးကိုခေါ်လိုက်လျှင်"ဩ"ဟုထူးသည်။ အဓိပ္ပါယ်မှာ ဟုတ်ကဲ့ ကောင်းပါပြီ၊ သို့မဟုတ် ဘုရား မှန်ပါ့ ဖြစ်သည်။ တဦးနှင့်တဦး ပြောဆိုသုံးနှုန်းကြရာတွင်လည်း စကားအဆုံးတွင် အများအားဖြင့် 'ခ'ဝေါဟာရကို ထည့်သွင်းသုံးနှုန်းပြောဆိုကြသည်။ 'ခ'အဓိပ္ပါယ်မှာ အမျိုးသားကသုံးလျှင် ခင်ဗျား–မှန်ပါ၊ အမျိုးသမီးကသုံးလျှင် ရှင်–မှန်ပါ ဖြစ်သည်။

မြေမြင့်သူ လူပျိုဖြူများက မြေပြန့်သား လူပျိုများကို 'ပြီမောင်မန်' ဗမာအကို၊ ရှမ်းယောကျ်ားလူပျိုကို 'ပြီဆန်'ကိုရင်ဟု ယဉ်ကျေးမှုဖြင့် ခေါ်ပြောသုံးနှုန်းကြပါသည်။

မြေမြင့်သူ မြေမြင့်သား ဗမာညီအကို မောင်နှမများသည် မျိုးရိုးယဉ်ကျေးမှုထုံးဓလေ့များကို ထိန်းသိမ်းသောနေရာတွင် အထူးချီးကျူးစရာ ကောင်းလှပါပေ၏။

★

## ရှမ်းတောင်သူလယ်သမား

မြေမြင့်ဒေသသည် မြို့ကြီးပြကြီးနည်းပါးပြီး တောရွာဒေသက များပြား၍ တောနေ–တောင်သူလူတန်းစားများသည် အများအားဖြင့် အားသွန်ခွန်စိုက် လုပ်ကိုင်စားသောက်ကြသော တောင်သူလယ်သမားများသာ ဖြစ်သည်။

တောမြေရိုင်းများကို အလျား ၁၀–လံ၊ အနံ ၁၀–လံ တကွက် ၁၆–ကွက်ကို တတိုင်သတ်မှတ်ပြီး မိမိတို့လုပ်အားရှိသမျှ တတိုင်–နှစ်တိုင်–လေးတိုင်–ခြောက်တိုင်စသည်ဖြင့် သတ်မှတ်လုပ်ကိုင်ကြသည်။ မုဆိုးမများပင် အနည်းဆုံး နှစ်တိုင်ခန့် လုပ်ကိုင်ကြသည်။

သတ်မှတ်ထားသော မြေအတိုင်းအတာအကွက်တွင် ရှေးဦးစွာ သစ်ပင်ကြီးများကို လှဲချ၊ အကိုင်းအခက်များကို ခုတ်ထွင်ရှင်းလင်းကြသည်။ ၎င်းကို "ယာထိန်းသည်"ဟုခေါ်ကြသည်။

ယာထိန်းပြီးနောက် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းတူးဆွရသည်။ ၎င်းကို "အောက်ပေါင်း"ခေါ်သည်။

ချုံနွယ်ပိတ်ပေါင်းခုတ်ရာတွင် ရှင်းလင်းတူးဆွပြီးသော အမှိုက်များကို စုပုံမီးရှို့ရသည်။ ၎င်းကို "ကျွန်းခွေ"ခေါ်သည်။

"ကျွန်းခွေ"မကုန်၊ ကျန်ရှိနေသော အမှိုက်အစအနများကို သစ်ငုတ်တိုများပေါ်တင်၍

E-book is created by shanyoma

မီးရှို့ရသည်။ ၎င်းကို "ပရစ်ဖုတ်"သည်ဟု ခေါ်သည်။

ထိုသို့ ခုတ်ထွင်ရှင်းလင်းပြီးသော လယ်ယာမြေကွက်ကို မိုးရာသီတွင် ကျွဲတကောင်တပ် ထွန်တုံးနှင့်ပင်ပန်းကြီးစွာ ထွန်ယက်ကြရပြီး ရာသီအလိုက် စပါး–မြေပဲ–အာလူး–နှမ်း–ပဲပုပ်–အစရှိသည်များကို စိုက်ပျိုးလုပ်ကိုင်ကြရသည်။

အချို့လယ်ယာမြေများသည် တောင်စောင်း၊ တောင်ကမ္ဘားများတွင် လှေကားထစ်သဖွယ် ထွန်ယက်စိုက်ပျိုးကြရသည်။

ယင်းသို့ ဆင်းရဲပင်ပန်း အားသွန်ခွန်စိုက် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ကြရသောလယ်ယာမြေများသည် (၃)နှစ်ကြာလျှင် မြေဩဇာဓာတ် လျော့နည်းပါးသွား၍ အသီးအနှံ မဖွံ့ဖြိုးတော့သောကြောင့် ယာဆိုးအဖြစ် စွန့်ပစ်ထားခဲ့ပြီး တောမြေရိုင်းကို ထပ်မံရှာဖွေကာ ထွန်ယက်လုပ်ကိုင်စိုက်ပျိုးကြရပြန်သည်။ ထို့ကြောင့် အချို့လယ်ယာမြေများသည် ရွာနှင့် သို့မဟုတ် ပိုင်ရှင်အိမ်နှင့် ၄–၅–မိုင်ခန့် ကွာဝေးလေသည်။

ယာခင်းရှင်များသည် နံနက်မိုးမလင်းမီထ၍ ချက်ပြုတ်စားသောက်ကြပြီး နေ့လည်ခင်းယာခင်းစခန်းတွင် အဆာပြေစားသောက်ရန် အစားအစာများကိုပါ ယူဆောင်သွား၍ ၄–၅–မိုင်မျှဝေးသော ယာခင်းရှိရာ သွားရောက်လုပ်ကိုင်ကြရပြီး နေဝင်ဆည်းဆာအချိန်မှ ပြန်ကြရာ မိုးချုပ်မှ အိမ်ပြန်ရောက်၍ ချက်ပြုတ်စားသောက်ကြရသည်။

တောရိုင်းမြေများကို ထွန်ယက်လုပ်ကိုင်စိုက်ပျိုးကြရသော လယ်ယာမြေများအပြင် တောင်ကျရေ၊ စမ်းအိုင်၊ ချောင်း၊ မြောင်းတို့မှ ဝါးရေတန်လျှောက်တို့ဖြင့် သွယ်ယူ၍သော်၎င်း၊ တူးမြောင်းများ ဖောက်လုပ်သွယ်ယူ၍သော်၎င်း၊ မိမိတို့လုပ်ငန်းရှိရာ လယ်ယာမြေကွက်အတွင်း ရေရောက်ရှိအောင် သွင်းယူပြီး ထွန်ယက်၍ ရာသီအလိုက် စိုက်ပျိုးကြသော "ရေခြံ"ခေါ် လယ်ယာခြံမြေများလည်း ရှိသည်။

ညောင်ရွှေအင်းလေးနယ်ရေခြံမှာ ကျွန်းမျောများကို မိမိတို့အလိုရှိရာသို့ ပင်ပန်းကြီးစွာ လှေနှင့်ဆွဲယူရပြီး ရေစီးတွင်မျောပါမသွားအောင် ၁၀–တောင် ၁၂–တောင်ခန့်ရှိ ဝါးလုံးရှည်ကြီးများနှင့်ခိုင်မြဲအောင် စိုက်ထားကြရသည်။

၎င်းကျွန်းပေါ်သို့ မြေဩဇာဖြင့် မြက်ပင်၊ ဗေဒါပင်၊ မှော်ပင်များကို ပထမတင်ထားရသည်။ ၎င်းနောက် ရွှံ့မြေများ ထပ်မံဖို့ထားကာ မြေဆီမြေသြဇာတက်အောင် လများစွာ ထားသည်။ မြေဆီမြေသြဇာတက်လာသောအခါမှ ထွန်ယက်၍ ရာသီအလိုက် စိုက်ပျိုးလုပ်ကိုင်ကြရသည်။

မိမိတို့ချွေးဖြင့် ရင်းနှီး၍ထားရသော လုပ်ခင်းများမှထွက်သည့်ကောက်ပဲအသီးအနှံတို့ကို နီးရာဈေးနေ့များသို့ သယ်ယူတင်ပို့ရောင်းချကြရပြီး လူ့ဒါန်းစားသောက်ဖွယ်ရာများကို ဝယ်ယူကြသည်။

E-book is created by *shanyoma*

## ၅–ရက်တဈေး

မြို့ကြီး ၄–၅–မြို့လောက်သာ နေ့စဉ်ဈေးရှိပြီး ၅–ရက်တကြိမ်ကျ ပြုလုပ်ရောင်းချကြသော ဈေးနေ့များသာရှိသည်။ နေ့စဉ်ဈေးရှိသော မြို့ကြီးများပင် အထူးသဖြင့် ၅–ရက်တဈေး ထပ်မံပြုလုပ်ရောင်းချကြသေးသည်။

ဈေးစည်သောအချိန်မှာလည်း တနယ်နှင့်တနယ် တနေရာနှင့်တနေရာ မတူကြပေ။

ကျိုင်းတုံနယ်တွင် နံနက် ၄–နာရီလောက်ကစ၍ နှင်းမြူတွေအကြား မီးဒုတ်–မီးစီး–မီးတိုင်–မီးခွက်များနှင့်သွားလာရောင်းဝယ်နေကြပြီး နံနက် ၇–နာရီခွဲ ၈–နာရီလောက်အချိန်၌ ဈေးကွဲသည်။

တချို့နယ် တချို့နေရာတွင် နံနက် ၅–နာရီခွဲ ၆–နာရီလောက်ကစ၍ အရောင်းအဝယ်ပြုလုပ်ပြီး ၉–နာရီ ၁၀–နာရီခန့် ဈေးကွဲသည်။

အချို့နယ် အချို့နေရာတွင် နေ့လည်တနာရီလောက်မှ ညနေ ၄–နာရီ ၅–နာရီလောက်မှာ ဈေးကွဲသည်။

အချို့နယ် အချို့နေရာတွင် နံနက် ၅–နာရီ ၆–နာရီလောက်ကစ၍ အရောင်းအဝယ်စလုပ်စည်ကားပြီး ညနေ ၆–နာရီအထိ တနေ့လုံး ရောင်းဝယ်ကြသည်။

အင်းလေးနယ်တွင်လည်း ရောင်းသူများက လှေပေါ်တွင် ဈေးဆိုင်ဖွင့်၍ ရောင်းချကြပြီး ဝယ်သူများကလည်း လှေနှင့်လိုက်ဝယ်ကြရသော နေ့စဉ်နှင့် ၅–ရက်တကြိမ် ရေပေါ်ဈေးခေါ် ဈေးနေ့များလည်း ရှိသည်။

အနက်–အဖြူ–အနီ–အဝါ–အပြာ–အကြောင်အကြားနှစ်သက်ရာ အရောင်အသွေးအမျိုးမျိုးကို မြေမြင့်သူ–မြေမြင့်သားလူအမျိုးမျိုးများ၊ ရိုးရာအဝတ်အစားများကို လှပစွာ ချုပ်လုပ်ဆင်ယင်ဝတ်စားကာ တိုးဝှေ့သွားလာ ရောင်းဝယ်စားသောက်နေကြသော မြေမြင့်၏ရှုခင်းသာတွင်–

မား(ခ)လ်–ခိုင်ပေါ်ပေါ်–ခိုင်ပေါ်ပေါ်၊

မား(ခ)လ်–ခိုင်ပေါ်ပေါ်–ခိုင်ပေါ်ပေါ်၊

လာပါခင်ဗျာ ပေါ်ပေါ်ရောင်းမယ်–ပေါ်ပေါ်ရောင်းမယ်။ လာပါခင်ဗျာ–ပေါ်ပေါ်ရောင်းမယ်–ပေါ်ပေါ်ရောင်းမယ်။

နိုင်ငံခြားသားတရုပ်ကုလားများက စားကုန်သောက်ကုန်မှအစ အဝတ်အထည် လူ့အသုံးအဆောင်အမျိုးမျိုးကို ရှမ်းဘာသာဖြင့် ဟစ်အော်ပြောဆို ရောင်းချနေကြသည်ကို မြင်ရကြားရသောအခါ. . .

ရှမ်းလူမျိုးတွေဟာ အင်မတန်ရိုးစိုးတယ်၊ စုန်းကဝေပညာသည်တွေကလဲ အင်မတန်ပေါများတယ်၊ သူတို့နဲ့စကားပြော အခန့်မသင့်ယင် သူတို့စိတ်နဲ့အခန့်မသင့်ယင် တခါထဲ ရူးသွပ်သွားအောင် အသက်သေဆုံးအောင် တသက်လုံး လူစင်မမီအောင် ပြုစားလိုက်ကြတာဘဲဟု တမိုး

E-book is created by *shanyoma*

တမြေထဲသား ရှမ်းဗမာ ညီအကို မောင်နှမများ တဦးနှင့်တဦး အထင်အမြင်မှားအောင် မြေပြန့်နှင့်မြေမြင့် မပူးပေါင်းမိအောင် သွေးကွဲအောင် နယ်ချဲ့သမားများ ဝါဒဖြန့်ထားသောစကားကို ယုံမှတ်မှားကြပြီး ရှမ်းပြည်ကျော်၍ အလုပ်အကိုင်အရောင်းအဝယ် စီးပွားရှာဖွေကြရမည်ကို သေမင်းနိုင်ငံသို့ သွားကြရမလောက် ကြောက်ရွံ့နေခဲ့ကြသော ရှေးခေတ်က ဒို့ဗမာအပေါင်းတို့ကို ပြန်ပြောင်းသတိရကာ ဒေါသဖြစ်မိသည်။

ဈေးအတွင်းများ၌ ရောင်းချနေကြသော ဈေးဆိုင်များအနက် မြေမြင့်အခေါ် အစားဆိုင်(အကြမ်းဆိုင်)သည် လူအစည်ကားဆုံးဆိုင်များ ဖြစ်သည်။

လဘက်ရည်အခါးကို လဘက်ခြောက်အလှော်ကြိုက်သူများအတွက် မီးကျီးခဲပေါ်(အိုးကင်း)တင်ပြီး လဘက်ခြောက်ကို သင်းသင်းလေး မွှေးသည်အထိ လှော်၍ခပ်ပေးသည်။ အစိမ်းကြိုက်သူများအတွက် လဘက်ခြောက်အစိမ်းခပ်ပေးပြီး ဆားခပ်သောက်လိုသူများအတွက် ဆားခွက်ကလေးကိုပါ ခုံပေါ်တင်ထားပေးသည်။ တချို့ဒေသ၌ အကြော်စုံပါ ရောင်းသည်။

ရှေးခေတ်က အခါးတအိုး နှစ်ပဲ(တမူး) ယခုခေတ်(၂၅)ပြားပေးရသည်။ လဘက်ခြောက်ကို များများခပ်ထားပြီး နောက်ထပ်ရေနွေးအိုးလိုသလောက် ထပ်ထည့်ပေးသည်။ အခါးသို့မဟုတ် အကြမ်းဆိုင်များ လူစည်ကားသည်မှာ လဘက်ရည်တအိုးကို လူ ၄-၅-ယောက် ဝိုင်းဖွဲ့သောက်ယင်း ရောင်းဝယ်ရေးမှစ၍ အလုပ်အကိုင်အခြေအနေ စပ်မိစပ်ရာ စကားစမြည်များကိုလည်း ပြောဆိုနေနိုင်ကြသည်။ သွားယင်းလာယင်း အပန်းဖြေအခါးရေသောက်ပြီး နားနေနိုင်ကြသောကြောင့်ပင် ဖြစ်သည်။

အများအားဖြင့် အခါး(အကြမ်း)ဆိုင်ရှင်များသည် "မော"၏သမီးပျိုအချောအလှကလေးများသာဖြစ်ကြ၍ လူပျိုကာလသားများတို့သည် ပိုးယင်းပန်းယင်း အခါးရေသောက်ယင်း ရယ်ရွှန်းပတ်ရွှန်းနှင့်ရိသဲ့သဲ့ ချိတ်တိတ်တိတ်စကား ပြောဆိုတတ်ကြသည်။

မြေမြင့်၏ထုံးတမ်းစဉ်လာဖြစ်နေသောကြောင့် အခါးသည် "မော-မေ-မယ်"တို့ကလည်း စိတ်ဆိုးမှုမပြု၊ ဘုကျကျစကားမပါ၊ ယဉ်ကျေးဘွယ်ရာ စကားအသုံးအနှုန်း ပြုံးစိစိမျက်နှာထားနှင့်ပြန်လှန်ချေပ ပြောဆိုတတ်ကြပါသည်။

အချို့နယ်များတွင် ဈေးလာသူလှပျိုဖြူများကို လူပျိုများက ဈေးအတွင်း လှည့်ပတ်ကြည့်ရှုကာ မိမိချစ်လိုစကားပြောလိုသူ လှပျိုဖြူ ဈေးကအပြန် လမ်းမှစောင့်ကြိုပြီး အပျိုအိမ်ကို အရောက် ချစ်ရေးစကား ပြောဆိုကြသည်။

အပျိုများက လူပျိုအပြန် ခရီးဝေးလျှင် လမ်းတွင်စားသောက်ရန် ထမင်းထုပ်များပေးကြသော ထုံးဓလေ့များလည်း ရှိသည်။

"ဟင်းကောင်းကောင်း ချက်ပြီး ထည့်ပေးလိုက်ချင်ပေမဲ့ ကျမတို့က ဆင်းရဲတော့ ထည့်မပေးလိုက်နိုင်ဘူးနော့. . ."

"ပဲပုပ်နှင့်ငရုပ်သီးထောင်းလောက်သာ ထည့်ပေးလိုက်နိုင်ရှဲရှိတယ်နော့. . ."

E-book is created by shanyoma

E-book is created by *shanyoma*

ကန္တ်ကရနှင့်ပြောကာ ထမင်းထုပ်ကို လက်နှစ်ဖက်နှင့်ယှက်ကိုင်ကာ တရိုတသေဖြင့် လူပျိုကို ပေးလိုက်တတ်ကြသည်။

"ဟင်းကောင်းတာ မကောင်းတာ ပမာနမဟုတ်ပါဘူး၊ မေတ္တာရှင်က ထုပ်ပေးလိုက်တဲ့ ထမင်းထုပ်ထဲက ငရုပ်သီးနဲ့ပဲပုပ်လေးဟာ ချိုချိုမွှေးမွှေးနှင့်ရွှေရင်အေးရမဲ့ ထမင်းမျိုး–ဟင်းမျိုးဖြစ်မှာမို့ ဝမ်းသာလှပါတယ် နန်းရယ်"၊ အဓိပ္ပါယ်ပါသော စကားမျိုးကို ပြောဆိုသုံးနှုန်းကာ ယူသွားတတ်ကြသည်။ ဤထမင်းထုပ်မျိုးသည် စားကောင်းသောက်ဖွယ်ရာ ဟင်းကောင်းဟင်းလျာပါတတ်သော ထမင်းထုပ်မျိုးဖြစ်တတ်သည်။

"ပြီဆန်(ကိုရင်)ကို နန်းတို့က စေတနာသဒ္ဓါတရားတွေပိုပြီး ဟင်းကောင်းဟင်းလျာတွေ တမင်တကာ ရှာဖွေချက်ပြုတ်ပြီး ထမင်းထုပ်ပေးလိုက်တယ်နော့. . . "။

"လမ်းမှာ အပန်းဖြေစားသောက်တဲ့အခါလဲ နန်းတို့ရွာဘက်ကို လှဲ့ပြီးစားသောက်ပါနော"အဓိပ္ပါယ်ပါသောစကားမျိုးများကိုလည်း ပြောဆိုကာ ကန္တ်ကရနှင့်တိုင်ကို လက်နှစ်ဖက်ယှက်ကာ ကိုင်ပြီးပေးတတ်သည်။

ယောကျ်ားပျိုကလည်း အားရဝမ်းသာစွာနှင့်(နောက်ဈေးနေ့မှာ စောင့်ကြိုနေပါမယ် အလှရယ်)အဓိပ္ပါယ်ပါသောစကားများကို ပြောဆိုယူသွားတတ်ကြသည်။ ဤထမင်းထုပ်မျိုးမှာ ဟင်းဗလာထမင်းထုပ်မျိုး ဖြစ်နေတယ်။

★

## လူပျိုလှည့်ရ အဖိတ်နေ့ည

မြေမြင့်တွင် လူပျိုလူရွယ် ကာလသားဘဝ လူပျိုလှည့်ရသောညမှာ အဖိတ်နေ့ည ၈–နာရီအချိန်လောက်မှ ၁၂–နာရီအချိန်လောက်အထိ ဖြစ်ပါသည်။

ဥပုသ်နေ့သည် နေ့ထူးနေ့မြတ်ဖြစ်၍ မြေမြင့်တွင် ဆန်ဖွပ်၊ မောင်းထောင်း၊ ယက္ကန်းယက် တောင်ယာပဲခင်းစိုက်ပျိုးခြင်းမှစ၍ လုပ်ငန်းကိစ္စအဝဝကို ဘာတခုမှ မလုပ်ကြဘဲ နေ့အား ရက်အားအဖြစ် သတ်မှတ်ထားခါ အနားယူကြသောကြောင့် လူငယ်ဘာဝ ချစ်ရေးချစ်ရာစကားများကို ပြောဆိုကြရ၍ အိပ်ရေးပျက်ခဲ့သော် နောက်တနေ့သည် ဥပုသ်နေ့ ရက်အား–နေ့အားဖြစ်၍ နေမြင့်အောင် အိပ်နေလိုက အိပ်နေရအောင် အဖိတ်နေ့ည လူပျိုလှည့်ရန်ရက်အဖြစ် သတ်မှတ်ထားဟန် တူသည်။ သို့သော် ရှမ်းအမျိုးသားများ နေမြင့်အောင် အိပ်လေ့အိပ်ထ မရှိပါ။

လူပျိုလှည့်ရန် အဖိတ်နေ့ည ကန့်သတ်ထားသော်လည်း သက်ငယ်ပြစ်ချိန် သနပ်ဖက် ရွက်ပြင်ချိန်များတွင် ည ၇–နာရီက ၁၀–နာရီအချိန်လောက်အထိ လူပျိုလှည့်နိုင်ကြသေးသည်။

ဟတ်ဆူယူကော်. . . ပြီဟောင်. . . အောင်အံလိုက်၊

မိုက်စိုင်း. . . မိုက်ခေါ်နာ. . . ဟွမ်းဟွေး. . . စမွှေးနာ–စမွှေးနာ။

ချစ်ပါလျက်နဲ့ မောင်ယူလို့မရနိုင်တဲ့အတွက် အသဲနှလုံးယူကြုံးမရ ပူလှပါပြီအလှရယ်၊

ချစ်နှမ ကိုယ်က ထွက်တဲ့အနံ့သင်းပျံ့ပျံ့မွှေးကြိုင်ကြိုင် ပန်းရနံ့ထုံလှိုင်လှိုင်တို့ကလဲ မောင်မောင်ရဲ့ဘဝမှာ စွဲမြဲလျက်သာ နေပါတော့တယ် အလှသယ်နှမရယ်။

အဓိပ္ပါယ်ပါသော ချစ်တေးကဗျာများကိုသော်၎င်း၊ မမလေးကို ချစ်ပါတဲ့အာရုံ ရွှေမြင့်မိုရ်တတောင်လုံး တုံးမှတ်လို့ ခုန်ဆိုသောကဗျာမျိုးကိုသော်၎င်း၊ ကောင်းခြောက်ဆယ်လေးရပ် သွေးထပ်ထပ်ရုပ်ညီ အစရှိသော မြှောက်ပင့်ဘွဲ့တေးထပ်ကဗျာမျိုးများကို၎င်း၊ အသံအားကိုးနှင့် ဆိုသော လူပျိုမျိုးက တမျိုး။

ကုလားမြွေအလမ္ပာယ်ဆရာမှုတ်သော ပြွေကဲ့သို့ ဗူးသီးခြောက်ကို ဝါးလုံးကလေး ၂–လုံး ပူးတပ်ထားသော "ပြီဟောင်း"ခေါ် ပြွေကို ညှင်းညှင်းသာသာနှင့်တေးကဗျာအမျိုးမျိုးကို ကြူခါမှုတ်ခါနှင့်လူပျိုလှည့်သောလုလင်များက တမျိုး။

(၎င်းပြီဟောင်းခေါ် ပြွေကို ပုဂံခေတ်က ညှင်းခေါ်သည်ဟု မှတ်တမ်းများတွင် တွေ့ရသည်။)

ခါးပိုက်ဆောင်နာရီသံပတ်ပြားခန့်ရှိ ကြေးဝါပြားကလေးအရှည် ၆–လက်မခန့် နှစ်ဖက်အစွန်းတွင် ကြေးဝါတုံးကလေးကို ဂဟေဆော်တပ်ထားသော 'ပြေး'ခေါ် တူရိယာကလေးကို တဖက်ထိပ်စွန်းကို ပါးစပ်နှင့်ကိုက်၍ တဖက်ထိပ်စွန်းကို လက်တဖက်ကဆွဲထားပြီး လက်တဖက်က လက်ညှိုးလက်မနှင့်အသာအယာ ခပ်ခါ တောက်ခါ ချစ်ကဗျာတေးသံသာများကို တီး၍လာသော ကာလသားက မရှား။

အချို့ကာလသားက ရွာတွင် အပျိုအိမ်၊ အချို့ကာလသားက ရွာနှင့်၂–မိုင် ၃–မိုင်ကွာဝေးသော အပျိုအိမ်များသို့ အဖော်ကာလသားများနှင့်သွားရောက် လူပျိုလှည့်ကြပါသည်။

အပျိုအိမ်ခြံဝင်းအရှေ့အနား၊ ဝင်းခြံမရှိသောအိမ်ဖြစ်လျှင် အတက်အဆင်း လှေခါးရင်းနားကဖြစ်စေ၊ ည ၇–နာရီ ၈–နာရီလောက်ရောက်လာကြပြီး ချစ်ကဗျာ–ချစ်တေးသံသာများကို သီဆိုတီးမှုတ်နေကြပါသည်။

မြေမြင့်၏ ထုံးဓလေ့ဖြစ်၍ အိမ်ရှိလူကြီးများက ရှောင်ဖယ်ပေးသောအနေဖြင့် သူတို့အိမ်ခန်းများကို ဝင်ရောက်အိပ်နေကြ၍သော်၎င်း၊ တခြားအိမ်သို့ သွားရောက်လည်ပတ်၍သော်၎င်း နေတတ်ကြသည်။

လှပျိုဖြူက အိမ်အလယ်ရှိ မီးဖိုဘေးတွင်ထိုင်ကာ လုလင်ပျိုတို့ သီဆိုတီးမှုတ်နေသော ချစ်တေးသံသာ ချစ်ကဗျာကို နားထောင်ရင်း လူပျိုကို စောင့်ကြို၍နေကြသည်။

ချစ်တေးသံရှင် အိမ်ပေါ်ရောက်လာသောအခါ အသင့်ရှိသောကွမ်းအစ်–ဆေးလိပ်ခွက် လဘက်ခြောက်လှော်ပြီး ခပ်ထားပြီးသောလဘက်ရည်အခါး–ဆားတို့နှင့်ကျွေးမွေးညှော့ခံ စားသောက်ခါ အလ္လာပ, သလ္လာပစကားပြောဆိုကြပြီးနောက်မှ လူပျိုက စတင်၍–

"ဒီနေ့ည လမင်းကြီးကလဲ သာလိုက်တာကွယ်"

"လဆန်း ၁၄–ရက်နေ့ညဆိုတော့ လမင်းကြီးက သာမှာပေါ့ရှင်"

E-book is created by shanyoma

"၁၄–ရက်နေ့ည လမင်းကြီးက သာတယ်ဆိုပေမဲ့ အိမ်ပေါ်ရောက်လာတော့လဲ အိမ်ရှင် အလှဝန်းကြီးရဲ့မျက်နှာ မြင်လိုက်ရတော့ ၁၄–ရက်နေ့ည လမင်းကြီးအရောင်အဝါဟာ မှန်သလို ပါဘဲ. . ."

"ဒါလောက်လဲ မြှောက်မနေပါနဲ့ရှင်၊ မိုးပေါ်က လမင်းကြီးက နက္ခတ်တာရာတို့အရှင် သခင်ပါ၊ ကျမက မြေပြင်က သာမန်မိန်းမသားကလေးပါ။ ဘယ်မှာ နှိုင်းယှဉ်လို့ရမှာလဲရှင်"

"လ,ရောင်မရှိသော အဖိတ်နေ့ညများဖြစ်လျှင် မီးရောင်ဟပ်တဲ့အလှအဝန်းကြီးရဲ့မျက် နှာကို မြင်လိုက်ရတော့ ကောင်းကင်က လမင်းကြီးထွက်လာသလို စိတ်ထဲမှာရှင်၊ ရင်ထဲမှာအေးပြီး လာရတာ ခရီးဝေးပေမဲ့ အမောကို ပြေသွားတာဘဲ. . ."

စကားတတ် စကားကြွယ်သူ လှပျိုဖြူများဖြစ်လျှင် အဖော်ပါလာသူ ကာလသားများက လူပျိုလှည့်လာသူ ကာလသားဘက်မှ ကူညီဝိုင်းဝန်း ပြောဆိုပေးတတ်ကြသည်။

တခါတရံလည်း အဖော်ကာလသားများက"ကိုင်း–ခင်ဗျားတို့ ချစ်စကား ပြိုင်ကြအုံး နော၊ ကျုပ်တို့ ဟိုဘက်နားက အိမ်သွားပြီး ချစ်စကားပြိုင်အုံးမယ်နော"ဟု ပြောကာ ဆင်းပေး တတ်ကြသည်။

လူငယ်ဘာဝ ချစ်ရေးချစ်ရာ ပြောဆိုကြသည်ဆိုသော်လည်း ချစ်ပါ–ကြိုက်ပါ–စုံမက်ပါ စကားမျိုးကို ပြောရိုးထုံးစံမရှိဘဲ သွယ်ကာဝိုက်ကာ စကားလိမ်–စကားထာ–စကားဝှက်များကို သာ ပြောဆိုကြပါသည်။

ထိုသို့ ချစ်မှုရေးရာ စကားလိမ်–စကားထာများနှင့်ပြောဆိုနေစဉ် အိမ်ရှေ့မှ ချစ်တေး သံသာ သီဆိုတီးမှုတ်လာသောအသံကြားရပြန်လျှင် ထိုအသံရှင်သည် ရွာတွင်း လူပျိုလား–ရွာပြင် လူပျိုလားဆိုသည်ကိုလည်း ခွဲခြားသိတတ်ကြပါသည်။

ရွာတွင်းလူပျိုဖြစ်လျှင် အရင်ရောက်နှင့်နေသောလူပျိုက ဒီမှာ ငါရှိတယ်ဟေ့–ဟုထွက် ပြောလျှင် နောက်မှလာသူ လူပျိုက တခြားအိမ်သို့ ရှောင်ထွက်သွားကြပါသည်။

သို့မဟုတ် အိမ်ပေါ်တက်လာလျှင်လည်း အပြောင်–အနောက်အရွှမ်းလက်ာပတ်တန်း နှင့်ရယ်စရာ ရွှင်စရာစကားများကိုသာ ပြောလေ့ရှိ၏။ လူပျိုလှည့်စကားမျိုး ပြောရိုးမရှိပါ။

အရင်ရောက်နေသောလူပျိုက မျှတသောသဘောနှင့်ဆင်းပေးမှသာ နောက်ရောက်လာ သောလူပျိုက လူပျိုလှည့်စကား ပြောကြားနိုင်သော ထုံးစံလည်းရှိသည်။

အကယ်၍ နောက်မှရောက်လာသူ တူရိယာချိုတေးကဗျာသံသာရှင်သည် တရွာသားဖြစ် ခဲ့ပါလျှင် ရွာခံကာလသားက သဘောထားကြီးစွာနှင့်ရှောင်ရှားပေးကြသည်။

လူငယ်တို့ဘာဝ ရည်းစားမှုကြောင့် ခိုက်ရန်ဖြစ်ပွားမှုလည်း မရှိ၊ သစ္စာလည်း အလွန်ရှိ ကြသည်။

မြေမြင့်သူဇာ လှကညာတို့သည် လူပျိုလှည့်ရန်လာသူများကို လက်ခံစကားပြောရန် ဝတ္တ ရားရှိပါသည်။ ဟန်ကြီးပန်ကြီးမလုပ်ရ၊ လုပ်လျှင် နာမည်ပျက်၍ မိဘဆွေမျိုးများပါ ဂုဏ်ငယ်

E-book is created by shanyoma

တတ်သည်ဟု အယူရှိကြပါသည်။

လူပျိုလှည့်လာသူ ကာလသားအား မချေမငံပြောဆိုခြင်း၊ ရှောင်ဖယ်နေခြင်း၊ မပြုကြရပါ။ နေထိုင်မကောင်းလျှင် အိမ်သူအိမ်သားတယောက်ယောက်က ထွက်၍ လူပျိုလှည့်ရန်လာသူ ကာလသားအား အကျိုးအကြောင်း ပြောပြရသည်။

အပျိုနှစ်ယောက်ရှိသောအိမ်ဖြစ်လျှင် မီးဖိုနှစ်ခုထား၍ဖြစ်စေ၊ သို့မဟုတ် တယောက်က အိမ်အတွင်းဘက်ရှိမီးဖိုနားတွင်ဖြစ်စေ၊ တယောက်က အိမ်အပြင်ဘက်ကဖြစ်စေ တဦးစီခွဲခြား ညှော့ခံစကားပြောဆိုကြသည်။

မိဘမောင်ဖွားရှေ့တွင် လူငယ်ဘာဝ ချစ်လိုရာစကား အခြေအတင်ပြောဆိုကြသည်မှာ လူကြီးများကို မရိုမသေ–မလေးမစားခြင်းကြောင့် မဟုတ်ပါ။ သဘောဖြူ–ရိုးသားသောမြေမြင့်သူ–မြေမြင့်သားတို့ဓလေ့ပီပီ လူကြီးမိဘများပါ သိစေခြင်းငှာ ပွင့်လင်းရိုးသားစွာ ပြောဆိုတတ်ကြခြင်းဖြစ်ပါသည်။

လူငယ်များကိစ္စကို လူကြီးမိဘများကလည်း ဝင်ရောက်ဟန့်တားခြင်းမပြုဘဲ လျစ်လျူရှုပြီး ထားကြသော်လည်း အလွန်သစ္စာရှိကြ၍ ကျူးကျော်မှားယွင်းမှုမရှိ၊ ခိုးရာလိုက်ပြေးရိုး၊ ခိုးယူပေါင်းသင်းရိုးလည်း မရှိ။

အကယ်၍ ခိုးရာလိုက်ပြေးခဲ့သော် မျိုးရိုးထုံးစံကို ဖောက်ဖျက်သူဟုဆိုကာ အဆက်အဆံမရှိ၊ ကန်တော့ခံခြင်းလည်း မပြု၊ ပစ်ပယ်ထားကြသည်။

လင်သားမပေါ်ဘဲ မလျော်သော သတင်းစကား ခလေးမွေးဖွားခြင်းမျိုးရှိခဲ့သော် ထိုလူပျိုနှင့်မိဘများကိုပါ ရွာမှနှင်ထုတ်ပစ်လိုက်သော ထုံးဓလေ့ရှိသောကြောင့် ရှမ်းလူမျိုးအပျိုများ လူပျိုလှည့်သွှီးရည်းစားထားသည်ဆိုသည်မှာ စကားပြောရုံသက်သက်မျှသာ အဓိပ္ပါယ်ပေါ်လွင်လျက်ရှိပါ၏။

★

**မင်္ဂလာဆောင်**

ရှမ်းအမျိုးသားများ၏ မင်္ဂလာဆောင်ကိစ္စသည် ဗမာများနှင့်နည်းတူ မူကွဲဆိုသကဲ့သို့ အချို့နေရာတွင်တူညီပြီး အချို့နေရာတွင် ကွဲလွဲချက်များရှိပါသည်။

သတို့သား–သတို့သမီးတို့၏ ဇာတာချင်း တိုက်ဆိုင်ခြင်း၊ နေ့နံချင်း သင့်မသင့်၊ မိတ်ဘက်ရန်ဘက် ဓာတ်ဘက် စသည်များကိုလည်း တိုက်ဆိုင်ရွေးချယ်ကြပါသည်။

မင်္ဂလာနေ့ရက် မသတ်မှတ်ရသေးမီ သတို့သားဘက်မှ လူကြီးမိဘနှင့်နီးစပ်ရာ ဆွေမျိုး ၄–၅–ယောက်လောက်က သတို့သမီးမိဘ သို့မဟုတ် အုပ်ထိန်းသူလူကြီးများအိမ်သို့ ညနေဝင်မိုးချုပ်အချိန် သွားရောက်ကြောင်းလမ်း ပြောဆိုရပါသည်။

သတို့သမီးအိမ်၌လည်း အုပ်ထိန်းသူ လူကြီးမိဘများနှင့်တကွ နီးစပ်ရာဆွေမျိုး ၄–၅–

E-book is created by *shanyoma*

E-book is created by *shanyoma*

၆–ဦးစု၍ ထားနှင့်ပါသည်။

သတို့သားဘက်မှ လူကြီးများ အိမ်ပေါ်တက်သွားသောအခါ သတို့သမီးဘက်မှ လူကြီးများက ခရီးဝေးစွာမှလာခဲ့ကြသော ဆွေမျိုးရင်းချာများကို တွေ့ရသကဲ့သို့ ဆီးကြိုကြပြီး "ကြွပါ ခင်ဗျာ–ကြွပါ–ကြွပါ၊ မာကြရဲ့လား၊ နေထိုင်ကောင်းကြရဲ့လား၊ ထမင်းစားပြီးခဲ့ကြပြီလား"အစရှိသည်ဖြင့် နှုတ်ဆက်ခေါ်ငင်လျက် နေရာထိုင်ခင်းပေးကြပါသည်။ နောက်မှ လာရင်းအကြောင်းကိုမေး၍ ထိုအခါ သတို့သားဘက်မှ လူကြီးတဦးက. . .

ဥပမာ။ ။သတို့သမီးမိဘသည် ပွဲစားဖြစ်လျှင် ဒီအရပ်က ပွဲစားကြီးနှင့်ပွဲကတော်တို့ရဲ့ သမီးကလေးသည် လိမ္မာရေးခြားရှိကြောင်း၊ လူကြီးမိဘတို့ရဲ့စကားကို မြေဝယ်မကျ နားထောင်ကြောင်း၊ သဘောကောင်း၍လုပယဉ်ကျေးကြောင်း သတင်းကောင်းများ ကြားရပါသဖြင့် ကျွန်တော်တို့မှာလဲ အရွယ်ကောင်း သဘောကောင်း လူကြီးမိဘစကားကို မပယ်ရှားသော သားလိမ္မာ တယောက်ရှိပါ၍. . .

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေရင်းနှီး၊ ထိမ်းမြားခြင်းလျှင်–ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

ဆိုသော မိဘတို့ဝတ္တရားငါးပါးရှိသည်အတိုင်း သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုတဲ့ အရွယ်ရောက်ရှိလာပါသောကြောင့် စေ့စပ်ကြောင်းလမ်းလို၍ လာကြပါကြောင်း စကားပလ္လင်ခံပြီး မင်္ဂလာစကားကို သွယ်ဝိုက်ဖွဲ့နွဲ့ပြောဆိုကြပါသည်။

ထိုအခါ သတို့သမီးဘက်မှ လူကြီးတဦးက လူကြီးမင်း၏မင်္ဂလာရှိလှသော စကားကို ကြားရ၍ ဝမ်းသာလှပါသည်။

"လိန့်ဝိုက်တာဖြီ အမ်စိုင်လိန့်စိုက်တာကွန်းယောက်"

ရှမ်းစကားပုံရှိပါသည်အတိုင်း နတ်များနှင့်ပေးစားရန် ကျွေးမွေးယုယလာခဲ့သည် မဟုတ်၊ လူသားနဲ့သာ ပေးစားထိမ်းမြားရန်ဖြစ်၍ ခင်ဗျားတို့သား တကယ်သဘောကောင်းပြီး မယားမှတ်မှတ် သားမှတ်မှတ် လုပ်ကိုင်ကျွေးမွေးမည်၊ သားကြီးမယားကြီးလဲ မရှိဘူး၊ အရက်သေစာ သောက်စားခြင်းလဲ မရှိဘူး၊ လောင်းကစားတတ်သော အကျင့်ဆိုးလဲ မရှိပါက ကျွန်တော်တို့က စဉ်းစားတိုင်ပင်ပါဦးမည်ဟု ပြန်ကြားပြောဆိုပါသည်။

ၚင်းနောက် သတို့သမီးဘက်မှ အချင်းချင်း ပြောဆိုဆွေးနွေးတိုင်ပင်ကြပါသည်။

သတို့သမီးမှာ အိမ်ခန်းထဲ၌ဖြစ်စေ၊ မီးဖိုဆောင်၌ဖြစ်စေ နေ၍ နားထောင်လေ့ရှိပါသည်၊ သတို့သားလောင်းကလည်း အဖော်ကာလသားများနှင့်အတူ အိမ်အောက်ကဖြစ်စေ၊ အိမ်ဘေးမှောင်ရိပ်မှဖြစ်စေ ချောင်း၍ နားထောင်လေ့ရှိသည်။

သတို့သားဘက်မှ လူကြီးများ တိုင်ပင်ဆွေးနွေးသဘောတူကြလျှင် သတို့သမီးကိုခေါ်၍ မေးကြသည်။ သတို့သမီးက. . .

"ကျမတော့ လူငယ်ဖြစ်လို့ မသိပါ၊ လူကြီးမိဘများက သင့်တော်တယ်ထင်လို့စီမံရင် မ

ငြင်းဝံ့ပါ”ဟု သတို့သမီးကိုယ်တိုင် နှုတ်မြွက်ပြောရရိုးထုံးရှိပါသည်။

ထိုအခါမှ သတို့သမီးဘက်က လူကြီးတဦးက ကျွန်တော်တို့အားလုံး သဘောတူကြပါပြီခင်ဗျာ၊ ခင်ဗျားတို့သတို့သားကသာ မယားမှတ်မှတ်၊ သားမှတ်မှတ် ရှာဖွေလုပ်ကိုင်ကျွေးမွေးပေါင်းသင်းဘို့ သဘောကြီးကြီးထားဘို့ပါဘဲ။ မိန်းကလေးမှာလဲ ငယ်ရွယ်သူဖြစ်ပါတယ်။ ကျွန်တော်တို့ချစ်ခင်ယုယစောင့်ရှောက်သလို ခင်ဗျားတို့ကလဲ ချစ်ချစ်ခင်ခင်နဲ့ စောင့်ရှောက်ကြစေချင်ပါတယ်။

သတို့သားဘက်ကလည်း အာဝဇ္ဇန်းရွှင်ရွှင် ကတိအမျိုးမျိုးပေး၍ နှစ်ဘက်လူကြီးများ အမေးအမြန်း အပြောအဆိုသဘောတူညီပြီးနောက် မင်္ဂလာဆောင်ရန် နေ့ရက်များကို ရွေးချယ်သတ်မှတ်အတည်ပြုကြပါသည်။

မင်္ဂလာဆောင်ရန်နေ့ ရောက်သောအခါ သတို့သားဘက်မှ ဘိတ်ကြားသောလူများက သတို့သားအိမ်တွင်စုရုံးလျက် သတို့သမီးဘက်မှ ဘိတ်ကြားထားသောလူများကလည်း သတို့သမီးအိမ်၌ စုရုံးရောက်ရှိသောအခါ နှစ်ဘက်စလုံးမှ သူ့အိမ်ကိုယ့်အိမ်တွင် ကျွေးမွေးညှော့ခံကြသည်။

ထိုနေ့၌ နှစ်အိမ်လုံး အ,မင်္ဂလာစကား မပြောရ၊ ငိုကျွေးခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ကြွေးတောင်းခြင်းများကို လုံးဝမပြုကြရပါ။

သတို့သားအိမ်၌ ကျွေးမွေးညှော့ခံပြီးနောက် တစုတရုံး တပျော်တပါးကြီးဖြင့် လူကြီးများက ရှေ့ဆောင်၍ သတို့သားကို လူပျိုရံများခြံရံပြီး သတို့သမီးအိမ်သို့သွားကြသောအခါ သတို့သားနှင့်ယှဉ်၍ “အွပ်ခေါင်ခိုင်”ခေါ် အုပ်နီကို ကိုင်သူ မိစုံ–ဖစုံလူပျိုတယောက်ပါရသည်။

ထို“အွပ်ခေါင်ခိုင်”ခေါ်ယွမ်းထည်“အုပ်နီ”အတွင်း၌ ဖျင်ဖြူဖြစ်စေ၊ ဖျင်နီဖြစ်စေ တအုပ်နှင့်ငွေ ၅–၁၀–၅၀–၁၀၀ အစရှိသဖြင့် တတ်နိုင်သလောက် သတို့သားဘက်က ထည့်ရသည့်အပြင် ကြက်ဥပြုတ် (၃)လုံး၊ သကြား သို့မဟုတ် ကြံသကာတထုပ်ပါ ထည့်ရသည်။

၎င်းအုပ်နီမှာ သတို့သမီးမိဘများကို ကန်တော့ရသောအုပ်ဖြစ်၍ မင်္ဂလာဆောင်ပြီးနောက် (၇)ရက်ရောက်မှ အုပ်အတွင်းပါသောပစ္စည်းများကို သတို့သမီးမိဘများက သိမ်းယူရသည်။ ရှမ်းဘာသာ“တာခေါင်မွမ်နံ့နမ်း”မိခင်၏ထမင်းဝါးဘတ်နှင့်နို့ဘိုးပူဇော်ခြင်းဖြစ်သည်ဟုဆိုသည်။

မင်္ဂလာဆောင်သို့ လာရောက်သော လူကြီးအားလုံးကို ကန်တော့ရန်၊ သုံးချောင်းထောက်ဗန်းနှင့်ပန်းများ ထည့်ယူသွားကြရသေးသည်။ အချို့အုန်းငှက်ပျော ကန်တော့ပွဲကိုလည်း ယူ၍သွားကြသေးသည်။

သတို့သမီးအိမ်ရှေ့ရောက်သောအခါ သတို့သားဘက်မှ “အောက်ခေါင်း”ခေါ် ကာလသမီးခေါင်းက ခေါင်းဆောင်ပြုလုပ်ပြီး အမျိုးသမီးများနှင့်ဆီး၍တားကာ. . .

“ရှင်တို့ကို ဝင်ခွင့်မပြုနိုင်သေးဘူး၊ ကျမတို့ သတို့သမီးက တသောင်းတန်တယ်၊ နှစ်သောင်းတန်တယ်၊ တသိန်း နှစ်သိန်းတန်တယ်၊ စသည်ဖြင့် ပြောဆိုတောင်းကြသည်။

E-book is created by *shanyoma*

ထိုအခါ သတို့သားဘက်မှ ခေါင်းဆောင်“ပူခေါင်း”ခေါ် ကာလသားခေါင်းက. . .

“အေး. . . မင်းတို့ဟာ အဘိုးတန်မှန်းသိလို့ ဒို့ကလဲ ငွေထုပ်ကြီးတွေ သိန်းသန်းထမ်းလာတယ်လေ. . . မင်းတို့ မမြင်ဘူးလား ဟောဒီမှာကြည့်ဟေ့”

ငွေ ၄–၅–ဆယ်ဘိုး အနုတ်များကို ရှမ်းစက္ကူနှင့်အထုပ်ငယ်ကလေးများပြုလုပ်ထုပ်ထည့်လာသော လွယ်အိတ် ၃–၄–လုံးကို ပြကြပါသည်။

၎င်းနောက် ငါးသောင်း–ငါးထောင်–နှစ်ထောင်–တထောင်–စသည်ဖြင့် ပြောကြဆိုကြ၍ ဈေးတည့်လျှင် အထုပ်ကလေးတထုပ်ကို ငါးဆယ်–တရာ–တထောင်–တသောင်းစသည်ဖြင့် မင်္ဂလာယူ၍ ပေးကြယူကြပါသည်။

တဖန် လှေခါးဦး–အိမ်ပေါက်အစရှိသော တားနိုင်သောနေရာများတွင် ပျော်ပျော်ရွှင်ရွှင်နှင့်ပြောဆိုတားကြပြီး တသိန်းပေးမှ နှစ်သိန်းပေးမှ တောင်းကြပြန်ပါသည်။

ထိုအခါ သတို့သားဘက်မှ ချော့မော့ဈေးဆစ်ရင်း“ဟာ–ခင်ဗျားတို့ဟာကလဲ တယ်တောင်းသကိုး၊ ပေးပါမယ်ဗျာ၊ ပေးပါမယ်၊ ဒါပေမဲ့ ဆင်တွေ မြင်းတွေပေါ်မှာ တင်လာခဲ့တဲ့အတွက် ငွေထုပ်တွေက မရောက်သေးလို့ပါ၊ အခု ဒါဘဲ ယူထားကြပါအုံး”

“ကောင်းပါပြီရှင်–ဆင်တွေ မြင်းတွေနဲ့ တင်လာတဲ့ငွေထုပ်တွေ လာရင်သာ ရှင်တို့ကတိမဖျက်ပါနဲ့နော”

“မဖျက်ပါဘူးဗျာ၊ မဖျက်ပါဘူး၊ ပေးပါ့မယ်၊ အဲဒီဆင်တွေ မြင်းတွေနဲ့တင်လာတဲ့ငွေထုပ်ကြီးတွေတောင် မကဘူး၊ နောက်ထပ်လာဦးမဲ့ သတို့သားလောင်းတောင် ပါချင်ပါလာမယ်”

“ခင်ဗျားတို့အရပ်က အဘိုးတန်တဲ့အပျိုမှန်သမျှ ကျုပ်တို့အရပ်က အကုန်လာယူမယ်ဗျာ၊ အခုတော့ တထောင်နဲ့ဘဲ ကျေနပ်ပါတော့၊ နောက်တခါလဲ ရှိသေးတာဘဲနော”

အစရှိသဖြင့် ပြောတတ်သူလည်း မရှားလှ၊ ငွေမက်သော် လက္ခဏာအရိပ်နိမိတ်စကားမျိုးမပါရဘဲ ပျော်ပွဲရွှင်ပွဲ သဘောမျိုးဖြင့် တဝါးဝါး–တဟားဟားဖြင့် ရယ်သွမ်းသွေးကာ မင်္ဂလာယူသော စကားများကိုသာ ပြောဆိုသုံးနှုန်းကြပါသည်။

မင်္ဂလာဆောင်တွင် ဒုက္ခအရောက်ဆုံးသူမှာ အုပ်နီခေါ် မင်္ဂလာအုပ်ကို ကိုင်သူဖြစ်ပါသည်။ ထုံးစံအရ သတို့သမီးအိမ်ကို ဝင်ကထဲက မင်္ဂလာမောင်မယ်တို့ ယှဉ်တွဲထိုင်ကာ ကန်တော့မည့်နေရာသို့မရောက်မီ အုပ်ကို လူပြောင်းကိုင်ခြင်း၊ ထိုင်ခြင်းမပြုရပါ။ မတ်တပ်မတ်တပ်နှင့်နေရပါသည်။

အတားအဆီးတို့မှာလည်း စကားဖောင် စကားကြွယ်လျှင် ကြွယ်သလို ၂–နာရီကျော်ကျော် ၄–နာရီနည်းပါးမျှကြာတတ်၍ အုပ်နီကြီးတပိုက်ပိုက် ပင့်သက်ကြီး ရှူရှိုက်ပြီး ချွေးတပြိုက်ပြိုက်နှင့်နေရရှာသည်။

တကန့်ပြီးတကန့်သာ ဝင်ရပြီး အိမ်ပေါ် ရောက်ပြန်လျှင်လည်း သတို့သမီး၏ လူကြီးများက ဘယ်တုံးက ရောက်ကြသလဲ၊ ဘာကိစ္စလာကြသလဲဟု မသိချင်ယောင်ဆောင်ပြီး မေးမြန်းပါ

E-book is created by shanyoma

သည်။ သတို့သားဘက်က လူကြီးများက ကြောင်းလမ်းစဉ်အခါက ပြောဆိုသကဲ့သို့ တဖန်ပြန်ပြောကြရပါသည်။

"ဒါဖြင့်–ရှေ့နှစ်မှလာကြပါ ယခုသမီးကို ပေးသင့် မပေးသင့် စဉ်းစားပါဦးမယ်"ဟုပြောကာ နှင်ကြပါသည်။ ထိုအခါ သတို့သားဘက်မှ လူကြီးများနှင့်သတို့သားရော အုပ်နီကိုင်သူပါ အိမ်အောက်လှေခါးအဆုံးအထိ အားလုံးပြန်ဆင်းကြရပါသည်။

လှေခါးရင်းတွင် ခေတ္တနားနေပြီး အားလုံးအိမ်ပေါ်ပြန်၍ တက်ကြပြန်ပါသည်။ ပထမအကြိမ်ကကဲ့သို့ မေးမြန်းပြောဆိုပြီးနောက်"အခုမှ တမိုးရှိပါသေးတယ် သုံးနှစ်သုံးမိုးရှိမှ လာကြပါ"ဟု နှင်ပြန်ပါသည်။

ဤအတိုင်း သုံးကြိမ်တက်ဆင်းလုပ်ပြီးမှ ကန်တော့အုပ်နှင့်တကွ တက်လာကြသော သူတို့အား အိမ်တွင်း ခန်းမကြီးတွင်ထိုင်ရန် နေရာပေးပါသည်။

သတို့သားကို သတို့သမီးမိခင် သို့မဟုတ် အဒေါ် အရီး တဦးသီးက လက်ကိုဆွဲပြီး ကန်တော့ရမည့်နေရာသို့ ခေါ်သွားပါသည်။ ထိုအခါမှ အုပ်နီကိုင်သူ လူပျိုက သတို့သားရှေ့တွင် အုပ်နီကို ချထား၍ သူ့ခမျာ ဝဋ်ကျွတ်ရှာပါတော့သည်။

သတို့သမီးမှာ အိပ်ခန်းထဲတွင် အပျိုရံများနှင့်ရှိနေရာ သတို့သားဘက်မှ ခေါင်းဆောင်လုပ်သူက လူကြီးမိဘများ ခွင့်ပြုပြီးဖြစ်ပါ၍ ခင်ဗျားတို့သတို့သမီးကို ခေါ်ကြပါတော့(ပွဲထုတ်ကြပါတော့)ဟု ပြောလျှင် သတို့သား မိခင် ကြီးဒေါ် အဒေါ်တို့နှင့်ကာလသမီးခေါင်းက သတို့သမီးအခန်းသို့ သွားကြပါသည်။

အခန်းပေါက်ဝရောက်လျှင် အပျိုရံများက တားပြီး အထက်နည်းအတိုင်း ထောင်–သောင်း–သိန်း–သန်းချီ၍ တောင်းဆိုကြပြန်ပါသည်။

ပျော်စရာ ရွှင်စရာ ရယ်စရာများကိုပြောဆိုကာ အထက်နည်းအတိုင်း ငွေတောင်းကြပေးကြ ယူကြပြီးနောက် သတို့သားမိခင် သို့မဟုတ် ကြီးဒေါ် အဒေါ်တယောက်ယောက်က သတို့သမီးကို လက်တွဲ၍ ခေါ်လာပြီး သတို့သားနှင့်ယှဉ်တွဲထိုင်စေကာ လူကြီးများကို ကန်တော့စေပါသည်။

ပြီးလျှင် လူကြီးများကို တဦးလျှင် ငွေတမတ် ယခုခေတ် ၂၅–ပြားကို ရှမ်းစက္ကူနှင့်ထုပ်၍ဖြစ်စေ၊ သို့မဟုတ် လက်ကိုင်ပုဝါနှင့်ချည်၍ဖြစ်စေ သတို့သားနှင့်သတို့သမီးတို့က လှူဒါန်းကြရပါသည်။

ထိုသို့ငွေတမတ်စီလှူဒါန်းသောထုံးစံမှာ ၎င်းတို့နှစ်ဦးကို တရားဝင်ဇနီးမောင်နှံအဖြစ် အသိအမှတ်ပြုကြပါဟူသော အဓိပ္ပါယ်ဖြစ်လေသည်။

လူကြီးများက မေတ္တာဆုပေးပြီးလျှင် လင်ဝတ္တရားငါးပါး မယားဝတ္တရားငါးပါး၊ လော်လီခြင်းခြောက်ပါး၊ သမ္ပဒါနတရားလေးပါးအစရှိသော ဆုံးမသင့်သည့်စကားများကို ပြောဆိုဆုံးမဩဝါဒပေးကြပါသည်။

E-book is created by shanyoma

E-book is created by *shanyoma*

၎င်းတို့ဇနီးမောင်မယ်သစ်လွင်တို့ကို အမိ–အဒေါ်–အရီးကာလသမီးခေါင်းတို့က တွဲ၍ အိပ်ခန်းဆောင်သို့ ခေါ်သွားကြပါသည်။

တခါတရံ မြို့အရပ်များတွင် မင်္ဂလာဘိသိက်ဆရာများနှင့်မင်္ဂလာဆောင်ကိစ္စ ပြုလုပ်တတ်ကြပြီး အများအားဖြင့် မြို့ရောတောနယ်များပါ မင်္ဂလာဘိသိက်ဆရာများနှင့်ပြုလုပ်လေ့ ပြုလုပ်ထမရှိပါ။

အိပ်ခန်းဆောင်အတွင်းသို့ ရောက်သောအခါ ဂုဏ်သရေရှိငယ်ပေါင်းဇနီးမောင်နှံနှစ်ဦးက မောင်မယ်သစ်လွင် အိမ်ထောင်ရှင်တို့ကို ထမင်းလက်ဆုံစားရန်“ခေါက်ဆွမ်လီ”ခေါ် ထမင်းအုပ်ကိုဖွင့်၍ ယောကျ်ားက သတို့သမီးကိုငင်း၊ မိန်းမက သတို့သားကိုငင်း၊ မင်္ဂလာထမင်း ၇–လုတ်စီခွံ့ကျွေးပါသည်။

ထမင်းအုပ်တွင် ထမင်းဖြူ, ထမင်းဝါ, ကောက်ညှင်းငချိပ်ပေါင်း, ကောက်ညှင်းအဖြူပေါင်း, ကြက်ဥပြုတ်, ငါးကြော်, သကြား, ကြံသကာ, အသားကြော်များ ပါလေသည်။

အကယ်၍ သတို့သမီးက သတို့သားအိမ်လိုက်နေမည်ဆိုလျှင် သတို့သားအိမ်ရောက်၍ အိပ်ခန်းဆောင်တွင် မင်္ဂလာထမင်းကို ခွံ့ကျွေးရသည်။

အချို့ဒေသတွင် “ခေါက်ဆွမ်လီ”ထမင်းအုပ်မှ ထမင်း ၇–လုပ်စီကို အပျိုရံများက သတို့သားကို လူပျိုရံများက သတို့သမီးကို ကျွေးကြပါသည်။

မင်္ဂလာဆောင်ကိစ္စနှင့်ပတ်သက်၍ ပြည်မကြီးတွင် တနယ်နှင့်တနယ်၊ ကျေးရွာနှင့်မြို့ကြီးရပ်ကြီးမျာ မတူညီကြသလို ရှမ်းပြည်နယ်မှာလည်း တနယ်နှင့်တနယ် တနေရာနှင့်တနေရာ မြို့ကြီးပြကြီးအရပ်ကြီးများနှင့်ကျေးရွာများမှာလည်း မတူညီကြဘဲ ကွဲလွဲချက်များလည်း ရှိပါသည်။

မိုးမိတ်နယ် မင်္ဂလာဆောင်တွင် အတီးအမှုတ်တူရိယာတစုံတရာမျှမပါဘဲ သတို့သမီး၏ ခန်းဆောင်တွင်းမှ အမျိုးသမီးများက ကြမ်းပြင်ကို လက်ဝါးနှင့်ပုတ်၍သော်၎င်း၊ ခန်းဆီးအကာ ထရံပျဉ်စသည်တို့ကို လက်ဝါးနှင့်ပုတ်ခတ်၍သော်၎င်း၊ လက်သီးဆုပ်နှင့်ထု၍သော်၎င်း အောက်ပါရှေးရိုးအစဉ်အလာ မင်္ဂလာတေးကဗျာကို သံပြိုင်သီဆိုကာ ဧည့်ခံကြပါသည်။

“အုပ်နီကို ရွှေဝါရေးလို့ မောင့်မွေးမေ သာကြည်စွာ၊ တောင်းမယ်လို့လာ. . . လေ့”

“မယူလိုက်နဲ့ ဖယ်လိုက်ပါ၊ ဒီလူနဲ့ ဒီလဘက်ကို စိတ်ပျက်လှသေး. . . လေ့”

“လာရော့ထင့်၊ လာရော့ထင့်၊ ကျီးသာတယ်လေ. . . မလေးတို့ခန်းသာလယ်၊ လာမယ်ဆို–ဝန်ပြင်သေးတယ် ပြောပဲ့ရွှေကျေး”

“ခုနစ်လံလှေကြီးနဲ့ ရွက်ကြီးတဲ့ဖြန့်ကာလာ၊ မလေးဆီရောက်ချင်စိတ်နှင့်၊ ဝါးနှိပ်လို့လာ. . . လေ့”

“မယားယူချင်ရက်နဲ့ လဘက်က တပိဿာ၊ ကာလမှာ အုန်းဆယ်လုံးနှင့်၊ ငါးပြားလောက်တန်. . . လေ့”

"မယားယူချင်ရက်နဲ့ လဘက်မှမဝယ်နိုင်၊ ခေါင်းဖျောက်လို့မှိုင်၊ မဝယ်နိုင်တောင်ပိုင်နဲ့ အို–မနီး၊ ကြုံပလေ–ယူရမှာသည်မောင်ခက်တယ်၊ ဆိုးချက်ကကြီး"

"ကိုကြီးဉာဏ် အခြေကြီးလို့–မွံ့ကြီးမှမကြော်နိုင်–ခေါင်းဖျောက်လို့မှိုင် . . . လေ့"

"ကိုကြီးဉာဏ်၊ စိတ်မငြီးလို့၊ ခန်းဝမှာဆီး . . . ရောမလူကြီးနဲ့ကာလသမီး"

သနပ်ပင်ရွက်ဝန်း၊ တောင်ကျွန်းရဲ့နေမှိန်မှိန်၊ လွမ်းလောက်တဲ့ချိန်လေ့ . . . သည်အချိန် တောင်အိမ်နှင့်မြောက်အိမ်ကူးလို့၊ မယ်နဲ့မောင် ရင်ဆိုင်ဖူးတယ်၊ လွမ်းမမေ့နိုင်ဘူး"

"မိုးချုပ်လို့ လ,မသာ၊ မျှော်တာကဝေး၊ ဖလ်မီးအိမ်–ရွှေရေးနှင့်ဆီးကြိုပလေး"

"ဆေးပန်းချီ ရေးမမှီ ပုံမကပါဘူး၊ တို့အပျို ယဉ်ပါလှတယ်၊ မန်းမြို့ဟန်ကျ . . . "

ပျော်ရွှင်စွာ သီဆိုညွှံ့ခံရင်း တခါတရံ ညာသံပေးပြီး ခုန်ကြပေါက်ကြသောကြောင့် သတို့သမီးခေါင်းဆောင် ကျိုးကျတတ်ပါသည်။

မင်္ဂလာညွှံ့ခံပွဲ သတို့သမီးခန်းဆောင်ကျိုးကျလျှင် ထိုအိမ်ထောင်ရှင်ဇနီးမောင်နှံတို့မှာ တသက်ပန်လုံး နိမိတ်မကောင်းဟု ယူဆကြပါသည်။

ထို့ကြောင့် မင်္ဂလာညွှံ့ခံပွဲတွင် အမျိုးသမီးများ ခုန်ချင်သလို ပေါက်ချင်သလို ခုန်ကြပေါက်ကြစေကာမူ မကျိုးမပျက်ရအောင် မင်္ဂလာရက်မတိုင်မီ ၁၀–ရက်၊ ၁၅–ရက်လောက်ကကြို တင်ပြီး အခန်းအောက်က ယက်မ–ဆင့်သားစသည်များကို အသစ်လဲထည့်ခြင်း၊ အပိုတိုင်များ ထပ်၍ ထည့်ခြင်း၊ သစ်သားဒေါက်များကို ထောက်ထားခြင်း စသည်များကို ပြုလုပ်ထားကြရ သည်။

သတို့သားနှင့်လူပျိုရံများ၊ သတို့သားဘက်မှ လူကြီးမိဘဆွေမျိုးများ ညွှံ့ပရိသတ်များ လာသောအခါ ရွှေကြိုးတားဆီးခြင်းများ အပျော်တမ်းခဲဘိုးတောင်းခြင်း၊ သတို့သမီးဘက်မှ ကာ လသမီးခေါင်းနှင့်သတို့သားဘက်မှ ကာလသားခေါင်းတို့ အခြေအတင် အပေးအယူ ပြောဆိုကြ သည်မှာ အထက်ပါမင်္ဂလာဆောင်အတိုင်းပင် ဖြစ်ပါသည်။

မောင်မယ်သစ်လွှင် အိမ်ထောင်ရှင်တို့၏ အိပ်ရာခမ်းနားငယ်ပေါင်းဇနီးမောင်နှံကသာ ပြင်ဆင်ပေးရသည်။

ရှမ်းအမျိုးသားများ၏ မင်္ဂလာဆောင်သည် အချိန်များစွာ ကြာ၍ နေ့ရက်ကိုသာရွေး ချယ်ပြီး ကန်တော့ချိန်မင်္ဂလာအခါကို မရွေးချယ်နိုင်ဟုဆိုပါသည်။ နံနက် ၉–နာရီလောက်က မင် လာဆောင်လျှင် တခါတရံ ညနေ ၄–နာရီ ၅–နာရီလောက်မှ ပြီးတတ်ပါသည်။

ဇနီးမောင်မယ်သစ်လွှင်တို့မှာလည်း မင်္ဂလာဆောင်ပြီးသည့်နောက်တနေ့မှစ၍ လူကြီး မိဘ–ဆရာသမား–သက်ကြီးဝါကြီးဆွေမျိုးဉာတကာတို့အား ပန်းကတော့ကလေးများနှင့်လိုက် ၍ကန်တော့ကြရသည်မှာ ဆွေမျိုးများလျှင် များသလောက် တလ နှစ်လကြာမှ ကန်တော့ကိစ္စပြီး ပါသည်။

ရပ်ဝေးနေ ဆွေမျိုးများဖြစ်နေလျှင် လှည်း–ကား–မီးရထားတို့ဖြင့်သွားရောက်၍ ညဥ့်

E-book is created by shanyoma

အိပ်ညဥ့်နေ ကန်တော့ကြပါသေးသည်။

မကန်တော့ဘဲနေလျှင် လူငယ်ဝတ္တရားပျက်သည်ဟု ယူဆကြသည်။ အကန်တော့ခံသော လူကြီးတိုင်းက မိမိတို့တတ်နိုင်သလောက် ရွှေ–ငွေ–လှည်းနွား–အဝတ်အစား–အိုးခွက်–ချေမ်းသောနိမိတ်အဖြစ် ယပ်တောင်အစရှိသည်တို့ကို ပြန်၍ လက်ဖွဲ့ကြသည်။

အချို့ကန်တော့ခံသော ဆွေမျိုးများသည် ဆင်းရဲကြသောကြောင့် အဖိုးတန်ပစ္စည်းများ လက်မဖွဲ့နိုင်၍ ပေါင်းချောင်၊ ခမောက်၊ လွယ်အိတ်၊ ကွမ်းအစ်အဟောင်း၊ ဒါးလွယ်ဟောင်းများကို အမှတ်တရဖြစ်အောင် လက်ဖွဲ့ကြသည်။

ယောကျ်ားဘက် ဆွေမျိုးများကို ကန်တော့လျှင် လက်ဖွဲ့ပစ္စည်းကို မိန်းကလေးလက်သို့ ပေးအပ်၍ မိန်းမဘက်ဆွေမျိုးများကို ကန်တော့လျှင် လက်ဖွဲ့ပစ္စည်းများကို ယောကျ်ားကလေး လက်သို့ ပေးအပ်ကြသည်။

မင်္ဂလာဆောင် ပွဲနေ့ပွဲထိုင် သွားသည့်အခါ လက်ဖွဲ့ပစ္စည်းများကို ယူသွားရိုး ထုံးစံမရှိပါ။

သို့သော် ခေတ်ကာလအလိုက် မြို့ကြီးပြကြီးများတွင် မင်္ဂလာဆောင် ပွဲနေ့ပွဲထိုင်နေ့တွင်ပင် လက်ဖွဲ့ကြသည်လည်းရှိပြီး တူရိယာဝိုင်းများနှင့်ဧည့်ခံ၍ တခါတရံ မင်္ဂလာဘိသိက်ဆရာများပါ ပါရှိတတ်သည်။

မြေမြင့်မင်္ဂလာဆောင်ကိစ္စသည် တနယ်နှင့်တနယ် မတူ၊ အနည်းငယ်စီ ကွဲပြားကြသည်လည်း ရှိပါဦးမည်။

★

## ရှမ်းရှင်ပြု မလွယ်

ရှမ်းရှင်ပြု"အလွယ်ကလေး"ဟူသောဝေါဟာရစကားများကို လူတိုင်းလူတိုင်း ပုံထုံးပြုကာ ပြောဆိုသုံးနှုန်းရေးထုံးပြုလျက်ရှိကြပါသည်။

အချို့က ရှမ်းရှင်ပြုလျှင် တကယ်ပင် အလွယ်ကလေးဟု ယုံမှားသံသယရှိကြပါသည်။ အမှန်သော် ရှမ်းရှင်ပြုကား မလွယ်ကူပါ။

အသက် ၁၀–နှစ်အောက် ငယ်ရွယ်သူများနှင့်သက်န်းတောင်း၊ ပုတီးစိပ် လိင်ဆယ်ပါး ဒဏ်ဆယ်ပါး ရှင်ကျင့်ဝတ်များကို မသင်ရသေး၍ မရသေးသူ သရဏဂုံမပီသသေးသူတို့အား ဆရာဘုန်းတော်ကြီးများက ကိုရင် ဝတ်ပေးခြင်း မလျှင်းမပြုပါ။

ကိုရင်ဝတ်ရန် အသက် ၁၀–နှစ်ကျော်သောသာမဏေလောင်းများကို ဆရာဘုန်းတော်ကြီးကျောင်းသို့ ပထမပို့ထားနှင့်ရပြီး သက်န်းတောင်းများမှစ၍ ရှင်ကျင့်ဝတ်များကို နှုတ်ငုံအရဆောင်၍ သရဏဂုံပီသအောင် အရင်သင်ကြားရပါသည်။

E-book is created by *shanyoma*

သရဏဂုံမှာ ဗမာနှင့်ရှမ်း သ,သံနှင့်ဆ,အသံသာ ကွဲသည်။

ဥပမာ။ ။ဗမာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ရှမ်း။ ။ဗုတ်ထံ ဆရဏံ ဂစ္ဆာမိ၊ ဓမ္မံ ဆရဏံ ဂစ္ဆာမိ၊ ဆကံ ဆရဏံ ဂစ္ဆာမိ ဖြစ်ပါသည်။

ရှင်သာမဏေတို့ကို ၃–ပါး၊ ၅–ပါး၊ ၇–ပါး၊ ၉–ပါးစုပေါင်းပြုသည့်အခါ ၅၀–ကျော်စသည်ဖြင့် (မ)အရေအတွက် ဗမာများ နည်းတူပြုလေ့ရှိပါသည်။

ရှင်ဒါယကာမှာ မိဘက တတ်နိုင်လျှင် မိဘ၊ မတတ်နိုင်လျှင် ဆွေမျိုး၊ ၎င်းတို့က မတတ်နိုင်လျှင် ရပ်ရွာထဲက တတ်နိုင်သူတို့က အကုန်အကျခံ၍ ရှင်ပြုအလှူမင်္ဂလာကို ပြုလုပ်ကြပါသည်။

မိဘများက ဖြစ်စေ၊ ဆွေမျိုးကဖြစ်စေ၊ တတ်နိုင်သူ ရပ်ရွာလူကြီးတဦးဦးက ဖြစ်စေ၊ ရှင်ပြုအလှူမင်္ဂလာ လုပ်သောအခါ အလှူမလုပ်မီက ကြိုတင်၍ ရပ်ရွာလူကြီးသူကြီး၊ ရွာဆော်များကို ဘိတ်ကြားဧည့်ခံကျွေးမွေးပြီး အလှူအထမြောက်အောင် ဝိုင်းဝန်းကူညီကြပါရန်၊ ဆိုင်ရာဆိုင်ရာ ဘိတ်ကြားရန်ရှိသည့်နေရာများကို ဘိတ်ကြားပေးပါရန်၊ အလှူတွင် ချက်ပြုတ်ဧည့်ခံကျွေးမွေးပေးကြပါရန်၊ ရှင်လောင်းထိန်းရန်၊ ဝေယျာဝစ္စဆောင်ရွက်ပေးကြပါရန် တောင်းပန်ပြောကြားရပါသည်။

ရောက်ရှိလာသူများက ကူညီဆောင်ရွက်လုပ်ကိုင်ပေးပါမည်ဟု ပြောဆိုသောအခါမှ အလှူလုပ်ရန်နေ့ရက်ကို အနည်းဆုံး ၂–လ ၃–လခွါ၍ ချိန်းဆိုသတ်မှတ်ရပါသည်။

ချိန်းဆိုကန့်သတ်ပြီးနောက် ရွာဆော်က ရွာထဲလျှောက်၍ မည်သည့်နေ့ရက်တွင် အလှူဒါယကာ မည်သူက ရှင်ပြုအလှူမင်္ဂလာပေးပါမည်။ ကုသိုလ်ပါဝင်လိုသူများ မည်သူမဆို ကုသိုလ်ပါဝင်နိုင်ကြောင်း၊ တိုက်တွန်းနှိုးဆော်ဟစ်အော် ပြောကြားကြပါသည်။

ထိုအခါ သား–မြေး–ညီ–တူ ရှင်ပြုလိုသူများကသော်၎င်း၊ ရုပ်ပွါးဆင်းတုတော် ပူဇော်အနေကဇာတင်လိုသူ၊ ရှမ်းစာပေပုရပိုက် သို့မဟုတ် စာအုပ်လှူဒါန်းလိုသူများကသော်၎င်း၊ ပထမအလှူမင်္ဂလာဦးစီးခေါင်းဆောင်လုပ်သော အလှူဒါယကာထံ သွားရောက်ပြောဆိုရပါသည်။

ရှင်လောင်းဒါယကာတို့မှာ ငွေကြေးတတ်နိုင်သလောက် ထည့်၊ မထည့်နိုင်လျှင်နေ၊ သို့ရာတွင် ရှင်ဒါယကာအဖြစ်ခံယူရအောင် အနည်းဆုံး သင်္ကန်းပရိက္ခရာတစုံ ပါရသည်။

အလွန့်အလွန်ဆင်းရဲနွမ်းပါး၍ ပရိက္ခရာတစုံဘိုးမျှ မတတ်နိုင်ရှာသောရှင်လောင်းအတွက်မှာမူ ရှင်ဒါယကာလုပ်ချင်သူများက သူက ပရိက္ခရာတစုံဘိုး တာဝန်ယူပါရစေ၊ ငါက တာဝန်ယူပါရစေ၊ သို့မဟုတ် ဆွေမျိုးများက ဝိုင်းဝန်းတာဝန်ယူကြသောကြောင့် ရှမ်းရှင်ပြု အလှယ်ကလေး စကားပုံဖြစ်လာသည်ဟု ဆိုပါသည်။

ရုပ်ပွါးဆင်းတုတော်မှစ၍ အစခပ်သိမ်း လှူဒါန်းလိုသူမှန်သမျှ ဆန်နှင့်ငွေ တတ်နိုင်သလောက် ဦးစီးခေါင်းဆောင်ပြုသူ အလှူဒါယကာထံ ထည့်ဝင်လှူဒါန်းလိုက လှူဒါန်းနိုင်သည်။ ဦးစီးခေါင်းဆောင်ပြုသူ အလှူဒါယကာကလည်း နည်းသည် များသည် ပြောရိုးမရှိပါ။

အလှူပူးပေါင်းပါဝင်ကုသိုလ်ပြုသူများ၏ အမည်ကို မှတ်ယူထားရသည်။ အလှူရေ

E-book is created by shanyoma

စက်ချသောနေ့တွင် ဆရာတော်သံဃာတော်များနှင့်ပရိသတ်များရှေ့တွင် မည်သူက ဘာကို လှူဒါန်း၍ ကောင်းမှုဘွဲ့မည်ကဲ့သို့ ပေးသည်ကို သံဃာတော်တပါးက တဦးစီ တဦးစီ ဘတ်ကြားပြရသည်။

ရပ်ရွာလူအပေါင်းက မဏ္ဍပ်ဆောက်ရန် ဝါးကို ဝိုင်း၍ ခုတ်ယူလာကြပြီး ဦးစီးခေါင်းဆောင် အလှူရှင်အိမ်ဝင်းအတွင်း၌ ဖြစ်စေ၊ သို့မဟုတ် ကျယ်ဝန်းသောရွာမြေတနေရာ၌ ဖြစ်စေ၊ ၉–ခန်းပတ်လည် အလှူမဏ္ဍပ်ကြီးကို ရှေ့စမြင်နှင့်သံဃာစင်ပါ ဝိုင်းဝန်းဆောက်လုပ်ကြပါသည်။

အလှူရက်မတိုင်မီ တလလောက်က ကြိုတင်၍ ငှက်ပျောဖက်နှင့်သပ်ယပ်စွာ ထုပ်ထားသော လဘက်ထုပ်ဖြင့် ရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများထံ ဘိတ်ကြားကြပါသည်။

ရွာတွင်းရှိသူကြီးနှင့်အနီးအနားရှိ သူကြီးများထံကိုလည်း သီးသန့်လဘက်ထုပ်ဖြင့် တရွာလုံးရှိ အိမ်ရှိလူကုန် အလှူကိုကြွရောက်ပါရန် ဘိတ်ကြားပေးပါဟု တောင်းပန်စကားပြောကြား၍ လဘက်ကမ်းဘိတ်ကြားရသေး၏။

ရွာသူကြီးက ရွာဆော်ကိုခေါ်ပြီး ရွာထဲသို့ လျှောက်၍ ဘိတ်ကြားနှိုးဆော်ခိုင်းရာ ရွာဆော်က မည်သည့်နေ့ရက်တွင် မည်သည့်ရွာ၌ မည်သူ၏အလှူဘိတ်ကြားသောလဘက်ထုပ်ကို ရရှိ၍ ယောက်ျားမိန်းမ–ခလေး–လူကြီးမကျန် အားလုံးကြွရောက်သာဓုအနုမောဒနာခေါ်ယူကြပါဗျို့ဟု ဆော်ဩဘိတ်ကြားရပါသည်။

ရင်းနှီးသော ဆွေမျိုးသင်္ဂဟတို့မှာ မည်မျှခရီးဝေးသည်ဖြစ်စေ သွားရောက်ကြကြောင်း သိရပါသည်။ အလှူလာသူမှန်သမျှ အလှူဒါယကာဖြစ်လိုကြ၍ ဆန်အနည်းငယ်နှင့်ငွေကြေးတတ်နိုင်သလောက် အနည်းဆုံး တမူး–တမတ် ယခုခေတ်(၁၀)ပြား (၂၅)ပြား စသည်ဖြင့် ကုသိုလ်ပါဝင်လှူဒါန်းကြပါသည်။ လုံးဝကုသိုလ်မပါဝင် မလှူဒါန်းသူ မရှိပါ။

အချို့ ဆန်–ထင်း–ဖရုံ–သခွါး–ပဲ–ပဲပုပ်–လဘက်ခြောက်များကိုလည်း လှည်းဖြင့်တင်ဆောင်လာ၍သော်၎င်း၊ ခေါင်းဖြင့်ရွက်၍သော်၎င်း၊ ပစ္စည်းအကူအညီကုသိုလ်ပါဝင်လှူဒါန်းလေ့ရှိပါသည်။

အလှူကို ၃–ရက်ပြုလုပ်လေ့ရှိရာ ပထမနေ့တွင် အိုးစည်ဗုံမောင်းများတီး၍ ထမ်းစင်၌ ရာဇမတ်ငှက်ပျောပင်၊ ကြံပင်၊ တခွန်ကုက္ကား၊ မုလေးပွားစသည်တို့ဖြင့် ထိုးစိုက်လျက် မြတ်စွာဘုရားရုပ်ပွားတော်များကို ပင့်ဆောင်ပါသည်။ ၎င်း၏နောက်မှ သင်္ကန်းပရိက္ခရာ စာပေပုရပိုက်တို့ကို အလှူရှင်ကိုယ်တိုင် မဏ္ဍပ်သို့ပို့ရပါသည်။

နံနက်စာ ကျွေးမွေးစားသောက်ပြီးနောက် ကျောင်းသို့သွား၍ ရှင်လောင်းယူကြပါသည်။ ကျောင်းတွင် ကျောင်းသားများက ရှင်လောင်းကို ဝှက်ထားဟန်ပြုထားရာ ငွေအနည်းအများပေးပြီး ရွေးယူရပါသည်။

ကျောင်းသားများထံမှ ရှင်လောင်းများကို ရွေးယူပြီး အမျိုးသမီးများက သနပ်ခါးလိမ်းခြယ်ပေး၍ အမျိုးသားများက ရှင်လောင်းအဝတ်များ ပြင်ဆင်ဝတ်စားပေးပါသည်။

E-book is created by shanyoma

ရှင်လောင်းအဝတ်အထည်များမှာ သစ်လွင်တောက်ပြောင်လှပသော ရိုးရာအဝတ်အစားများ သို့မဟုတ် မင်းညီမင်းသားကဲ့သို့ ရွှေချည်ထိုး ငွေချည်ထိုး၊ စလွယ်၊ လယ်ဂျာ၊ လက်စီး၊ ဥသျှောင်၊ ထိုင်မသိမ်းအင်္ကျီ၊ ပိုးပုဆိုးရှည်၊ ဟသ်ာခြေနင်းစသည်များကိုလည်း ပြင်ဆင်ပေးတတ်ကြပါသည်။

ပြီးနောက် ကျောင်းပေါ်ရှိ သံဃာတော်များကို ကန်တော့ရန် ဘုရားစင်ရှေ့တွင် ပြင်ဆင်ခင်းကျင်းထားသော နေရာတွင် ရှင်လောင်းများကို နေရာချထားပြီး သံဃာတော်များကို လိုက်၍ပင့်ကြပါသည်။

သံဃာတော်များ ကြွရောက်လာပြီးနောက် မကန်တော့ရသေးမီ ရှင်လောင်းထိန်းတယောက်က (သျှိုး)လိုက် ရှမ်းဘာသာအသံနှင့်(ရွှဲ)လိုက်ရတုတပုဒ် နှစ်ပုဒ်လောက် ဆိုပါသည်။

ရတုမှာ ရှမ်းဘာသာသက်သက်နှင့်သော်၎င်း၊ ရှမ်းဗမာနှစ်ဘာသာရောယှက်၍သော်၎င်း၊ ဗမာဘာသာသက်သက်နှင့်သော်၎င်း၊ သူ့အရပ်သူ့ဌာနအလိုက် ရည်းစားကို မှာထားခွင့်တောင်းပုံ၊ တရားသံဝေဂရပုံ၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူပုံ၊ နိဗ္ဗာန်ရည်မှန်းလှူဒါန်းပုံ၊ ဒါနသီလအကျိုးအမျိုးမျိုး (သျှိုး)လိုက်ရတုများကို ဖွဲ့ဆိုရေးစပ်ထားကြသည်။

အလျဉ်းသင့်၍ လူပျိုလူရွယ်ရှင်လောင်းက သူ့ရဲ့ချစ်ရည်းစားကို မှာကြားပုံ၊ ရှမ်းဗမာနှစ်ဘာသာ ရောယှက်ရေးသားထားသော(သျှိုး)လိုက်ရတုတပုဒ်ကို တင်ပြပါမည်။

ယခုတခေတ် နုဆံရစ်၊ ငယ်ချစ်စွဲမေတ္တာ. . . ဤအပိုဒ်တွင် ရှင်လောင်းထိန်းများက (သျှိုး)မလိုက်ကြသေးဘဲ "အာ"ကာရံနှင့်"တာ"ဟု ညီညီညာညာ ဝိုင်း၍လိုက်ကြသည်။

မောင်တော်မှာ ပညာနုသေး၊ ဘုန်းဘုရားထံ–ရွှေကျောင်းစံ နည်းခံစာသင်ရေး (သျှိုး)

ကော့ဟန်လီ–ဆံထောက်ပျိုကလေး–အံပေါဟိန်ဆံ–နောင့်ဆီးခံ ဆံဝါပြီ–တေးထပ်မားယောက်(သျှိုး)

ကျော့ကျော့ကလေး–နန်းဟန်လီ–ဖိုင်တန်ယာစူး–မောင့်ချစ်ဦး၊ အထူးအောင့်အီးခံပ (သျှိုး)

ရာသက်ပန်–ပေါ်ဆူဝိုက်–ဆဖေါလီဟတ်မင်ဟောင်း–ဝါတွင်းသုံးလ–ခိန်တာန–လောင်းပါဆွမ်းဖြူဖြူနှင့်(သျှိုး)

ခိန်တန်လှူ–ဆေးလိပ်ကွမ်းယာကလေး စေတနာလီလီ–ပွတ်မြဲဆီ–ခမ်းလီဆုတောင်းအောင်လ(သျှိုး)

ဆူယောင်ငေါင်း–ကောင်ခွန်ဝမ်းတော်နဲ–မျက်ရည်သုတ်ခါ စိတ်နဲ့တာ–ပုဝါနန်းကောင်ယံယောက်(သျှိုး)

ပေါဝိုင်း–ဝမ်း–ပြီတေလိုင်တန်–ဆန်ကန်းလိန်–ဆန်ဆူဟပ်ပြိုင်း–နံလေဟိုင်း–နုံပြိုင်ပုတ်ခို–ပြီဟောင်းထာတ(သျှိုး)

ချစ်စရာ–ရှုံကာမဲ့ကာကလေး–ကွဲယတ်အီးလူ–ဝမ်းတော်ဆူ–အပူမီးလျှံပွါးပါဘိ(သျှိုး)

E-book is created by *shanyoma*

ဝတ်ဆောင်ဟား–ပြဲမီးဆန်–ဟတ်ကန်လေဟိုင်း–ချစ်တန်းပြိုင်း–ပုံနှိုင်းရွှေဟသ်ာပမာ သို့(သျှိုး)

ဖတ်တန်ကွာ–ဆောင်ပြီးကော့–ဟီလိမ်း–မောင်ကြီးနှမ ချစ်ခါစ–ခွဲရစိတ်စိုင်–မခိုင်အသဲ နာလှချည့်လေး၊

ကန်စိုင်–ဝမ်းထဲ ခင်နဲ့လဲ မခွဲချင်ဘူး–မှန်၏လေး–ဟော့–အေး–အေး။

အချပိုဒ်တွင် "အေ့"ကာရံနှင့်"အေး"ဟု ညီညီညာညာဝိုင်း၍ လိုက်ကြပြီး အိုးစည်ဗုံ မောင်းများ ပျော်ရွှင်စွာ တီးမှုတ်ကခုန်ကြပါသည်။

ဆရာဘုန်းကြီးများကို ကန်တော့၊ ငါးပါးသီလခံယူကြပြီးနောက် ရှင်လောင်းများကို ပခုံး ဖြင့်ထမ်းယူခြင်း၊ ကျောနှင့်ပိုးယူခြင်းပြုပြီး ရွှေထီး ၂–လက်စီမိုး၍ ကျောင်းအောက်သို့ဆင်းကြ ပါသည်။

ရှေ့ဆုံးမှ စေတီရုပ်ပွားဆင်းတုတော်များ ကပ်လှူရန် ရွှေဆိုင်း–ရွှေသက်န်းများ၊ ဝဲ– ယာ၌ ကန်တော့ပွဲများ၊ နောက်က ရှင်လောင်းဒကာများကိုယ်တိုင် လွယ်သပိတ်များကို လွယ်၍ လိုက်ကြရသည်။

ရှင်လောင်းများမှာ ဆင်, မြင်းစီး၍ဖြစ်စေ၊ လူ၏ပခုံးထက်၌ဖြစ်စေ၊ ယခုခေတ် ဂျစ်ကား နှင့်ဖြစ်စေ၊ ဝဲ–ယာနှစ်ဖက် ရွှေထီး ၂–လက်စီမိုး၍ လိုက်ပါလာရာမှ အိုးစည်ရှည်ဝိုင်း, အိုးစည်တို ဝိုင်း, မောင်းဆိုင်းဝိုင်း, ယခုခေတ်ကာလအလိုက် ခေတ်ဆန်းတူရိယာဝိုင်းများက တီးမှုတ်ကခုန် လိုက်ပါလာကြသည်။

ဤသို့ဆရာဘုန်းတော်ကြီးကျောင်းမှစပြီး လှည့်လည်လာခဲ့ရာ ရှင်လောင်း၏မိဘ, ဘိုး ဘွား, ဘကြီး, ဘထွေး, လူကြီးများအိမ်ရှေ့ရောက်သောအခါ ရှင်လောင်းနှင့်တကွ ရှင်လောင်းထိန်း များပါ ဝင်ရောက်ကန်တော့ကြရသည်။ ဂါရဝတရားရတုတပုဒ် နှစ်ပုဒ်လောက်ကိုလည်း ဆိုကြ သည်။

အကန်တော့ခံရသော လူကြီးများကလည်း ရှင်လောင်းတပါးလျှင် ၁–၅၂–၁၀–စသည်ဖြင့် တတ်နိုင်လျှင် တတ်နိုင်သလို ကန်တော့ဆုပေးရမြဲ ထုံးရှိသည်။

ကန်တော့ဆုအဖြစ် ရှင်လောင်းကိုပေးရသည်ဆိုသော်လည်း ရှင်လောင်းကမရဘဲ ထိုဆု ရငွေ အားလုံးကို စုပေါင်းပြီး ရှင်လောင်းထိန်း ကာလသားခေါင်း"ပူခေါင်း"ကို ပေးရသည်။

ရှင်လောင်းထမ်းသူများသည် အိုးစည်ဗုံမောင်းသံကိုလိုက်ပြီး သိုင်းကွက်နင်းကာ ကခုန် ကြသည်။ လေးလန်မောပန်းလျှင် လူလဲ၍ထမ်းနိုင်သော်လည်း ရှင်လောင်းလှည့်စဉ် ရှင်လောင်း မြေပေါ်မကျကောင်းသောကြောင့် တယောက်ပခုံးပေါ်က တယောက်ပခုံးပေါ်သို့ ပြောင်းလဲထမ်း ဆောင် ကခုန်ရွှင်မြူးကြကုန်သည်။

ဆင်, မြင်းထက်မှဖြစ်စေ၊ လူ၏ပခုံးထက် သို့မဟုတ် ဂျစ်ကားပေါ်မှ လိုက်ပါလာသော ရှင်များကလည်း အိုးစည်ဗုံမောင်းသံနှင့်လိုက်ပြီး လက်ကိုင်ပုဝါကလေးများကို ကိုင်ထားသော

E-book is created by *shanyoma*

ညာဘက်လက်ကို မြှောက်ခါ မြှောက်ခါ ဘယ်ယိမ်းညာနွဲ့ဖြင့် တခါတခါ က,ကြသည်။

အချို့နယ်ရှင်လောင်းများကတော့ ရှင်လောင်းလှည့်ရာမှအပြန် မဏ္ဍပ်အတွင်းရောက်မှ ခုံမြင့်ပေါ် သို့မဟုတ် သီးသန့်ပြုလုပ်ထားသော စင်မြင့်ပေါ်တက်၍ ကကြ ခုန်ကြသည်။

ဤကဲ့သို့ ရှင်လောင်းများ ကကြသည်မှာ သာသနာဘောင် ဝင်ရောက်ထမ်းဆောင်ရသည်ကို ဝမ်းသာသော အထိမ်းအမှတ်အဖြစ် ကကြသည်ဟုဆိုပါသည်။

ထို့အတူ ရှင်လောင်းထမ်းသူများ ကကြ ခုန်ကြသည်မှာလည်း သာသနာဘောင် ဝင်ရောက်ထမ်းဆောင်ကြတော့မည့်သာမဏေလောင်းလျာများအား ထမ်းဆောင်ပို့ရသည်ကို ဝမ်းသာသောကြောင့် မမောနိုင် မပန်းနိုင် ကကြ ခုန်ကြသည်ဟု ဆိုပါသည်။

ရှင်လောင်းလှည့်ပြီး မဏ္ဍပ်သို့ပြန်ရောက်သောအခါ ကျွေးမွေးဧည့်ခံပြီးနောက် ရှင်လောင်းကို ရိုးရိုးအဝတ်ပြန်လဲပေး၍ ညဘက်၌ မဏ္ဍပ်အတွင်းမှာပင် အိပ်ကြရသည်။ ၎င်းကို ရှမ်းဘာသာ''ဆန်လောင်းနွမ်းခင်း''ညသိပ်ရှင်လောင်းဟု ခေါ်သည်။

ညအချိန်၌ ပျော်ရွှင်စွာ တီးမှုတ်ကခုန်ကြခြင်း၊ 'မော်ကွမ်းလုံ'ခေါ် သံစုံစာဟောဆရာကလည်း ဇာတ်နိပါတ်ရာဇဝင်သိုက်သမိုင်း ဒဏ္ဍာရီပုံပြင်များကို ဟောပြောခြင်း၊ မိန်းမတလှည့် ယောကျ်ားတလှည့် အပြိုင်အဆိုင် အစောင်းအချိတ်တို့ဖြင့် ကဗျာပြိုင်ပွဲလုပ်ခြင်း၊ စာနာခြင်းများပြုလုပ်ပြီး မုန့်တီကြာဇံချက် ထမင်းဝါ(ဗမာအခေါ် ရှမ်းထမင်းချဉ်)တို့ကို ကျွေးမွေးကြသည်။ ရှမ်းဘာသာ 'ခေါက်လိပ်'ညထမင်းခေါ်သည်။

မဏ္ဍပ်အနီးအနားတွင် နိဗ္ဗာန်ဈေးဖွင့်ထားသော သီးသန့်တဲများလည်း ဆောက်လုပ်ထားပြီး လဘက်ရည်အခါးနှင့်ဆေးလိပ်ကွမ်းယာတို့မှာ ၂၄–နာရီ မပြတ်တည်ခင်းထားသည်။

နောက်တနေ့နံနက် ရဟန်းသံဃာတော်များကို ဆွမ်းကပ်လှူ၍ လူပရိသတ်များကို ကျွေးမွေးဧည့်ခံပြီးနောက် ပထမနေ့ကကဲ့သို့ ရှင်လောင်းများကို ဝတ်စားထားပြီး သံဃာစင်အနီးအနားတွင် သီးသန့်နေရာချထားလျက် ရှင်လောင်းထိန်းတို့ကလည်း (သျှုံး)လိုက်ရတုဆိုလိုက်၊ ခေတ်ဆန်းတူရိယာအဖွဲ့ပါလျှင်လည်း တလှည့်စီ၊ တကျော့စီ တီးလိုက် ဆိုလိုက် ကလိုက် ခုန်လိုက် စားလိုက် သောက်လိုက်နှင့်ထိုနေ့အဘို့ အချိန်ကုန်၍ ရှင်လောင်းများကို ရိုးရိုးအဝတ်လဲပေးပြီး မဏ္ဍပ်အတွင်း၌ပင် အိပ်ကြရပြန်သည်။

ညချမ်းအချိန်၌ အဝေးရပ်မှ ရောက်လာကြသော ဆွေမျိုးအကြီးအကဲတို့ကို၎င်း၊ ရွာတွင်းမှ မကန်တော့ရသေးဘဲ ကျန်နေသောဆွေမျိုးအကြီးအကဲများကို၎င်း၊ မဏ္ဍပ်အတွင်း၌ပင် ရှင်လောင်းများက ကန်တော့ကြခြင်း၊ ပရိသတ်များက ရှင်လောင်းများကို စားကောင်းသောက်ဖွယ်များ လာရောက်ကျွေးမွေးလှူဒါန်းကြခြင်း၊ ထွက်လိုက်ဝင်လိုက် စားလိုက်သောက်လိုက် တီးလိုက်မှုတ်လိုက် ကလိုက် ခုန်လိုက်နှင့်အတော်ပင် စည်ကားလှပါသည်။

ပထမနေ့ ညကကဲ့သို့ပင် မော်ကွမ်းလုံ သံစုံဆရာကလည်း သံစုံဟောပြောခြင်း၊ ရှမ်းစာနာခြင်း၊ မိန်းမယောကျ်ား အချီအချသီချင်း အပြိုင်အဆိုင်ဆိုကြခြင်းဖြင့် ဒုတိယညအချိန်ကုန်

E-book is created by shanyoma

ပါသည်။

ဒုတိယနေ့ နံနက်ပိုင်းမှာဖြစ်စေ၊ တတိယနေ့ နံနက်ပိုင်းမှာဖြစ်စေ အနီးအဝေးရပ်ရွာများမှာ လူများကလည်း အိုးစည်ဗုံမောင်း အကအခုန်တို့ဖြင့် သေနတ်ပစ်ဖောက်၍ သိုက်သိုက်ဝန်းဝန်းလာကြသော ထုံးစံရှိသည်။

အလှူရှင်ဘက်မှ လူကြီးများက ရွာဦးရွာထိပ်မှနေပြီး သုံးချောင်းထောက်ပေါ်၌ဖြစ်စေ၊ မှန်စီရွှေချအုပ် သို့မဟုတ် ယွန်းထည် အုပ်နီအတွင်း၌ဖြစ်စေ၊ ဆန်ပန်းပေါက်ပေါက်များကို ထည့်၍ အိုးစည် ဗုံမောင်းများတီးကာ အားရဝမ်းသာပျော်ရွှင်စွာ ကြိုဆိုကြပါသည်။

တတိယနေ့နံနက် သံဃာတော်များကို ဆွမ်းကပ်ပြီးနောက် ပရိသတ်များကို ညွှေ့ခံကျွေးမွေး၍ နေ့ ၁၂–နာရီ သို့မဟုတ် တနာရီလောက်အကျွေးအမွေးရပ်လိုက်ပြီးနောက် ရှင်လောင်းကို အထက်နည်းအတိုင်း ဖီးလိမ်းပြင်ဆင်လျက် ရွှေထီး ၂–လက်မိုး၍ ဆန်ချရန် ရေချိုးရန် ရေဆိပ်ရေဆိပ်မရှိသော အရပ်ဖြစ်လျှင် ရေကန်–ရေတွင်းသို့ ပခုံးဖြင့်ထမ်း၍ ထုတ်သွားကြပါသည်။

ရောက်လျှင် ရှင်လောင်းများကို သင်ခုန်းဓါးနှင့်ခေါင်းရိပ်ပေးပြီး နနွင်းမှုံ့လိမ်းပေးကြသည်။ ပြီးနောက် ပိတ်ဖြူနံငယ်ပိုင်းဝတ်ပေးပြီး ပါးစပ်တွင်းသို့ ငွေမတ်စိ တစိစီ ငုံထားခိုင်းလျက် ရေချောင်းထဲသို့ဆင်း၍ ရေငုတ်လျှင် ငုတ်ခြင်း၊ ငွေမတ်စိကို ထွေးထုတ်ရသည်။

ရေချောင်းမဟုတ်ဘဲ ရေတွင်းရေကန်ဖြစ်လျှင် ပထမခေါင်းပေါ်သို့ ရေလောင်းချလိုက်သည်နှင့်ငုံထားသော ငွေမတ်စိကို ထွေးထုတ်လိုက်ရသည်။

ရှင်လောင်းထိန်းများက ငွေမတ်စိကို သူ့ထက်ငါဦးရအောင် လုယူကြပါသည်။ ၎င်းငွေမတ်စိကို ငွေပြားခတ်ပြီး လက်ဖွဲ့ထိုးဆောင်လျှင် ကာယသိဒ္ဓိ–ပီယသိဒ္ဓိ အလွန်ကောင်းသည်ဟု အယူရှိကြသည်။

ရှင်လောင်းများ ရေချိုးပြီးနောက်  ပြန်လာကြရာ မဏ္ဍပ်အတွင်းသို့ ရုတ်တရက် မဝင်သေးဘဲ (သျှိုး)လိုက် ရတုဆိုလိုက်၊ ရှင်လောင်းထမ်းများက အိုးစည်ဗုံမောင်းတီးသံနှင့်လိုက်၍ ကလိုက် ခုန်လိုက်နှင့်နေကြပါသည်။

၎င်းသို့ဆိုလိုက်တီးလိုက် ကလိုက်ခုန်လိုက်နှင့်တနာရီနီးပါးမျှ ဆုခံနေကြရာ အလှူရှင်က ဆန်ပန်းပေါက်ပေါက်တို့ဖြင့် ငွေအနည်းအများထည့်၍ ကြိုဆိုဆုပေးမှ မဏ္ဍပ်အတွင်းသို့ဝင်ကြသည်။

ဆရာတော်သံဃာတော်များလည်း ကြွရောက်ပြီးဖြစ်၍ ဆရာတော်သံဃာတော်များရှေ့တွင် ရှင်လောင်းများကို နေရာယူချထားလျက် လက်တွင်းသို့ ပန်းပေါက်ပေါက်တဆုပ်စီ ပန်းကတော့နှင့်အတူ ဆရာတော်များအား ကန်တော့ခြင်း၊ သင်္ကန်းတောင်းခြင်းပြုပြီးလျှင် ရှင်လောင်းထိန်းတို့က သာမဏေလောင်းတို့ကို သင်္ကန်းကဗျာကသီ ဝတ်ရုံပေးကြရသည်။

အရင်ပြီးသော ကိုရင်မှာ ဉာဏ်ကောင်းသည်ဟု အယူရှိကြပါသည်။ သီလယူ, သရဏဂုံ ခံပေးပြီး ရှင်ကိစ္စပြီးပါသည်။

E-book is created by shanyoma

ထို့နောက် "ပန်းဒကာ"ခေါ် တရားနာခံက ဦးစွာနတ်ကိုပင့်ပြီးလျှင် ဘုရားကို ပန်းကပ်လှူဒါန်းပါသည်။ ပြီးနောက် ပရိသတ်များက သံဃာတော်အရှင်မြတ်တို့ကို ကန်တော့ခြင်း၊ ငါးပါးသီလခံယူခြင်း၊ ဆရာတော်များက ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်တော်မူပြီး တရားဟောပါသည်။ ပြီးလျှင် အလှူရှင်၏ အမည်များကို ရှမ်းစက္ကူပိတ်ဖြူပေါ်တွင် ကြက်လျှာကဲ့သို့ ညှပ်ထားကာ ဒုတ်တံနှင့်ပတ်ထားသော အလှူဘွဲ့ပေးစာကို ရဟန်းတော်တပါးက ဖြန့်၍ ဘတ်ကြားပြီးလျှင် ဘွဲ့ခံယူသူ အလှူတကာ လက်သို့ ပေးအပ်တော်မူသည်။

## အလှူဘွဲ့ပေးစာ အဓိပ္ပါယ်မှာ

သက္ကရာဇ်. . . . . .ခု. . . . . . .လဆ. . . . . .ရက်နေ့၌. . . . . .ရွာနေသည် ပုဗ္ဗမုဥ္စ ပရစေတနာ ဖြူစင်စွာဖြင့် ရပ်တော်မူရုပ်ပွားတော်တဆူ လှူဒါန်းပူဇော်သဖြင့် ယနေ့မှစ၍ "ဖလားဆိုင်ဟိန်း"အမည်နာမ အသစ်ထွင်၍ အသက်ရာကျော်ရှည်လျက် အလှူရေစက်လက်နှင့် မဂ္ဂါ သီလသမာဓိဖြည့်ကျင့်ဆည်းပူးနိုင်ပြီး နိဗ္ဗာန်ရွှေပြည်တော်သို့ ရောက်စေသတည်း။ ကြားကြားသမျှ နတ်လူသာခုခေါ်စေသော၀်။

စာပေ–ပုရပိုက်လှူသူအား "ချင်းစာကာ"ဘွဲ့။

ပဋ္ဌင်းဒါယကာကို "ပူစန်း"ဟူ၍၎င်း၊ မယားကို "နဲစန်း"ဟူ၍၎င်း။

ရှင်ဒါယကာကို "ပေါ်ဆန်"ဟူ၍၎င်း၊ မယားကို "မြဲဆန်"ဟူ၍၎င်း။

အလှူဘွဲ့ပေးစာကို ဘတ်ကြားပေးတော်မူပြီးနောက် ရေစက်ချ အမျှပေးဝေ၍ ရှင်ပြုမင်္ဂလာပွဲကြီးကို အပြီးသတ်ပါတော့သည်။

ရှင်ပြုအလှူမင်္ဂလာပွဲပြီး၍ ၃–ရက်မှ ၇–ရက်အတွင်း ကူညီဆောင်ရွက်လုပ်ကိုင်သူ အဖွဲ့အသီးသီးတို့သည် တနေရာတွင် လျှို့ဝှက်စွာ တိုင်ပင်ကြပြီး ညဘက် (၁၀)နာရီ (၁၂)နာရီအချိန်လောက် ခေါင်းဆောင်အလှူရှင်အိမ်အနီးသို့ အသံမကြားရအောင် တိတ်တဆိတ် လာရောက်ကြပြီး အိုးစည်ဗုံမောင်းများတီးခါ. . .

ဆာထု–ဆာထု–ဆာထုဟု သံပြိုင်အော်ဟစ်ပြီး ထိတ်လန့်သွားအောင် လုပ်၍ ပျော်ရွှင်စွာ တီးမှုတ်ကခုန်ယင်း ဆုခံကြသည်။

အိမ်ရှင်အလှူဒါယကာလူကြီးက ငွေ ၅–၁၀–၂၀ စသည်ဖြင့် တတ်နိုင်သလောက် ရှမ်းစက္ကူနှင့်ထုပ်၍ ကလပ်ပေါ်သို့မဟုတ် သုံးချောင်းထောက် ဗန်းကလေးပေါ်တင်ပြီး သူ၏ဇနီးနှင့်အတူထွက်၍ ဆုခံနေသူများအား မိမိတို့ပြုသောကုသိုလ်ကောင်းမှုအဖို့ကို အမျှပေးဝေရင်း ဝေယျာဝစ္စဆုအဖြစ် ပေးဆပ်ပါတော့သည်။

ဆုခံယူသူများက အတီးအမှုတ်–အက–အခုန်ကို ရပ်ဆိုင်း၍ ဆုခံယူပြီးနောက် ဆာထု–ဆာထု–ဆာထုဟု သုံးကြိမ်ခေါ်ကာ အလှူဒါယကာတဦး၏ အိမ်တအိမ်သို့ တိတ်တဆိတ်သွားကြပြန်ပါသည်။

E-book is created by shanyoma

အလှူရှင်များ အိမ်သို့ တအိမ်ပြီးတအိမ် အထက်နည်းအတိုင်းသွား၍ အိမ်အနီးသို့ ရောက်မှ ဖြုန်းကနဲ အော်ဟစ်ကာ တီးမှုတ်ကြသည်အတွက် အလှူဒါယကာအိမ်ရှင်များမှာ ရင်တဖိုဖိုနှင့်ဘယ်သူ့အိမ်တော့ဆုခံပြီးပြီ၊ ဒို့အိမ်ကို ဘယ်အချိန်မှာ လာရောက်ကြမလဲဟု လာနိုး–လာနိုးနှင့်စောင့်မြှော်နေတတ်ကြသည်။

ဆုခံသူ လူတစုကလည်း ပထမညမှာ ၂–အိမ်–၃–အိမ်လောက်သာဆုခံပြီး တိတ်တဆိတ်သူတို့အိမ် သူတို့ ပြန်အိပ်နေကြရာ စောင့်မြှော်နေသူတို့က ဖြုန်းကနဲ ဆူဆူညံညံတီးလိုက်လျှင် ထိတ်လန့်သွားမည်စိုး၍ မအိပ်ဘဲ သတိနှင့်စောင့်မြှော်နေကြရာ အချို့မိုးလင်းကြတော့၏။

ဆုခံသူတို့ကလည်း အလှူရှင်တဦးဦးကို နောက်ဆုံးချန်ထားလေ့ရှိသည်။ ထိုအလှူရှင်မှာ ငါဘဲ ကျန်တော့တယ်။ ဒီလူတွေ ငါ့အိမ်ကို ဘယ်ည ဘယ်အချိန်များ လာကြမှာလဲဟု ရင်တဖိုဖိုနှင့်စောင့်နေတတ်သည်။

ဆုခံသူ လူတစုကလည်း နေ့ရက်, အချိန်နာရီမပေးဘဲ အိပ်ကောင်းတုန်း သန်းခေါင်ကျော်လောက်မှဖြစ်စေ၊ နံနက်လင်းကာနီးမှာဖြစ်စေ၊ ဖြုန်းကနဲ ရောက်လာကြပြီး မိုးထိန်ထိန်လင်းသည်အထိ ထိုအိမ်တွင် ဆူညံစွာ တီးမှုတ်ကခုန်နေတတ်ကြသည်။ မည်သို့ပင် ဆူညံစွာ တီးမှုတ်ကခုန်နေကြစေကာမူ အိမ်ရှင်များက စိတ်ဆိုးလေ့မရှိဘဲ ပြုံးရွှင်ကြည်လင်စွာ ဆီးကြိုဧည့်ခံလေ့ရှိကြသည်။

၎င်းဆုခံခြင်းကို ရှမ်းဘာသာ"တုတ်ဆူး"ခေါ်သည်။ "တုတ်"ထိတ်လန့်သော "ဆူး" ဆုခံ၊ ထိတ်လန့်အောင်လုပ်ပြီး ဝေယျာဝစ္စကုသိုလ်အဖို့ ဆုခံခြင်းအဓိပ္ပါယ်ဖြစ်ပါသည်။

ဤသို့ တုတ်ဆုခံ၍ရသော ငွေများကိုလည်း ကာလသားခေါင်းကို ပေးအပ်ရပါသည်။ ကာလသားခေါင်းက ရှင်လောင်းကန်တော့စဉ်အခါက ကန်တော့ဆု ရငွေများနှင့်တုတ်ဆုရငွေများပါ ပေါင်းပြီးနောက် ကာလသား–ကာလသမီးအများသဘောတူရာ ဆရာဘုန်းကြီး၏ကျောင်းလိုရာပစ္စည်းများ၊ သို့မဟုတ် ရပ်ရွာကိစ္စအသုံးပြုရန် အလိုရှိသောအခါ ရရှိလေအောင် ဆိုင်ရာပစ္စည်းများကို ဝယ်ခြမ်းလှူဒါန်းထားကြပါသည်။

★

## ထေရဝါဒဗုဒ္ဓဘာသာ

ဘာသာအယူဝါဒမှာ မြေပြန့်–ပြည်မကြီးနည်းတူ ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပါသည်။ ပြည်မကြီးတွင် ဂိုဏ်းအမျိုးမျိုး ကွဲပြားသည်နည်းတူ မြေမြင့်တွင်လည်း. . .

၁။ သုဓမ္မာ။

၂။ ရွှေကျင်။

၃။ ဇောတိ။

၄။ ပွဲကျောင်း။

E-book is created by *shanyoma*

၅။ မင်းကျော်(ရှမ်းအခေါ် မြိုင်းကျော်)။
၆။ ယွန်း။
၇။ ယောခူး။

စသည်ဖြင့် ကွဲပြားလျက် ရှိသည်ကို သိရပါသည်။ ဂိုဏ်းကွဲပြားသည်အလျောက် မိမိတို့ မိရိုးဖလာအတိုင်း ယုံကြည်ရာ ကြည်ညိုရာကို ရှိသေကိုင်းရှိုင်းကိုးကွယ်လျက် ရှိကြသည်။

သုဓမ္မာ–ရွှေကျင်–ဇောတိဂိုဏ်းဝင်များမှတပါး ကျန်ဂိုဏ်းဝင်များသည် တောခေါင်ခေါင် ချောင်ကျကျများ၌သာရှိ၍ ၎င်းဒေသများတွင်လည်း သုဓမ္မာ–ရွှေကျင်သာသနာပြုဆရာတော် သံဃာတော်များ ကြွရောက်သီတင်းသုံးလျက် သာသနာပြုတော်မူလျက် ရှိကြပါသည်။

မြို့ကြီးပြကြီး အရပ်ကြီးများတွင် သုဓမ္မ–ရွှေကျင်ကျောင်းတိုက်ကြီးများ၊ စာသင်တိုက်ကြီးများရှိပြီး အချို့မြို့နယ်များတွင် ပရိယတ္တိစာပြန်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်လျက် ရှိပါသည်။

မြို့ကြီးပြကြီး အရပ်ကြီးများတွင် သီတင်းသုံးတော်မူလျက်ရှိသော အချို့ရဟန်းသံဃာတော်များသာ ဆွမ်းခံတော်မူကြ၍ တောအရပ်ဒေသများတွင် သီတင်းသုံးသော ရဟန်းတော်များ ဆွမ်းခံတော်မမူရပါ။ ရပ်ရွာဒကာ–ဒကာမများက ဆွမ်း–ဆွမ်းဟင်း ဘောဇဉ်–ချိုချဉ်အရသာသစ်သီးများကိုပါ ဆွမ်းအိုး–ဆွမ်းဂျိုင့်–ဆွမ်းအုပ်တို့ဖြင့် ပို့ကြရသော ထုံးစံရှိပါသည်။ ၎င်းကို "ဆွမ်းဦး"ခေါ်သည်။

ကျောင်းတိုင်း၌ ကိုရင်–ဖိုးသူတော်–ကပ္ပိယ–ကျောင်းသားများရှိကြ၍ ပို့လာသော ဆွမ်းဘောဇဉ်–ချိုချဉ်များကို လက်ခံစီစဉ်ပြီး ဆွမ်းစားချိန်တွင် ကပ်လှူပေးကြသည်။ ဆွမ်းကို နံနက် ၆–နာရီတကြိမ်၊ ၁၁–နာရီတကြိမ်၊ နှစ်ကြိမ် ဘုဉ်းပေးကြပါသည်။

ဂိုဏ်းချုပ်–ဂိုဏ်းအုပ်–ဂိုဏ်းထောက်–ဂိုဏ်းသမာဓိ၊ သာသနာပြုသုဓမ္မာစာချဆရာတော်များ၊ သာသနာရေးဆိုင်ရာဝန်၊ သာသနာရေးစာရေးများပါ ရှိပါသည်။

ဒကာ–ဒကာများ လုပ်ခင်းဆောင်တာ အားလပ်ချိန်၊ နတ်တော်, ပြာသို, တပို့တွဲလများတွင် တဂိုဏ်းစီဖြစ်စေ၊ ရောပေါင်း၍ဖြစ်စေ၊ သုံးနှစ်တကြိမ်ကျ ပရိဝတ်–မာနဝတ်ကို ဆောက်တည်တော်မူလေ့–စောင့်တော်မူလေ့ရှိကြပါသည်။

ရှမ်းထုံးစံမှာ ဝတ်မစောင့်ရသေး သို့မဟုတ် ဝတ်ပွဲသို့မဝင်ရသေးသောရဟန်းတော်များအား အာပတ်မဖြေရသေးသော ရဟန်းတော်ဖြစ်သည်ဟု အကြည်ညို ပေါ့လျော့တတ်သောကြောင့် ဝတ်စောင့်သည်ဖြစ်စေ၊ မစောင့်သည်ဖြစ်စေ၊ ပရိဝတ်ပွဲပြုလုပ်မည့်နေရာဌာနသို့ ကြွရမြဲလာရမြဲဖြစ်သည်။ တခါတရံ ဒကာ–ဒကာမများက မိမိတို့ သဟာဇာတဖြစ်သော ဂိုဏ်းဝင်သံဃာတော်များအား ဝေးလံသော အရပ်ဒေသမှ လှည်းများဖြင့် ပင့်ဆောင်၍ လာတတ်ကြပါသည်။

ဝတ်ဆောက်တည်ရာ ပရဝုဏ်ကြီးအလယ်"ပကတတ်"ခေါ် သံဃာစင်နှင့်မဏ္ဍပ်ကြီးတဆောင် ဆောက်လုပ်ထားပြီး ပိတ်ဖြူပြတန်, မျက်နှာကြက်, ပန်းဆွဲ, ကြာယပ်တို့နှင့်သပ်ယပ်စွာ

E-book is created by shanyoma

ဆင်ပြင်ပြုလုပ်ထားသော စင်မြင့်ပေါ်တွင် ဘုရားပွား, ဆင်းတုတော်တဆူပင့်၍ ပူဇော်ထားပါသည်။

ဝတ်မဆောက်တည်သော သံဃာတော်အရှင်မြတ်များက မဏ္ဍပ်ကြီးအတွင်းရှိ သံဃာစင်ပေါ်တွင် ကျိန်းစက်တော်မူကြ၍ ဝတ်စောင့်သော သံဃာတော်အရှင်မြတ်များက မဏ္ဍပ်ကြီးပတ်လည်တွင် တည်ဆောက်ပြုလုပ်ထားသော ''ပေါင်''ခေါ် ကျောင်းသင်္ခမ်းကလေးများအတွင်း ည (၈)နာရီအချိန်လောက်ကစ၍ သန်းခေါင်ကျော်တိုင်အောင် မှောင်ထဲ၌ တပါးတည်း သီတင်းသုံးတော်မူပြီး ဘာဝနာပွားများခြင်း၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်း၊ ပရိတ်မေတ္တာပို့ခြင်းတို့ကို ပြုလုပ်တော်မူကြသည်။

''ပေါင်''ခေါ် ကျောင်းသင်္ခမ်းကလေးများမှာ လှည်းပေါင်းမိုးသဏ္ဍာန်၊ လှည်းပေါင်းမိုးအရွယ်အစားအတိုင်း ကောက်ရိုးနှင့်အမိုးအကာ အားလုံးပြုလုပ်၍ ထွက်ပေါက် ဝင်ပေါက်တပေါက်တည်းသာ ထားပါသည်။

ထွက်ပေါက်တံခါးကိုလည်း ကောက်ရိုးကို ဝါးနှင့်ညှပ်၍ သေသပ်စွာ အဖုံးအကာပြုလုပ်ထားပြီး အတွင်းဘက်၌ ကောက်ရိုးအပြည့်ခင်းလျက် ကောက်ရိုးပေါ်တွင် ကော်ဇောခင်း၍ စောင် ခေါင်းအုံးများပါထားသည်။

နံနက် ၄–နာရီအချိန် ''ပကတတ်''စင်, မဏ္ဍပ်ကြီးမှ ကိုရင် သို့မဟုတ် လူဒါယကာတဦးဦးကဖြစ်စေ၊ တုံးခေါက်လိုက်သောအခါမှ ပရိဝတ်စောင့်သောရဟန်းတော်များ (ပေါင်)ကျောင်းသင်္ခမ်းကလေးမှ ထွက်တော်မူကြ၍ ကိုယ်သန့်စင်ပြီး သံဃာစင်ပေါ်သို့ ကြွတော်မူ၍ ဘုရားရှိခိုးအာပတ်ဖြေတော်မူကြပါသည်။

ထိုအခါ ဘုရားရှင်ရုပ်ပွားတော်ရှေ့ သံဃာစင်ပေါ်တွင် သီတင်းသုံးတော်မူနေသော ဆရာတော်များက အာပတ်ဖြေခြင်းကို ခံယူတော်မူကြပါသည်။

၎င်းနောက် ယာဂုများ ဘုဉ်းပေးတော်မူကြပြီး ဝတ်ဆောက်တည်ရာ(ပေါင်)ကျောင်းသင်္ခမ်းသို့ ပြန်လည်ကြွမြန်းတော်မူ၍ ကမ္မဋ္ဌာန်းတရားအားထုတ်တော်မူကြပါသည်။

မဏ္ဍပ်ကြီးအနီး၌ ဒကာ–ဒကာမများ စုပေါင်းချက်ပြုတ်ထားသော ဆွမ်း–ဆွမ်းဟင်း–ဘောဇဉ်–ချိုချဉ်–သစ်သီးနှင့်ရပ်ရွာထဲမှလာပို့ကြသော ဆွမ်း–ဆွမ်းဟင်း–ဘောဇဉ်–ချိုချဉ်သစ်သီးများကို ရောပေါင်း၍ နံနက်(၆)နာရီတကြိမ်၊ ၁၁–နာရီတကြိမ် ဆွမ်းကပ်လှူကြပါသည်။

ဆွမ်း–ဆွမ်းဟင်း–ဘောဇဉ်–ချိုချဉ်–သစ်သီးတို့မှာ မကုန်ခမ်းနိုင်လောက်အောင် ပေါများလှ၍ ထမင်းသုံးထပ်စားလေ့ရှိသော ဒကာ–ဒကာမတို့ ''ခေါက်ဝမ်း''ခေါ် နေ့လည်စာအဖို့ ပြန်၍ စွန့်ကြဲရသည်။

ဝတ်ဆောက်တည်ရာ ပရဝုဏ်ကြီးအနီးအနား၌ နိဗ္ဗာန်ဈေးများ ဖွင့်ထားပါသည်။ ၎င်းပြင် မိန်းမတလှည့် ယောကျ်ားတလှည့် ခနဲ့စကား၊ ညုစကား၊ စောင်းချိတ်စကားများ ပါဝင်သော သီချင်းများကို(နှုတ်ငုံအရကျက်ထားသော သီချင်းများမဟုတ်)ချက်ချင်း၊ လက်တန်း၊ စပ်ဟပ်၍

E-book is created by shanyoma

အပြန်အလှန် အချီအချသီဆိုကြသော "ကွမ်းဟောက်"ခေါ် နှစ်ပါးသွားသီချင်းပြိုင်ပွဲ။

ဇာတ်နိပါတ်–ရာဇဝင်–သိုက်သမိုင်း–ဒဏ္ဍာရီ–ပုံပြင်များကို နားထောင်သူမငြီးရအောင် ရယ်စရာ သောလုံးများပါညှပ်ပြီး ကြက်သံ, ငှက်သံ, ဝက်သံ, ဆင်သံ, မြင်းသံ, တရုပ်သံ, ကုလား သံ, ခလေးငိုသံ, ရယ်သံ, ခွေးဟောင်သံပါ မကျန်ရအောင် ဟာသဉာဏ်ရွှင်ရွှင်နှင့်တယောက်တည်း သံစုံဟောကြားသော "မော်ကွမ်းလုံ"ခေါ် စာဟောဆရာဝိုင်းများပါ နေ့ညမပြတ်ထားရှိရာ ဝတ် စောင့်ပွဲသည် စည်ကားသိုက်မြိုက်လှတော့၏။

ယွန်းဂိုဏ်းမှာ လဇ္ဇီဂိုဏ်းနှင့်အလဇ္ဇီဂိုဏ်းဟု နှစ်မျိုးရှိရာ အလဇ္ဇီဂိုဏ်းရဟန်းသံဃာများ သာ ဇာတ်ပွဲ, အငြိမ့်ပွဲ, ဘောပွဲမှစ၍ ပျော်ပွဲရွှင်ပွဲများကို ထွက်ဝင်သွားလာကြည့်ရှုကြပြီး လဇ္ဇီဂိုဏ်း ဆိုင်ရာ သံဃာတော်များနှင့်ရှမ်းပြည်ရှိ သုဓမ္မာ–ရွှေကျင်–ဇောတိဂိုဏ်းဆရာတော်သံဃာတော်များ သည် ပျော်ပွဲသဘင် ထွက်ဝင်သွားလာခြင်း၊ မြို့ရေး ရွာရေးနိုင်ငံရေးအစရှိသော ရဟန်းနှင့်မဆက် စပ်သော အရေးများကို ဝင်ရောက်စွက်ဖက်ဟောပြောဆောင်ရွက် လုပ်ကိုင်တော်မူခြင်း မပြုကြ ပါ။

ရှမ်းအမျိုးသားများသည် ဆရာတော်သံဃာတော်များထံ သီလခံယူရာတွင် ပန်းပေါင်း စုံလှပစွာ ထိုးထားသော မြစိမ်းရောင် ပန်းကတော့ကလေးများကို ကိုယ်စီကိုင်၍ ကန်တော့လေ့ ရှိကြပါသည်။

ပန်းဒကာခေါ် တရားနာခံက ရတနာသုံးပါးဦးထိပ်ထား၍ ဆရာတော်ဘုရားကို ကန် တော့ကြစို့ဗျို့ဟု ဆော်သြရပါသည်။ ပြီးမှ ပရိသတ်များက. . .

သြကာသအစ–နိဗ္ဗာန်ရပါလိုဘုရား၊ ထုံးစံအတိုင်း ဆုတောင်းအဆုံး ရှိခိုးပြီးသောအခါ ဆရာတော်က ထုံးစံအတိုင်း နိဗ္ဗာန်ရွှေပြည်မြတ် ရောက်လွယ် ရလွယ်ကြသည်ဖြစ်စေ. . . ဆုပေး ပြီးလျှင်. . .

အဟံဘန္တေ–တိသရဏေနသဟ ပဥ္စသီလံ၊ သို့မဟုတ် အဋ္ဌင်္ဂဉပေါသထသီလံ. . . အစ ရှိသော သီလတောင်းကို ဆရာတော်သံဃာတော်များက ချမပေးပါ။ ဒကာ–ဒကာမများက ဆို၍ တောင်းကြရသည်။

ဆရာတော်က နမောတဿ–မှအစ ဒကာဒကာမများတို့ အလိုရှိသော ၅–ပါး၊ ၈–ပါး၊ ၉–ပါးအစရှိသောသီလတော်များကို ပေးပြီး အပ္ပမာဒေန သမ္ပါဒေထ. . . ဆရာတော်ဟောကြား ပြီးနောက် ပန်းဒကာက. . .

ရှမ်းဘာသာကဗျာလင်္ကာသက်သက်နှင့်သော်၎င်း၊ သို့မဟုတ် လင်္ကာစကားပြေနှစ်ထွေ ရောစပ်ရေးသားထားသော တရားတောင်းစာ သို့မဟုတ် ရှမ်းဗမာနှစ်ဘာသာ၊ သို့မဟုတ် ဗမာ ဘာသာသက်သက် လင်္ကာစကားပြေ နှစ်ထွေရောယှက် ရေးသားထားသော တရားတောင်းစာကို ၁၀–မိနစ်၊ ၁၅–မိနစ်ခန့်မျှ ရွတ်ဆိုလျှောက်ထားခါ တရားတောင်းဆိုလျှောက်ထားပါသည်။

ဆရာတော်က ရှမ်းအမျိုးသားချည်းနေသော အရပ်တွင် ရှမ်းဘာသာသက်သက်၊ ရှမ်း

E-book is created by shanyoma

ဗမာရောနေသော ရှမ်းဗမာ ၂–မျိုးလုံး တရားဟောကြားတော်မူသည်။

ဆရာတော် တရားဟောတော်မူပြီးနောက် ပန်းဒကာက ရေစက်ချအမျှပေးဝေသော အခါ ဒကာ ဒကာမတို့က သာဓုအနုမောဒနာပြုကြသည်မှာ ရှက်သလိုလို ကြောက်သလိုလို သာဓုခေါ်နည်းမျိုးမဟုတ်ဘဲ အားရပါးရ ဝမ်းပန်းတသာနှင့်သာဓုခေါ်ကြသည်။ ပြီးနောက် ပန်းဒကာ ရတနာသုံးပါး ဦးထိပ်ထား၍ ဆရာတော်ဘုရားကို ကန်တော့ကြဦးစို့ဗျို့. . . ဟု ဆော်သြပြန်၍ ပရိသတ်များက ဩကာသမှအစ နိဗ္ဗာန်ရပါလို၏ အရှင်ဘုရားအထိ ထပ်မံကန်တော့ကြပါသည်။ ပြီးလျှင် ဆရာတော်ဘုရားက. . .

အာယု–အဆက်ဆေယောင်း၊ ဝဏ္ဏ–ဟန်ဖန်
လီတွမ်၊ ဆုခ–ချမ်းဆာ–ယူပျော်–တန်းဆောင်း၊
ပလ–ဟိန်း–လုလင်–ဆတ်တန်ငေါင်း မိန်စို၊
ပဋိဖန်န–အည့်ပတိဖင်–ထိန်–တိုယိုင်–နင်တန်ထွား။

'အာယုအသက်ရှည်ခြင်း၊ ဝဏ္ဏအဆင်းလှခြင်း၊ သုခချမ်းသာပျော်ရွှင်စွာ နေထိုင်ရခြင်း၊ ဗလ–ဆဒ္ဒန်ဆင်ပြောင်ထက်မက အားမာန်ကြီးခြင်း၊ ပဋိပန္န ဉာဏ်ပဋိဘာန်ကိုယ်သို့ရောက်၍ ရှည်မြဲသောဉာဏ်အမြင်တည်ခြင်းနှင့်ပြည့်စုံသောဟု ဆုကို ထပ်မံပေးတော်မူလေသည်။

သီလယူ တရားနာ ရေစက်ချ အမျှပေးဝေပြီးနောက် ထပ်မံ၍ ဩကာသကန်တော့ကြသည်မှာ တရားနာရေစက်ချနေစဉ် ရတနာသုံးပါး သို့မဟုတ် ဆရာတော်အား ကံသုံးပါးတွင် တပါးပါးတို့ဖြင့် ပြစ်မှားကျူးလွန်မိတတ်သောကြောင့် ထိုအပြစ်တို့မှ ပျောက်ကင်းအောင် ထပ်မံ၍ (ဩကာသ)ကန်တော့ကြသည်ဟု ဆိုပါသည်။

ဗုဒ္ဓဘာသာများဖြစ်ကြသည့်အတိုင်း ကြဉ်ရာသီဝါဆိုလကို ရောက်ပြီဆိုလျှင် အိုးစည်ဗုံမောင်းသံ၊ တညံညံနှင့်ဝါဆိုပွဲ–ပဥ္စင်းခံပွဲများ ပြုလုပ်ကြပါသည်။

ရာသီသိဟ်ငယ် နေမိန္ဒရ၊ ဝါခေါင်လမို့၊ တောင်ဖျော့ထွတ်စွန်–သရဝဏ်လဲ၊ ရောင်ဝှန်တေဇာ၊ ပန်းခေတ္တာနှင့်၊ ခိုင်ညှာပွင့်ကြူ၊ တိုင်းပြည်သူတို့၊ လှူစာရေးတံ၊ သဘင်စုံခံဆဲမို့၊ လွှမ်းရန်ဘွဲ့–သည်ချိန်ကို၊ ဒေဝရိန် ပဇ္ဇုန်မှူးငယ်က၊ မြူးလှတယ်လေး. . .။

သိဟ်ရာသီ ဝါခေါင်လမှာ မြေမြင့်သူမြေမြင့်သားများ ဝေါဟာရ'ဝါလယ်'ပွဲခေါ် စာရေးတံအလှူပွဲများနှင့်ဆွမ်းကြီးကပ်လှူပူဇော်ပွဲများကို အိုးစည်ဗုံမောင်းသံတညံညံနှင့်ပြုလုပ်ကျင်းပကြပါသည်။

ကြာငါးမည်၊ ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်၊ ရွှေနန်းတော် တောင်တော်ဦးမှာလ၊ ကွန့်မြူးမြင့်မိုရ်မီးညီးတဲ့ခါချိန်၊ ရှိဦးငယ်နှိမ်–သုံးကြိမ်ရှိပျောင်း၊ သက္ကစ္စ–ဂါရဝနှင့်စဉ်အလာ ပူဇော်ပွဲကို၊ နွှဲကြပေတောင်း. . .။

တူရာသီ သီတင်းကျွတ်လရောက်ပြီဆိုမှဖြင့် မီးပဒေသာ မီးပန်းဆိုင်းနှင့်၊ မီးပုံးပျံကြီးများကို လွှတ်ပြီး တာဝတိံသာနတ်ပြည်ရှိ စူဠာမနိမြတ်ဘုရားကို ရည်စူးအမှတ်ထားကာ ပူဇော်ကြ

E-book is created by shanyoma

ပါသည်။

လဆန်းရက်လောက်ကစ၍ လပြည့်ကျော် ၁–ရက်နေ့အထိ ပစ္စည်းပြည့်စုံသူများက "တင်းဟိန်"ခေါ် ပျားဖယောင်းတိုင်၊ ကျောက်ဖယောင်းတိုင်၊ သို့မဟုတ် ဆီမီးခွက် 'ထောင်ပြည့်' လှူဒါန်းပူဇော်သောပွဲများကိုလည်း ပြုလုပ်ကြပါသည်။

လှူဒါန်းလိုသူ အလှူရှင်တို့က သူ၏နေအိမ်တွင် ညနေဘက်၌ ရဟန်းသံဃာတော်များ ပင့်၍(အချို့ အလှူရှင်များက သံဃာတော်များကို နံနက်ဆွမ်းကပ်လှူဒါန်းပါသည်)ဖိတ်ကြား ထားသောသူများနှင့်အတူ ပရိတ်တရားတော်နာယူ ညှော့ခံကျွေးမွေးပြီးနောက် ဘုရားတန်ဆောင်း စေတီတော်များရှိရာသို့ အိုးစည်ဗုံမောင်းများတီး၍ တိုးကိန္နရာ၊ အကအခုန်များနှင့်ကောင်းမွန် လှပစွာ ဝတ်စားပြင်ဆင်ထားသော အမျိုးသမီးများ၊ ပျားဖယောင်းတိုင် သို့မဟုတ် ကျောက်ဖ ယောင်းတိုင်၊ ဆီမီးခွက်များကို ကလပ်ပေါ်တင်ပြီး ၂–ယောက်တတွဲစီ ညီညီညာညာ တန်းစီသွား လာကြသည်မှာ တိမ်ခြည်တောက်လင်းသော ညနေခင်းနှင့်အထူးပင် ပနာရလှသော ရှုခင်းဖြစ်ပါ သည်။

ဘုရားရောက်လျှင် ထောင်ပြည့်ဆီမီးထွန်းညှိ ပူဇော်ပြီးနောက် ကာလသားများက တိုး ကိန္နရာတို့ဖြင့် ပျော်ရွှင်စွာ တီးမှုတ်ကခုန်ကြသည်။ အတော်ညဉ့်နက်မှ အလှူရှင်အိမ်အရောက် တီးမှုတ်ကခုန်ပြီး ပြန်လာကြသည်။

ရှမ်းထုံးစံမှာ အလှူသွား၍ ပြန်လာသောအခါ တီးမှုတ်ပြန်လာကြရပြီး အလှူရှင်အိမ် ရောက်မှ လူစုခွဲရသည်။ ဤသို့ပြုလုပ်သည်မှာ နောက်တကြိမ် ထပ်မံလှူနိုင်ရန် သို့မဟုတ် လှူနိုင် လိမ့်ဦးမည်ဟု အယူရှိကြသည်။

တရွာနှင့်တရွာ ရက်ချိန်းပေးပြီး ရွာဦးဆရာဘုန်းတော်ကြီးကျောင်းများကို လှူဘွယ် ဝတ္ထုပစ္စည်းမျိုးစုံ ဝေဆာနေအောင် သီးထားသောပဒေသာပင်များနှင့်တိုးက, ကိန္နရာက မျိုးစုံဖြင့် အိုးစည်ဗုံမောင်းများ တီးမှုတ် ကခုန်ကြပြီး လာရောက်ကန်တော့ကြပါသည်။

တရွာမှ လာရောက်ကန်တော့ကြသောညှော့သည်များကို ရွာခံများက အကအခုန်အတီး အမှုတ်များနှင့်ကြိုဆိုပြီး ညှော့ခံ၍ ကျွေးမွေးကြပါသည်။

လာရောက်ကန်တော့ကြသော ညှော့သည်များက ဆရာဘုန်းတော်ကြီးများကိုသာမက ရွာခံသက်ကြီးဝါကြီးများကိုလည်း ကန်တော့ကြ၍ ရွာခံငယ်ရွယ်သူများကလည်း ညှော့သည်သက် ကြီးရွယ်အိုများကို ကန်တော့လက်ဆောင်များနှင့်ပြန်၍ကန်တော့ကြလေသည်။

တချို့နယ် တချို့ဒေသများတွင် သီတင်းကျွတ်လ ဆီမီးပူဇော်ပွဲကို တရွာနှင့်တရွာ ရက် ချိန်းပေးပြီး လာရောက်ကန်တော့ကြခြင်း၊ ဆီမီးများ ထွန်းညှိပူဇော်ကြခြင်းပြုသည်ကို မီးကူအ လှူပွဲ သို့မဟုတ် ပွဲကူအလှူမင်္ဂလာပွဲဟုလည်း ခေါ်ကြသည်။ တချို့နယ်က "ပွဲခိုး"အလှူပွဲဟု လည်း ခေါ်ကြသေးသည်။

တောင်ရွာက မြောက်ရွာရှိ ဆရာဘုန်းတော်ကြီးများနှင့်သက်ကြီးဝါကြီးများကို လှူဘွယ်

E-book is created by *shanyoma*

ဝတ္ထုပစ္စည်းမျိုးစုံနှင့်ပထမနှစ်လာရောက်ကန်တော့ကြပြီး ဆီမီးများကို ထွန်းညှိပူဇော်သောမီးလှူပွဲ သို့မဟုတ် အလှူပွဲ ပြုလုပ်လာပါလျှင် ဒုတိယနှစ်တခါတရံ မေ့ပျောက်နေအောင် တနှစ်လောက်နေပြီး မြောက်ရွာသူရွာသားများက တောင်ရွာရှိ ဆရာဘုန်းတော်ကြီး ကျောင်းများနှင့်သက်ကြီးဝါကြီးများကို ကန်တော့ရန် ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် လာမည်ဟု ချိန်းဆိုမထားဘဲ ညဦးနက်သန်းခေါင်ယံအချိန်မှာဖြစ်စေ သို့မဟုတ် အရုဏ်နီရောက်လာချိန်လောက်မှာဖြစ်စေ တိတ်တဆိတ် အရောက်သွားကြပြီး ဖြူးကနဲ အသံပြုကာ အိုးစည်ဗုံမောင်းသံ ဆူညံအောင် တီးမှုတ်၍ ဝေဆာအောင် သီးထားသော ပဒေသာပင်များနှင့်ကခုန်ကာ ရွာတွင်းသို့ဝင်ကြပါသည်။

အိမ်အလယ်ရှိ မီးဖိုဘေးတွင် ချမ်းချမ်းနှင့်ကွေး၍ အိပ်နေကြသော ရွာခံလူများကလည်း ကဗျာကယာ လူးလဲထခါ အပြေးအလွှား လူစုပြီး အိုးစည်ဗုံမောင်းများတီးကာ ကြိုဆိုညှော်ခံကြသောထုံးဓလေ့များ ရှိပါသည်။

ဤသို့ တိတ်တဆိတ် ဝင်ရောက်ကန်တော့လှူဒါန်းကြသည်ကို "ပွဲခိုး"ဟုခေါ်သည်။ ကန်တော့ပြီး ညှော်သည်များအပြန် ရွာခံများက အိုးစည်ဗုံမောင်းများ တီးကာ ရွာထိပ် ရွာနိမိတ်အရောက် လိုက်၍ပို့ရသော ထုံးစံလည်းရှိသည်။

သီတင်းကျွတ်လဆန်း(၁၃)ရက် (၁၄)ရက်နေ့ကစ၍ လပြည့်ကျော် ၁–ရက်နေ့ညအထိ ဘုရားတန်ဆောင်း ကျောင်းဦးပြသာဒ်များနှင့်အိမ်တိုင်းလမ်းတိုင်း ရွာတိုင်းရပ်တိုင်း ရောင်စုံမီးပုံးများ ထွန်းညှိထားကာ ရတနာသုံးပါးကို ပူဇော်ထားကြပါသည်။

မနုနှင့်တောင်ရိုးအခေါ်"တန်ပုတ်စင်"

ပအိုဝ် တောင်သူအခေါ် "ဆန်ပွတ်ခရိန်"

ရှမ်းအခေါ် "ချိန်ဆန်ပွတ်"

သမ္ဗုဒ်စင် ဘုရားကျောင်းဆောင်များကို ဝါးနှီးဖြင့် ကျောင်းဆောင်ပုံသဏ္ဍာန်အမျိုးမျိုးယက်၍ ဆေးရောင်စုံရေးခြယ်ထားလျက်ဖြစ်စေ၊ ဝါးကို သေချာစွာ သပ်၍ လယ်ပေါ်ကျောင်းဆောင်ပုံသဏ္ဍာန်၊ အုတ်တိုက်ပုံသဏ္ဍာန်၊ ပြသာဒ်ပုံသဏ္ဍာန်စသည်ဖြင့် ယာယီထည်အမျိုးမျိုးပြုလုပ်ပြီး ရွှေရောင်–ငွေရောင်စက္ကူတို့ဖြင့်ငင်း၊ ပန်းဆွဲကြာယပ်တို့နှင့်သပ်ယပ်စွာ ဆင်းရဲချမ်းသာအလျောက် ပြုလုပ်ကြပြီး တပင်တိုင်ဖြစ်စေ၊ လေးပင်တိုင်ဖြစ်စေ၊ မိမိတို့အိမ်ရှေ့ဘက်၌ အိမ်နှင့်အနီးကပ်ဆုံးစိုက်၍ လက်လှမ်းမီရုံ သမ္ဗုဒ်စင်ကျောင်းဆောင်များကို တင်ထားကြသည်။

တံခွန်ကုက္ကား၊ မုလေးပွား၊ ကြက်လျှာများနှင့်ငှက်ပျောပင်၊ ကြံပင်၊ ဂျင်းပင်၊ စပါးပင်များကိုပါ "ချိန်ဆန်ပွတ်"သမ္ဗုဒ်စင်ကျောင်းဆောင်လေးထောင်တွင် လှပစွာ စိုက်ထူထားကြသည်။

ပစ္စည်းပြည့်စုံသူများက မုံ့သေတ္တာ၊ ငါးသေတ္တာ၊ ယိုဖူးမျိုးစုံ၊ မုံ့မျိုးစုံ၊ သစ်သီးမျိုးစုံ တန်ဘိုး ၅ဝ–ကျော်၊ ၁ဝဝ–မျှ၊ နွမ်းပါးသူများက ရသမျှ မုံ့ပဲသစ်သီးများ သမ္ဗုဒ်စင်ကျောင်းဆောင်အတွင်း၌ ထား၍ ကျောင်းဆောင်အောက်တွင် စားသောက်ရသော အသီးအနှံ အရွက်အညွန့်ရသမျှတို့နှင့်ဆန်–ကောက်ညှင်းဆန်၊ ဆား၊ နနွင်း၊ ပဲပုတ်၊ ငါးပိ၊ ငါးခြောက်တို့ပါ အထုပ်ကလေး

E-book is created by shanyoma

များနှင့်ထုပ်၍သော်၎င်း၊ လှပစွာ ယက်လုပ်ထားသော ဝါးနှီးခြင်းကလေးများအတွင်း ထည့်၍ သော်၎င်း၊ ဆွဲချိပ်ချည်နှောင်ထားကြပါသည်။

လဆန်း(၁၄)ရက် အဖိတ်နေ့ညတွင် အိမ်သူအိမ်သားမိသားစုများက ပန်း, ဆီမီး, ရေ ချမ်းတို့နှင့်သမ္ဗုဒ်စင်ကျောင်းဆောင်အတွင်းရှိ လှူဘွယ်ဒါန်းရန်များကိုပါ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး နိဗ္ဗာန်ဆုကို တောင်းကြပါသည်။

မြတ်စွာဘုရားသည် သီတင်းကျွတ်လပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် တာဝတိံသာ နတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်ကြွရောက်တော်မူသည်ကို လပြည့်နေ့နံနက် အရုဏ် တက်ချိန် အိမ်တိုင်းစေ့မှ. . .

ဩကာသ–ဩကာသ–ဩကာသ–အစိန္တေယျ–မြတ်စွာဘုရား–ဣမံပိဏ္ဍပါတ–ခါဒနိယ –ဘောဇနိယံ၊ ဤဆွမ်းခဲဘွယ်ဘောဇဉ်ရဆာ–အချိုအချဉ်, အဖန်, အငန်, အခါး(ဆက်ကပ်လှူ ဒါန်းပါ၏ ဘုရား မပါဘဲ)ဣမဆ ပုညဆ၊ နိပ္ပါနဆ–ပစ္စယော ဟောတု–ဆာထု–ဆာထု–ဆာထု။

အသံဝဲဝဲနှင့်ဆက်ကပ်လှူဒါန်း ပူဇော်ပြီး နိဗ္ဗာန်ဆုတောင်း၍ ရေစက်ချ အမျှဝေကြ သော ကြေးစည်သံသာသည် သီတင်းကျွတ်လပြည့်နေ့နံနက် အရုဏ်တက်ရှမ်းမြေမြင့်၏ ကြက်သ ရေမင်္ဂလာဖြစ်ပါသည်။

လပြည့်ကျော်(၁)ရက်နေ့နံနက် အရုဏ်တက်မှာလည်း ထိုနည်းအတိုင်း ဆက်ကပ်လှူ ဒါန်း နိဗ္ဗာန်ဆုတောင်း ရေစက်ချအမျှပေးဝေပြီးနောက် ဆက်ကပ်လှူဒါန်းထားသော ပစ္စည်း များစွန့်ကြပါသည်။

လပြည့်ကျော်(၁)ရက်နေ့ည မောင်းလက်ဆုံ၊ ကျည်ပွေ့၊ စပါးကျည်၊ အဝင်ဝတံတား၊ လှည့်ဦး၊ အိမ်ဝင်းခြံအဝင်ပေါက်၊ လှေခါးဦး၊ မီးဖို၊ ဆန်အိုး၊ ဆီအိုး၊ အဝတ်အထည်သေတ္တာ ငွေသေတ္တာစသည်များကိုလည်း ဖယောင်းတိုင်တတိုင်စီ သို့မဟုတ် ဆီမီးတခွက်စီ ထွန်းညှိပူဇော် ကြပါသည်။ ထွန်းညှိပူဇော်ကြသော ရည်ရွယ်ချက်များမှာ ညေ့်ကောင်း, စောင်ကောင်း လာရောက် ၍ လာဘ်လာဘရွှင်ပျအောင် ပူဇော်ကြသည်ဟုဆိုသည်။

ငယ်ရွယ်သူများက မိဘဆရာသမား သက်ကြီးဝါကြီးများကို တတ်နိုင်သမျှ လှူဘွယ် ဒါန်းဘွယ်များနှင့်လိုက်၍ ကန်တော့ကြသည်။ ရပ်ဝေးနေ မိဘဆရာသမား သက်ကြီးဝါကြီးဆွေ မျိုးများရှိရာသို့လည်း ညအိမ်ညနေလိုက်၍ ကန်တော့ကြသည်။ ကန်တော့ခံလူကြီးများက ကန် တော့ခံရုံမှတပါး ကန်တော့ဆုပြန်ပေးရိုး ထုံးစံမရှိပါ။ ကန်တော့သူများကလည်း ကန်တော့ဆု မျှော်ကိုးပြီး ကန်တော့ရိုး ထုံးစံမရှိပါ။

တန်ဆောင်မုန်းလ၊ တန်ဆောင်တိုင်ပွဲတော်၊ ကထိန်မင်္ဂလာပွဲတော်များကိုလည်း ရပ်ရွာ အလိုက် သိုက်မြိုက်ဝေဆာစွာ ပြုလုပ်ကျင်းပ၍ တပို့လ် မြေပြန့်အခေါ် “မီးပုံပွဲ၊ ထမနဲပွဲ၊ မြေမြင့် အခေါ် ‘တဗူပင်’တင် ထမနဲပွဲကိုလည်း ခြိမ့်ခြိမ့်သဲမျှ စည်ကားစွာ ပြုလုပ်ကျင်းပကြပါသည်။

တပို့တွဲ–ထမနဲပွဲတွင် ဆင်းရဲချမ်းသာအလိုက် တတ်နိုင်သူများက ကောက်ညှင်းဆန်(မြေ

E-book is created by shanyoma

မြင့်အခေါ် တစော နှစ်စော)တတင်း နှစ်တင်းမက နှမ်းပါးသူများက အနည်းဆုံး တပြီတခွက်ကစ၍ အိမ်တိုင်းစေ့ ထမနဲထိုး၍ လပြည့်နေ့နံနက် မြတ်စွာဘုရားအား ထမနဲဆွမ်း ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး ဆရာဘုန်းတော်ကြီးကျောင်းများသို့ ပို့၍လှူဒါန်းခြင်း၊ လူပရိသတ်များကို ဘိတ်ကြားကျွေးမွေးဧည့်ခံခြင်း၊ သို့မဟုတ် ထမနဲထုပ်ပို့ခြင်း၊ ဝေခြင်းများ ပြုလုပ်ကြပါသည်။

ထမနဲကို "ခေါက်ယာကု"ခေါ် အဖြူနှင့်"ခေါက်ယာကုလို့"ခေါ် ထမနဲအနီ၊ သို့မဟုတ် ထမနဲအချို(၂)မျိုးကို ထိုးကြပါသည်။

ကောက်ညှင်းဆန်တစိပ်၊ ဆီတပိဿာ၊ ဂျင်း ၃ဝိ–သား၊ အုန်းသီးဆံ ၃ဝိ–သား၊ မြေပဲတခွက်၊ နှမ်းတခွက်၊ ဆား ၁ဝိ–သား၊ ရေလက်တဆစ်၊ အချိုးကျထိုးသော ထမနဲကို "ခေါက်ယာကုလို့" ထမနဲဖြူခေါ်သည်။

ကောက်ညှင်းပေါင်းကို ထန်းလျက်နှင့်နယ်ပြီး ရွှေချီဆန္ဒင်းမကင်းကဲ့သို့ အတုံးလိုးသောမြေပြန့်အခေါ် ရွှေထမင်း၊ မြေမြင့်တွင် ထန်းလျက်အစား ကောက်ညှင်းပေါင်းစဉ်အခါကပင် ကြံသကာကို ထည့်ပေါင်း၍လုပ်ထားသော ရွှေထမင်းကို "ခေါက်ယာကုလို့"ထမနဲအနီ သို့မဟုတ် ထမနဲအချိုဟုခေါ်သည်။

လပြည့်နေ့တွင် အမွှေးနံ့သာတုံးအမျိုးမျိုးနှင့်မြတ်စွာဘုရားရုပ်ပွားဆင်းတုတော်များရှေ့တွင် မီးပုံရှို့ကာ မြတ်စွာဘုရားမီးလှုံတော်မူရန် မီးပုံပူဇော်ကြသည်။ ၎င်းပွဲကို အထက်ဗမာပြည်တွင် အစဉ်အလာမပြတ် ပြုလုပ်ကျင်းပ၍ "မီးပုံ"ပွဲခေါ်၍ မြေမြင့်တွင် 'တဗူပင်"တင်ပွဲခေါ်သည်။

တိုးက, ကိန္နရာက, ဒါးသိုင်း, လှံသိုင်း, ဟန်သိုင်းအမျိုးမျိုးများကို အိုးစည်ဗုံမောင်းသံဆူညံမြိုင်ဆိုင်စွာ တီးမှုတ်ကခုန်ကာ "တဗူပင်"ပွဲ ခြိမ့်ခြိမ့်သဲမျှ ပြုလုပ်ကျင်းပကြပါသည်။

★

## ရှမ်းတို့မြို့ရွာ သကြၤန်အခါ

အတာဆန်းထူး၊ နှစ်ဟောင်းကူး၍၊ တန်ခူးမာသ အတာလဝယ် အစရှိသော ရှမ်းစာပေ အက္ခရာ ကဗျာလင်္ကာများနှင့်ဖွဲ့ဆိုရေးသားထားသော ရှမ်းဘာသာ သင်္ကြန်စာများကို ရှေးခေတ်ဟောင်းက မိုင်းကိုင်စက္ကူခေါ် ရှမ်းစက္ကူပေါ်တွင် ရေနံကြီးမှိုင်းနှင့်ဖော်စပ်ထားသော မင်နက်ဖြင့် 'ပြီး'ခေါ် မျက်မာမာတမျိုးကို နစ်သွားကဲ့သို့ မကြာမကြာ ချွန်၍သော်၎င်း၊ တရုပ်စုတ်တံနှင့်တူသော စုတ်တံတမျိုးနှင့်သော်၎င်း၊ လက်ရေးမှုနှင့်ရေးသား၍ဖြစ်စေ၊ ယခုခေတ်၌ စက်တင်ပုံနှိပ်သော စာမူနှင့်ဖြစ်စေ၊ ထုတ်ဝေရောင်းချကြပါသည်။

သင်္ကြန်စာရောင်းသူများသည် မိမိတို့သင်္ကြန်စာအရောင်းရတွင်ကျယ်အောင် သင်္ကြန်စာမှ အချို့စာပိုဒ်များကို ထုတ်နှုတ်၍ အသံနေအသံထားနှင့်ဖတ်ကြား၍သော်၎င်း၊ အာဝဇ္ဇန်းရွှင်ရွှင်နှင့်ဒီနှစ်သင်္ကြန်မင်းကြီး ဘာကိုစီးဆင်းတယ်၊ ဘာဖြစ်လိမ့်မယ်၊ စသည်ဖြင့် စိတ်ဓါတ်လှုပ်ရှား

E-book is created by *shanyoma*

အောင် အော်ဟစ်ရောင်းချလေ့ရှိသည်။

သင်္ကြန်မင်းကြီး ဝတ်ဆင်သော အဝတ်တန်ဆာ အသွေးအရောင်အဆင်းနှင့်စီးဆင်းသောသတ္တဝါ၊ လက်တဘက်က ဘာကိုကိုင်၍ လက်တဘက်က ဘာကို ကိုင်သည်၊ သင်္ကြန်ကျမည့်ရက်၊ တက်မည့်အချိန် နာရီ ဗီဇနာ ပြန်ခယာ ဘဝါးတို့မှစ၍ သင္ကရာဇ်ဦးခေါင်း၊ အပြောင်းအလဲ့အတာစက္ခုအလို၊ ဗျာကရာသီ ရှင်ရသေ့အလို၊ ၁၂–ရာသီဂြိုဟ်ခွင်၊ ဝါထပ်၊ ရက်ငင်၊ အပုပ်၊ အငုပ်ဆောင်ရန် ရှောင်ရန်၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း၊ ကောင်းအံ့၊ ညံ့အံ့၊ တန့်အံ့၊ မျိုးချရက်၊ မိုးတင်ရေ၊ ကုန်အပေါ်အရှား၊ အစောင့်အကြပ်၊ အဓိပတိမှစ၍ အားလုံးအစီအစဉ်များသည် မြေပြန့်ဗမာသင်္ကြန်စာနှင့်အတူတူပင်ဖြစ်သော်လည်း ဗမာသင်္ကြန်စာကို မူတည်၍ ရှမ်းဘာသာသို့ပြန်ဆိုရေးသားရိုက်နှိပ်ထုတ်ဝေကြသည်မဟုတ်ပါ။ နက္ခတ်ဗေဒင်ပါရဂူကြီးများဖြစ်ကြသော ဆရာဘုန်းတော်ကြီးများနှင့်ရှမ်းဆရာသမားတော်ကြီးများ ကြိုတင်တွက်ချက်ပေး၍ ရေးသားရိုက်နှိပ်ထုတ်ဝေကြပါသည်။

ရှမ်းဘာသာသင်္ကြန်စာသည် ဗမာသင်္ကြန်စာများကဲ့သို့ စကားပြေရိုးရိုးနှင့်မရေးဘဲ ရှမ်းကဗျာလင်္ကာနည်းအတိုင်း (၅)လုံးပိုဒ် (၃)လုံးတပိုဒ် (၄)လုံးတပိုဒ် (၂)လုံးတပိုဒ်၊ (၄)လုံးတပိုဒ်တခါတရံ (၄)လုံးမှ (၇)လုံး (၁၀)လုံး (၁၂)လုံးအထိ ကာရံယူ၍ ဂီတဆန်ဆန် ရေးသားထားရာ ရှမ်းစာတတ်သူတိုင်းလည်း သင်္ကြန်စာကို ရွတ်တရက် မဖတ်နိုင်ကြ မဖတ်တတ်ကြချေ။

သင်္ကြန်မကျမီတရက်က ကြိုတင်၍ အတာစားသူများအတွက် နံသင့်ပန်းများ ထိုးထားသောတာအိုးနှင့်အတာမစားသူများအတွက် ခွဲခြား၍ထားသည်။ အတာမစားသူအတွက်မှာ ရိုးရိုးညောင်ရေအိုးတွင် သပြေခက်၊ သပြေညွန့်၊မြေဇာမြက်၊ မာလကာရွက်များနှင့်'မန်းချယ်'ခေါ်ရှမ်းသစ္စာပန်းရွက်တို့ကို ထိုးထားသောအတာကြို ညောင်ရေအိုးကိုပါ ထားကြသည်။

သက်ကြီးရွယ်အိုများက သင်္ကြန်မကျမီ အကြိုနေ့က ရွာဦးဆရာဘုန်းတော်ကြီးကျောင်းများသို့သွားရောက်ပြီး ရှစ်ပါးသီလ–ကိုးပါးသီလစသည်တို့ကို ခံယူဆောက်တည်ကာ တရားဘာဝနာ ပွားများအားထုတ်၍ သင်္ကြန်ကြိုကြသည်။

သင်္ကြန်ကျချိန်တွင် အတာစားသူများက နံသင့်ပန်းထိုးထားသောတာအိုးကို ကိုင်၍သော်၎င်း၊ အတာမစားသူများအတွက် အိမ်တွင် အကြီးအကဲဖြစ်သူက အတာကြိုညောင်ရေအိုးကို ကိုင်၍သော်၎င်း၊ နှစ်ဟောင်းမှ ဘေးဥပါဒ်အန္တရာယ်အပေါင်း မကောင်းဟူသမျှတို့သည် ပိန်းကြာဖက်ပေါ် ရေမတင် ကင်းစင်လျှောကျဘိသကဲ့သို့ရှိပြီး ယခုလာမည့်နှစ်သစ်၌ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ဒါန, သီလ, ဘာဝနာပွားများ အားထုတ်နိုင်ခြင်းနှင့်ဘေးရန်အပေါင်းတို့ ကင်းဝေးနိုင်ခြင်းဖြစ်ပါရန် သင်္ကြန်မင်းအား ခရီးဦးကြိုပြု၍ ဆုတောင်းပါသည်။ ဆုတောင်းသည့်အတိုင်းလည်း ပြည့်စုံအောင် စောင့်ရှောက်တော်မူပါဘုရားဟု ဆုတောင်းကြ၏။

အတာစားသူကလည်း အတာစားသဖြင့် ကျရောက်တတ်သောဘေးဥပါဒ်ကင်းဝေးအောင် စောင့်ရှောက်တော်မူပါဟု ဆုတောင်းကြသည်။

E-book is created by shanyoma

အတာစားသူများမှာ ခလေးသူငယ်ဖြစ်ပါက လူကြီးတဦးဦးက ဆုတောင်းပေးကြသည်။ အတာစားလျှင် အလွန်ညှံ့သည်ဟု ယုံကြည်စွဲလမ်းမှုရှိကြသည်။

ဗမာသင်္ကြန်စာကဲ့သို့ မိမိတို့ ဂြိုဟ်ဇာတ်ပွင့်ရာအရပ်သို့ မျက်နှာမူ၍ ခေါင်းဆေးရာ၏၊ မည်သည့်ပန်းကို ပန်ဆင်ရာ၏၊ အဝတ်သစ်များကို ဝတ်ဆင်၍ အတာစားရာ၏ဟု မပါရှိပါ။

သင်္ကြန်ကျချိန်တွင် သေနတ်ရှိသူများက အထူးဂရုစိုက်၍ သေနတ်ပစ်ဖောက်ကြ၏။ ထိုအချိန်မှာ မပစ်ဖောက်ဘဲနေလျှင် နောင်အခါ ထိုသေနတ်နှင့်တောတောင်များကိုပစ်လျှင် လွဲတတ်သည်ဟု အယူရှိကြသည်။

အကြပ်နေ့ကို ရှမ်းဘာသာ'ဝမ်းနောက်'ဗမာလို'အပုပ်နေ့'ဟုခေါ်သည်။ ထိုနေ့တွင် အပုပ်ကို ဆေးကြောသည်ဟု ဆိုကာ ယောကျ်ား–မိန်းမ–ခလေး–လူငယ်မကျန် ခေါင်းလျှော်လေ့ရှိကြသည်။

ဆေးထိုးဝါသနာပါသူများက အကြပ်နေ့တွင် ဆေးထိုးလျှင် စွမ်းတတ်သည်ဟု ယုံကြည်မှုဖြင့် ဆရာဘုန်းတော်ကြီးကျောင်းတွင်ဖြစ်စေ၊ လူဆရာများအိမ်၌ဖြစ်စေ၊ ပွဲပြင်၍ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ နတ်ကြီးငါးပါး၊ အကာအကွယ်ဆေးများထိုးကြသည်။ ရွှေပြား, ငွေပြား, ကမ္ဗဝါကြေးပြားများကိုလည်း လက်ဖွဲ့အမျိုးမျိုးထိုးကြသည်။

တောလယ် ဝါသနာပါသူများကလည်း အကြပ်နေ့တွင် ကုသိုလ်, အကုသိုလ်ကို ရေးမှတ်သော သိကြားမင်းကြီး၏ပုရပိုက်ပိတ်ထားသည့်အပြင် တောစောင့်နတ်၊ တောင်စောင့်နတ်၊ မြို့စောင့်နတ်၊ မြို့နယ်ပယ်စောင့်နတ်များကလည်း ဥပုသ်စောင့်နေကြပြီး တိရစ္ဆာန်များကို ဥပေက္ခာပြုထားသည်ဟုဆိုကာ တောလည်သေနတ်ပစ်လေ့ရှိသည်။

သင်္ကြန်ရက်များတွင် အပျိုလူပျိုကာလသား–ကာလသမီးတို့သည် သူတို့ရပ်ရွာ သို့မဟုတ် သူတို့ရပ်ရွာအလိုက် အစုအသင်းဖွဲ့ကာ ရေပုံးထမ်းကလေးများ ကိုယ်စီထမ်းပြီး ဘုရားပုထိုးရှိရာသို့ တပျော်တပါးကြီးသွားရောက်ခါ ရေသပ္ပါယ်ကြသည်။

တရပ်နှင့်တရပ် တရွာနှင့်တရွာ တွေ့ဆုံကြသောအခါ လူငယ်ဘာဝရေကစားကြရာတွင် ကြမ်းကြုတ်သီးရင့်သော သုံးနှုန်းမှု ရိုင်းစိုင်းသော အမူအရာမျိုး လုံးဝမပါဘဲ–

ချိန်လာ–ချိန်နမ့်–တိုက်ယူလီ–ကျင်ဝမ်စေ–ကမ်းခ။

သူ့အချိန် သူ့အခါ အတာကူး နှစ်ဦးမင်္ဂလာမေတ္တာရေစင်ပါ၊ သင်္ကြန်ခါကြုံလာလို့ လောင်းပရစေလားဗျာ၊ ဘေးကင်းလို့ရန်ကွာ စားဝင်အိပ်ပျော်မှာ မေတ္တာရေစင်ပါ။

အမိပ္ပါယ်ပါသော သီချင်းကို ယောကျ်ားပျိုက သီဆို၍ မိန်းမပျိုတကိုယ်လုံးကို ရွှဲစိုနေအောင်လည်း လောင်းတတ်ကြသည်။ လူပျိုက အသင့်ပါလာသော ငွေဖလား သို့မဟုတ် ကြေးဖလား–ဒန်ဖလား–ယွန်းခွက်များတွင် ရေအပြည့်ထည့်ကာ အပျိုအနားသွားပြီး ရေကို လက်နှင့်နှိုက်ခါ နှိုက်ခါ အပျိုမျက်နှာကို ရေစက်ဖြင့် တောက်၍ တောက်၍ ကစားသလို အပျိုကလည်း လူပျိုမျက်နှာကို ရေစက်နှင့်တောက်ကာ တောက်ကာ ကစားကြသည်လည်း ရှိသည်။

E-book is created by shanyoma

တယောက်မျက်နှာ တယောက် ရေစက်ကလေးများနှင့်တောက်ကာ တောက်ကာ ကစား ရာက. . .

"ရှင် ပက်တဲ့ရေကလဲ ပူလိုက်တာရှင်"

"မပူပါဘူးကွယ်၊ အင်မတန် အေးမြကြည်လင်လှတဲ့မေတ္တာရေစင်ပါ"

"အေးမြတဲ့မေတ္တာရေစင်တဲ့၊ ရီချင်လိုက်တာရှင်"

"တော်ပါတော့ရှင်၊ တော်ပါတော့ ချမ်းလှပါပြီ"

"ချမ်းရင် နွေးသွားအောင် ထွေးထားမယ်လေ"

တယောက်မျက်နှာတယောက် ရေတောက်၍ ကစားရင်း မထိတထိနှင့်ပြောကာ ရွှင်လေ့မြူးလေ့ရှိကြသည်။

အပျို–လူပျိုအမူပိုပိုနှင့်ရေကစားကာ ရွှင်မြူးနေစဉ် နောက်ပြောင်တတ်တဲ့ကာလသား တယောက်ယောက်က အနားလာခါ မင်းတို့နှစ်ယောက် ကြာလှချည့်လားကွာဟုပြောကာ ရေအပြည့်ထည့်ထားသော သံပုံးကြီးနှင့်မြူးကနဲ ပက်တတ်သည်။

တရပ်နှင့်တရပ် တရွာနှင့်တရွာ တဖွဲ့နှင့်တဖွဲ့ တွေ့ဆုံ၍ ရေကစားကြသောအခါ နာရီဝက်ခန့်မျှကြာတတ်သည်။ ရန်ခိုက်ဒေါသဖြစ်ပွားခြင်းမှာ အလျဉ်းမရှိပါ၊ ကာလသားခေါင်း ကာလသမီးခေါင်းတို့က ထိန်းသိမ်းစောင့်ကြပ်လျက် ရှိကြပါသည်။

ရှမ်းထုံးစံမှာ အပျိုလူပျိုများသည် သင်္ကြန်အတွင်း သင်္ကြန်ရေမစိုလျှင် တနှစ်လုံးနိမိတ်မကောင်းဟု အယူရှိကြသည်။ သမီးပျိုရှိသောအိမ်ကို ကာလသားလူပျိုများက ရေလောင်းပရစေဟု လာရောက်ပြောဆိုလျှင် သမီးရှင်များက ထုတ်ပေးရရိုး ထုံးစံရှိသည်။

သင်္ကြန်ရက်အတွင်း ဘုရားပုထိုးများကို ရေသပ္ပါယ်ခြင်း၊ ကျောင်းဇရပ်များကို ရေဆေးခြင်း၊ ကုဋီများကို ရေဆေးခြင်းပြုလုပ်ကြပြီး နောက်တရက်တွင် တရွာလုံး သို့မဟုတ် တရပ်ကွက်လုံးလူများ ဆရာဘုန်းတော်ကြီးကျောင်းသို့သွား၍ ကျောင်းရှိသံဃာတော်များကို ရေကန်တော့ကြပါသည်။ ပြီးလျှင် သံပုံးကြီးထဲသို့ဖြစ်စေ၊ ဇလုံကြီးထဲဖြစ်စေ၊ သို့မဟုတ် စဉ့်အင်ဒုံကြီးထဲသို့ဖြစ်စေ ရေအနည်းငယ်စီ ဝိုင်း၍ ခပ်ထည့်ကြသည်။

၎င်းရေအပြည့်ထည့်ထားသော ဒင်ဒုံကြီးထဲသို့ ကျောင်းရှိဆရာတော်သံဃာတော်များက လက်ဆေးတော်မူကြရသည်။ လက်ဆေးခြင်းမှာ နှစ်ဟောင်းမှ အညစ်အကြေးစင်ကြယ်ကြပြီး နှစ်သက်မင်္ဂလာတွင် သန့်ရှင်းသော ကိုယ်စိတ်ရှိကြပါစေဟု အဓိပ္ပါယ်ဖြစ်သည်။

ပြီးနောက် ကျောင်းရှိရေအိုး, ရေခွက်အားလုံးကို အပြည့်ခပ်၍ထည့်ကြသည်။ ရေပြည့်အောင် ထည့်ခြင်းမှာ နှစ်သက်မင်္ဂလာ၌ ရေပြည့်အိုးကဲ့သို့ ပြည့်ပြည့်ဝဝ ချမ်းချမ်းသာသာ ရှိကြပါစေရန် အဓိပ္ပါယ်ဖြစ်သည်။

နှစ်ဆန်း(၁)ရက်နေ့တွင် နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် လှူဘွယ်ဒါန်းရန်များနှင့် ဆရာဘုန်းတော်ကြီးကျောင်းများသို့ တက်၍လှူဒါန်းကြ၏။ ထိုနေ့တွင် တာအိုးများကိုပါ တပါ

E-book is created by shanyoma

တည်း ယူသွားကြပြီး ဘုရားတန်ဆောင်းများထဲတွင် လှူဒါန်းထားခဲ့ကြသည်။ တာအိုးကို အိမ်မှမထားကောင်းဟု အယူရှိကြသည်။

နှစ်ဆန်း(၁)ရက်နေ့ ညနေဘက်တွင် ရေဆိပ်အနီးဖြစ်စေ သို့မဟုတ် ရေကန် စမ်းရေအိုင် ရေတံခွန် အနီးအနားတခုခုတွင် "စာဇီ"ခေါ် သဲပုံစေတီတည်သော အလှူပွဲကို ပြုလုပ်ကြသည်။

"စာဇီ"သဲပုံစေတီတည်ရာဌာနသို့ သံဃာတော်အရှင်မြတ်များကိုပါ ပင့်ပြီး လှူဘွယ်ဒါန်းရန်များကိုပါလှူ၍ ငါးပါးသီလပရိတ်တရားနာပြီး ရေစက်ချအမျှပေးဝေပြီးသော် ဆရာတော်သံဃာတော်များလက်ကို ရေကန်တော့ ရေဆေးပြီးလျှင် အိုးစည်ဗုံမောင်းများတီးကာ အကြီးအကျယ် ပျော်ရွှင်စွာ ရေကစားကြပါသည်။

(၁)ရက်နေ့ညမှာပင် အချို့ကမူ မုံ့ညက်ထုပ်များလုပ်၍ ဆရာဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆက်လှူဒါန်းခြင်း၊ အိမ်များသို့ လိုက်လံပေးဝေလှူဒါန်းခြင်း ပြုကြပါသည်။

မုံ့ညက်ထုပ်မှာ ထန်းလျက်ရည် သို့မဟုတ် ကြံသကာရည်နှင့်မုံ့ညက်ကို နယ်ထားပြီး ဖက်ကို ဆီသုတ် မုံ့ထုပ်လုပ်ပေါင်းထားသော မုံ့ဖြစ်သည်။ တရုပ်နှစ်သစ်ကူးမုံ့နှင့်တူသည်။

တချို့အိမ်တွင် မုံ့ညက်ညက် နှစ်ထောင်–သုံးထောင်ခန့်လုပ်ရာ အရပ်ကပါ ဝိုင်းဝန်းလုပ်ကိုင်ကြပါသည်။ အပျို လူပျို လူရွယ်တို့မှာ မုံ့ညက်ထောင်းခြင်း၊ ထန်းလျက်ရည် သို့မဟုတ် ကြံသကာရည်နှင့်မုံ့ညက်ကို နယ်ခြင်း၊ ဖက်ကို ဆီသုတ်ပြီး မုံ့ထုပ်လုပ်ခြင်း၊ ထင်းပေါက် ထင်းခွဲထင်းသယ်၊ မုံ့ထုပ်ပေါင်း မုံ့ထုပ်သယ်အစရှိသော လုပ်ငန်းများကို ရောနှောလုပ်ကိုင်ကြရင်း တယောက်နှင့်တယောက် စောင်းချိတ် ညုစကား မထိတထိဖြင့် လူငယ်ဘာဝ ရွှင်မြူးစွာ ပြောဆိုတတ်ကြပါသည်။

မုံ့ထုပ်များကို ညဦးယံလောက်ပြီးအောင်လုပ်၍ တောင်းကြီးတောင်းငယ်နှင့်ထည့်ကာ ယောကျ်ားများက ထမ်းတံပိုးရှိနှစ်ယောက်ထမ်း၍သော်၎င်း၊ မိန်းခလေးများက ခေါင်းလန်းကလပ်ပေါ်မုံ့ထုပ်တင်၍ ပွေ့ပိုက်ပြီးသော်၎င်း၊ အရပ်ထဲရှိ အိမ်များ၊ အနီးအနားရွာများသို့ မီးတိုင်မီးဒုတ် သို့မဟုတ် လက်ဆွဲဓာတ်မီးများနှင့်လိုက်၍ ပေးဝေကြရာ ည(၁၂)နာရီကျော်ကျော် (၁)နာရီလောက်မှ ပြီးစီးတတ်သည်။ မုံ့ထုပ်ပို့ပြီးသောအခါ မိန်းခလေးများကို အပျိုခေါင်း လူပျိုခေါင်းများက အိမ်တိုင်ယာရောက် လိုက်ပို့ကြပါသည်။

အချို့ကာလသားများနှင့်ပျော်ရွှင်တတ်သူ လူကြီးအချို့များပါ မုံ့ထုပ်ပို့ချိန်များတွင် မုံ့ထုပ်လာပို့သူဟန်ဆောင်ပြီး အိမ်ရှင်များကို အကြီးအကျယ်ရေပက်ကစားတတ်ပါသေးသည်။

ရှမ်းပြည်နယ် မြေမြင့်သင်္ကြန်သည် သင်္ကြန်ရက်အတွင်း ရေကစားခြင်းနည်းပါး၍ ကုသိုလ်ကောင်းမှု အလုပ်များပြီး နှစ်ဆန်း(၁)ရက်နေ့ရောက်မှ ပျော်ရွှင်စွာ ရေကစားကြပါသည်။

လဆန်း ၂–၃–၄–၅ ရက်နေ့များတွင် ရပ်ရွာလူကြီးမိဘများကို ရပ်ကွက်အလိုက် လူငယ်များစုပေါင်း၍သော်၎င်း၊ တဦးချင်း နှစ်ဦးချင်းသော်၎င်း မုံ့မျိုးစုံ သစ်သီးမျိုးစုံဖြစ်စေ၊ မျက်နှာ

E-book is created by *shanyoma*

သုတ်ပုဝါ, ခေါင်းပေါင်းပိတ် သို့မဟုတ် ဖျင်ဖြူ ဖျင်နီအုပ်စသည်များကို တတ်နိုင်သလောက် လှူဘွယ်ဒါန်းရန်များနှင့်ပန်းကန်တော့များ, ရေအိုးငယ်များနှင့်လိုက်၍ ကန်တော့ကြသည်။

ကန်တော့ခံလူကြီးများ၏ လက်ကို ရေဆေး၊ ရေကန်တော့ခြင်း အိမ်ရှိသောက်ရေအိုး, သုံးရေအိုး, ချိုးရေအိုး, ရေအင်ဒိုး, ဇလုံ, ရေခွက်မှန်သမျှ ရေအပြည့်ခပ်ထည့်ခြင်း၊ ဖြည့်ခြင်းများ ပြုလုပ်ကြပါသည်။

ထိုသို့ ပြုဘွယ်ကန်တော့ဘွယ် လှူဘွယ်ကိစ္စများကို ရှေးထုံးတမ်းယဉ်ကျေးမှု အစဉ်အလာမပျက်ရအောင် လိုက်နာပြုလုပ်ကြပြီးသော် ရွာစောင့်နတ်စင်ကို ပြင်ဆင်မွမ်းမံကာ ဆေးကျောသန့်ရှင်းခြင်း၊ နတ်အိုး, နတ်ပန်းအသစ်လဲ၊ ဆက်သ တင်မြှောက်၊ ဆုတောင်းခြင်း၊ ရွာလယ်ရှိ "ချိန်စောင်ဖန်"ခေါ် စင်မြင့်ကြီးအပေါ်သို့ ကန်တော့ပွဲများတင်၍ မြို့ရွာစောင့်ကြပ်သော နတ်များကို တင်မြှောက်ပသဆုတောင်းကြပါသည်။

ဤသို့ ပြုလုပ်သော နှစ်သစ်ကူးသကြ်န်ကို ရှမ်းဘာသာ"ကန်တော့ပြီမိန်း"မြန်မာလို နှစ်သစ်ကန်တော့ပွဲဟု ခေါ်ပါသည်။

★

## နာမကရဏနှင့်ဝေါဟာရ

ရှမ်းပြည်တွင် (Sao) "စောင်"သို့မဟုတ်"စောက်" စော်ဘွားအမျိုးအနွယ်နှင့် (Hkun) ခွန် မှူးမတ် အရာရှိ, အရာခံ အမျိုးအနွယ်၊ ကုန်သည်, ပွဲစား, ဆင်းရဲသားအမျိုးအနွယ်ဟု နာမည်ကြားရုံမျှနှင့်ခွဲခြားသိနိုင်ပါသည်။

(Sao) "စလုံး"နှင့်"ဇကွဲ"အကြားမှ ထွက်သောအသံဖြစ်၍ "စောင်ဖလုံ"ရှမ်းအခေါ်ဂျပန်ခေတ်က စ,လုံး ဝ,သတ်နှင့်"စဝ်ဖလုံ"ဟု ခေါ်ပြောရေးထုံးပြုလာသည်။ "စောင်ဖလုံ" သို့မဟုတ် "စဝ်ဖလုံ"ကို မြန်မာများက ခေါ်ရိုးခေါ်စဉ် ရေးရိုးရေးစဉ်အတိုင်း "စော်ဘွား"ဟုပင် ခေါ်ပြောရေးထုံးပြုကြသည်။

တနည်းအားဖြင့် စောင်–စောက်၊ သို့မဟုတ် စဝ်–ကို မြန်မာများက အနီးကပ်ဆုံးအသံနှင့်"စော"ဟုခေါ်ကြသည်။ စော်ဘွားမျိုးရိုးနှင့်ရင်းနှီးလှသော ဆွေတော်မျိုးတော်များ နံမည်ရှေ့က "စော"ဟူသောဝေါဟာရကို ထည့်၍မှည့်ခေါ်သည်။ အခြားမျိုးရိုးက နာမည်ရှေ့တွင် "စော"ကိုထည့်၍ မှည့်ခေါ်ရသောထုံးစံမရှိ။ "စော"အဓိပ္ပါယ်မှာ အရှင်–သခင်–သခင်မဖြစ်၏။

(Hkun) ခွန်ဝေါဟာရမှာ မှူးမတ်, အရာရှိ, နယ်ပိုင်, (တိုက်သူကြီး)ရာထူးရာခံရှိသူတို့နှင့်၎င်းတို့သားအမည်များ၏ရှေ့က ထား၍ မှည့်ခေါ်ကြပါသည်။ အခြားကုန်သည်, ပွဲစားဆင်းရဲသားများ၏ နာမည်ရှေ့က "ခွန်"ဝေါဟာရကိုတပ်၍ မှည့်ခေါ်ရရိုးမရှိပါ။

"ခွန်"အမျိုးအနွယ်က "စောင်" သို့မဟုတ် "စော"ဝေါဟာရကို နာမည်ရှေ့ကထား၍ မှည့်ရရိုးမရှိသော်လည်း စော်ဘွားအမျိုးအနွယ်က နာမည်ရှေ့က "ခွန်"ဝေါဟာရကို ထည့်၍မှည့်

E-book is created by *shanyoma*

လိုက မှည့်ခေါ်ကြသည်။ ဤသို့မှည့်ခေါ်ခြင်းဖြင့် ၎င်းတို့မှာ ဂုဏ်မနိမ့်ကျဟုယူဆကြသည်။ 'ခွန်' မျိုးက မည်သည့်အခါမျှ နာမည်ရှေ့က "စော"ဝေါဟာရကို ထည့်၍မမှည့်ရ၊ အကယ်၍ "စော" ကို ထည့်မှည့်လိုက "ခွန်စော"ဟုသာ မှည့်ခေါ်ရသည်။ အကယ်၍ စော်ဘွားအမျိုးအနွယ်မှ ခွန်စောနာမည်နှင့်မှည့်ထားသူသည် စော်ဘွားဖြစ်သွားခဲ့သော် ရှမ်းဘာသာနှင့်"စောင်ခွန်စောင်"မြန်မာဘာသာနှင့်"စောခွန်စော"ခေါ်ကြပြန်သည်။

ရှေးရိုးစဉ်လာ စော်ဘွားသားသမီးများကို နာမည်မှည့်သောအခါ အများအားဖြင့် နေ့နံကိုမလိုက် သားယောကျ်ားဖြစ်လျှင် သူရသတ္တိနှင့်ပတ်သက်၍ "စောဆဟုံ"ကျားစိတ်ဖြင့် ဖုံးလွှမ်းသော(ဝါ)ကျားကဲ့သို့ သတ္တိရှိသောအမည်၊ စောခွန်ဆိုင် ကျောက်သံပတ္တမြားကို အစိုးရသည့်မင်္ဂလာနှင့်ပြည့်စုံသော အမည်များကို ပေးပါသည်။

သမီးမိန်းမဖြစ်လျှင် နူးညံ့သော မွှေးကြိုင်သင်းပျံ့သောပန်း သို့မဟုတ် အဓိပ္ပါယ်ပေါ်လွင်ပြီး ချစ်စနိုးရာရာများ၏ ဝေါဟာရများနှင့်တွဲဖက်၍ မှည့်ကြပါသည်။ နန်း, နန်းနွန်းခံ, နန်းလုံးကြိုင်သမီးတော်၊ နန်းအူဟိန်း, ထင်ရှားကျော်စောသော သမီးတော်စောနော်, မျှစ်စို့ကြီးကဲ့သို့ ချစ်စဖွယ်ကောင်းသော စသည်မှည့်ခေါ်ကြပါသည်။

မိန်းမများ၏ နာမည်တွင်လည်း စော်ဘွားမျိုးရိုးဆွေတော်မျိုးတော်များဖြစ်ခဲ့သော် "စော"ဝေါဟာရကို နာမည်ရှေ့က တပ်၍ မှည့်ခေါ်လေ့ရှိပါသည်။ လင်မရသေးသော စော်ဘွားသမီးကို "စောင်ဆောင်"လင်ရပြီး သမီးကို "စောင်နန်း" မြန်မာလို စောဆောင်–စောနန်းခေါ်သည်။ "စောင်နန်း"သို့မဟုတ် "စောနန်း"မှာ စော်ဘွား၏ အခြားမယားကိုလည်း ၎င်းဝေါဟာရအတိုင်းပင် ခေါ်ကြသည်။

အရာရှိအရာခံ၏ သမီးများကိုမူကား "စော"မှည့်ရိုးထုံးမရှိ၍ မမှည့်ကြ၊ သို့သော် "ခွန်" ကိုမူကား မိန်းမများ၌ ကတော်ဟူသော ဂုဏ်ပုဒ်ကို ဆောင်ပြီး "ခွန်နန်း"ဟုခေါ်ကြပါသည်။ "အဲမြ"ဟူသောတောင်သူလယ်သမားသမီးကလေးတယောက်သည် အရွယ်ရောက်လာသောအခါ ၎င်းကို "နန်းမြ"ဟု ယဉ်ကျေးမှုဖြင့် ခေါ်ကြသည်။ "နန်း"ဝေါဟာရအဓိပ္ပါယ်မှာ "မယ်" သို့မဟုတ် "မ"ဖြစ်၍ ၎င်း"အဲမြ"ကို မယ်မြ သို့မဟုတ် မမြဟုခေါ်ကြသည်။

ထိုတောင်သူလယ်သမားသမီးပျို"နန်းမြ"သည် အရာရှိအရာခံနှင့်အိမ်ထောင်ကျသော် 'ခွန်နန်းမြ'ဟုခေါ်၍ စော်ဘွားက ကောက်ယူ၍ စော်ဘွားကတော်ဖြစ်ခဲ့သော် ၎င်းကို "စောနန်းမြ"ဟုခေါ်ကြသည်။

အများအားဖြင့် ကုန်သည်, ပွဲစား, တောင်သူလယ်သမား, ဆင်းရဲသူ, ဆင်းရဲသား သားသမီးများ၏ အမည်နာမမှည့်ခေါ်ကြရာတွင် မြန်မာများနှင့်မခြားနားလှဘဲ နေ့နံ–မိတ်ဓာတ်သင့်မြတ်ရွေးချယ်၍ မိတ်ဖက်, ရန်ဖက်, ဓာတ်ဖက်နည်းဖြင့်လည်း မှည့်ကြသည်။

အမြစ်, အညွန့် မတွန့်စေရဆိုသောနည်းဖြင့်လည်း မွေးနံကို အလယ်မှထား၍ အမြစ်နံကိုဝင်း၊ အညွန်နံကိုအဖျားထား၍လည်း မှည့်ကြသည်။ မွေးနံမှ ရေတွက်သော် ၅၊ သို့မဟုတ်

E-book is created by *shanyoma*

၆–နံကျသော ကြက်သွန်ဖြူဥတလုံးစုနည်းနှင့်လည်း မှည့်ကြသည်။ မဟာဘုတ်တိုင်နှင့်ညှိ၍ အထွန်း–သိုက်–ရာဇ–အဓိပတိနံများလည်း တွဲ၍ မှည့်ခေါ်ကြပါသည်။

ငယ်ရွယ်သူသားယောကျ်ားကလေးကို ချစ်စနိုးဖြင့် "အိုက်စိုင်း"ဟုခေါ်ကြသည်။ အဓိပ္ပါယ်မှာ ယောကျ်ားကလေး–လူကလေး သူငယ်ကလေးဖြစ်သည်။ အိုက်စိုင်းသည် တနင်းလာသားဖြစ်၍ နေ့သင့် နံသင့် "မောင်ကျော်"ဟု အမည်ပေးထားသော်လည်း အိုက်စိုင်းဟုပင်ခေါ်၍ လူပျိုပေါက် အရွယ်လောက်ကို "အိုက်ကျော်"ဟုခေါ်ကြသည်။ "အိုက်"ဝေါဟာရမှာ င,လည်းဖြစ်သည်၊ "မောင်"လည်းဖြစ်၍ ငကျော် သို့မဟုတ် မောင်ကျော်ဖြစ်ပါသည်။

အိုက်ကျော်ခေါ် မောင်ကျော်ကို ရှင်ပြုပြီးဖြစ်၍ ကိုရင်လူထွက်ဖြစ်လာသော် ရှမ်းဘာသာတွင် ကိုရင်ကို "စောက်ဆန်"ခေါ်သောကြောင့် ဆန်ဝေါဟာရကို နာမည်ရှေ့ကထည့်၍ "ဆန်ကျော်"ဟုခေါ်ကြသည်။ အဓိပ္ပါယ်မှာ "ကိုရင်ကျော်"ဖြစ်သည်။

မြေပြန့်တွင် မိမိတို့သား, မြေး ကိုရင်လူထွက်ကလေးများကို ချစ်စနိုးဖြင့် ကိုရင်သာဖေ၊ ကိုရင်ဘမောင်၊ ကိုရင်ချစ်ဖူး၊ ကိုရင်မြဟုခေါ်သော နည်းတူ မြေမြင့်တွင်လည်း ဆန်ကျော်၊ ဆန်ကျော်၊ ဆန်မွန်၊ ဆန်မြစသည်ဖြင့် ကိုရင်လူထွက်မှန်သမျှ ဆန်ဝေါဟာရကို ထည့်၍ ခေါ်ကြသည်။

ဆန်ကျော်လူပျိုလူရွယ်ဖြစ်လာသော် "စိုင်း"ဝေါဟာရကို နာမည်ရှေ့ကထည့်၍ "စိုင်းကျော်"ဟုခေါ်ကြသည်။ "စိုင်း"ဝေါဟာရအဓိပ္ပါယ်မှာ လုလင်ပျို သို့မဟုတ် ယောကျ်ားပျိုဖြစ်သည်။ စိုင်းကျော်ကို အချို့က နာမည်ရင်းအတိုင်း"မောင်ကျော်"ဟုပင် ခေါ်ကြသည်။

စိုင်းကျော်ခေါ် မောင်ကျော် စာရေးလုပ်နေသော် စလေးကျော်၊ ပွဲစားလုပ်ခဲ့သော် ပွဲစားကျော်–ကျောင်းဆရာလုပ်ခဲ့သော် ကျောင်းဆလာကျော်ဟု အလုပ်၏ဂုဏ်ကို နာမည်ရှေ့တင်၍ ခေါ်ကြသည်။ ၎င်းပွဲစားကျော် ဇရပ်ဆောက်လုပ်လှူလျှင် ပူစလွယ်ဇရပ်တကာ၊ ပိဋကတ်စာပေလှူလျှင် ပူလိုင်း–စာတကာ ကျောင်းဆောက်လုပ်လှူလျှင် ပူကျောင်းဖြစ်ပြီး ဇနီးမှာ အားလုံးအလှူကိုလိုက်၍ "နိုင်း"တလုံးတိုးလာပါလိမ့်မည်။ နိုင်းစလွတ်–နိုင်းလိုင်း–နိုင်းကျောင်းဖြစ်ပြီး ကျောင်းကန်အလှူ ရဟန်းခံ ရှင်ပြုစသောအလှူများ တမျိုးပြီးတမျိုး ပြုစုလှူဒါန်းများသော် ယောကျ်ားကို ပူလွယ်၊ ဇနီးကို နိုင်းလွယ်ဟုခေါ်လာကြပါမည်။

ပူ–အဖိုး၊ လွယ်–တောင်၊ နိုင်း–အဖွား၊ လွယ်–တောင်ဟုအဓိပ္ပါယ်ဖြစ်ရာ နောင်သံသရာအဖို့အရာ အနုဂါမိကရတနာရွှေအိုးကြီးနှင့်တူသော အလှူဒါနအမျိုးမျိုးကို တောင်ကြီးတမျှ ပြုလုပ်မြှုပ်နှံထားကြသော အဖိုးအဖွားအဓိပ္ပါယ်ဖြစ်ပါသည်။ ပူလွယ် နိုင်းလွယ် ဘွဲ့အမည်ရရန်လည်း မလွယ်ကူပေ။

စိုင်းကျော် သို့မဟုတ် စာရေးကျော် ပွဲစားကျော်သည် အကယ်၍ ဘုန်းကြီးလူထွက် (ဝါ) လူပြန်တော်ဖြစ်ခဲ့သော် ဘုန်းကြီးကို ရှမ်းဘာသာနှင့်"မွန်စောက်"ဟုခေါ်သောကြောင့် ထိုမောင်ကျော်ကို "မွန်ကျော်" "မွန်"ဝေါဟာရကို နာမည်ရှေ့က ထည့်၍ ခေါ်ကြသည်။ မွန်ကျော်ရဟန်းဘဝနှင့်နေစဉ်အခါက ရဟန်းဘွဲ့မှာ ဦးကဝိ သို့မဟုတ် ဦးကောဖြစ်ပြီး တပည့်တပန်းများကလည်း

E-book is created by shanyoma

ကြည်ကြည်ညိုညို လေးလေးစားစားနှင့်ကျော်ကြားသော ရဟန်းတော်တပါးဖြစ်ခဲ့သော် လူပြန်တော်ဘ၀ သို့မဟုတ် ခေတ်သစ်ဝေါဟာရ ဖ–က–လ–ထ ဘုန်းကြီးလူထွက်ဖြစ်သော်လည်း ရဟန်းတော်ဘွဲ့အတိုင်းပင် "ဦးကဝိ" သို့မဟုတ် "ဦးကော"ဟုပင်ခေါ်ကြမည်။

ထို့ကြောင့် ရှမ်းမြေမြင့်တွင် ဦးကဝိ ဦးကော ဦးဣန္ဒာ ဦးပညာ ဦးသုတ ဦးလာဘအစရှိသော ပါဠိနာမည် သို့မဟုတ် ရဟန်းဘွဲ့နှင့်နာမည်များသည် ရဟန်းလူထွက်, ကိုရင်လူထွက်များသာဖြစ်ပါသည်။

မောင်မြ–မောင်လှ–မောင်ဘ–ထွန်းအောင်–ထွန်းမောင်–မောင်စု–မောင်ပု–ဦးထွန်းအေး–ဦးစံ–ဦးစံမြ–ဦးချမ်းသာ–ဦးအောင်မြတ်–ဦးတင်ဦး–ဦးလှဖူးအစရှိသော နာမည်များကိုလည်း မြေပြန့်သားညီအကိုများနှင့်မခြား မှည့်ခေါ်ကြပါသည်။

အမျိုးသမီးများကိုလည်း ငယ်ရွယ်သူမိန်းကလေး၏နာမည်ရှေ့က "အဲ"ဝေါဟာရထည့်၍ခေါ်ကြသည်။ "အဲ"ဝေါဟာရမှာ "မိ" သို့မဟုတ် "မ"ဖြစ်သည်။ ငယ်ရွယ်သူမိန်းကလေးကိုလူကြီးမိဘများက ချစ်စနိုးဖြင့် "နန်း"ဟု ဝေါဟာရတလုံးတည်းနှင့်ခေါ်သုံးပြုကြသေးသည်။ "နန်း"ဝေါဟာရအဓိပ္ပါယ်မှ ခလေးမ–လုံမလေး–မိန်းကလေးဖြစ်သည်။ မြေပြန့်တွင် မိမိတို့သားသမီးကလေးမြေးကလေး–ညီမလေး–နှမလေး–တူမလေးတို့အား ချစ်စနိုးဖြင့် ခလေးမရေ–အမာရေ–အမိရေ–မေရေ–အပြုံးရေခေါ်သောနည်းတူဖြစ်ပါသည်။

တဖန် လူပျို–အပျိုသဘာ၀ချစ်ရေးချစ်ရာ ပြောဆိုရာတွင် ယောကျ်ားပျိုက "နန်း" ဝေါဟာရထည့်သွင်းသုံးနှုန်းပြောဆိုလျှင် "ခင်"သို့မဟုတ်"နှမ"ဖြစ်ပြီး မိန်းမပျိုက သုံးနှုန်းပြောဆိုလျှင် "ကျမ" သို့မဟုတ် "ခင်"ဖြစ်ပါသည်။

အမျိုးသမီး၏နာမည်ရှေ့က "နန်း"ဝေါဟာရကို ထည့်၍ ခေါ်ဆိုသုံးနှုန်းပြောထုံးပြုသော် ခင်–မယ်–မဖြစ်ပါသည်။ ဥပမာ – "နန်းစော"မှာ ခင်စော–မယ်စော–မစော၊ တဖန် နာမည်နောက်က "အဲနန်း"သို့မဟုတ် မနန်းမှာ "မမယ်" သို့မဟုတ် "မမေ"လည်းဖြစ်နိုင်သည်။

အင်္ဂါသမီးကလေးကို ဗုဒ္ဓဟူးအညွန့်နံနှင့်တွဲ၍ ရှမ်းအသံထွက်"စင့်လိုင်"မြန်မာလို "စိန်လှိုင်"ဟု နာမကရဏပြုထားသော်လည်း လူကြီးများက နာမည်ရှေ့က "အဲ"ဝေါဟာရထည့်၍ "အဲစင့်လိုင်"သို့မဟုတ် "အဲစင့်" မိစိန်လှိုင် သို့မဟုတ် "မိစိန်"ဟုခေါ်သည်။ အဲ–ဝေါဟာရမှာ "မိ"သို့မဟုတ်"မ"အဓိပ္ပါယ်လည်း ရသည်။

စင့်လိုင်–စိန်လှိုင်၊ အချိန်တန်အရွယ်ရောက်၍ မြီးကောင်ပေါက်အရွယ်လောက်မှစ၍ ယဉ်ကျေးမှုဖြင့် "နန်း"ဝေါဟာရရှေ့ကထည့်၍ နန်းစင့်လိုင် သို့မဟုတ် နန်းစိန်လှိုင်ခေါ်ကြသည်။ အပျိုကြီးဖြစ်လာသော် ကျေးတောရွာများနှင့်ရှေးထုံးမပယ်လိုသူများက ပြီ–စင့်လိုင်ခေါ်၍ ပြီ–ဝေါဟာရမှာ (အမ)ဖြစ်ပါသည်။ မြို့ကြီး, ရပ်ကြီးများနှင့်ခေတ်ဆန်သူများက မမစိန်လှိုင် သို့မဟုတ် မမစိန်လှိုင်–မမလှိုင်ဟုခေါ်ကြသည်။

အဒေါ်အရွယ်ရောက်လာလျှင် "န"စိန်လှိုင် သို့မဟုတ် "န–စိန်"ဟူ၍ရင်း၊ အမေအ

E-book is created by *shanyoma*

ရှယ်ရောက်လာလျှင် “မြဲ”စိန်လှိုင် သို့မဟုတ် “မြဲစိန်”ဟူ၍၎င်း၊ အဖွားအရှယ်ရောက်လာလျှင် “နှိုင်းစိန်လှိုင်” သို့မဟုတ် နိုင်း–စိန်ဟူ၍၎င်း ခေါ်ကြသည်။

ရှမ်းမြန်မာဝေါဟာရတွဲ၍လည်း နာမည်ပေးကြပါသေးသည်။ နန်းခမ်းအိမ်၊ နန်းခမ်းမှတ်၊ နန်းခမ်းထွေး စသည်ဖြင့် ဝေါဟာရနှစ်ဖြာကိုတွဲ၍လည်း မှည့်ခေါ်ကြပါသည်။ “ခမ်း”ဝေါဟာရအဓိပ္ပါယ်မှာ “ရွှေ”ဖြစ်၍ မရွှေအိမ်–မရွှေမှတ်–မရွှေထွေးဖြစ်ပါသည်။

အများအားဖြင့် မြန်မာအမျိုးသမီးများ၏ နာမည်နှင့်မခြား၊ ငွေးငွေး–သန်းသန်း–ရီရီ–နုနု–စုစု–လှလှ–မမွေး–မအေး–မထွေး–မယ်တင့်–မယ်ဆင့်–ခင်ဝေ–ခင်မေ–ခင်ရွှေ–မလှိုင်–မမြိုင်–မဆိုင်စသည်ဖြင့် မှည့်ခေါ်ထား၍ ရှမ်းမြေမြင့်တွင် နာမည်ကြားရရုံကာမျှဖြင့် (၉၅)ရာခိုင်နှုန်း ရှမ်းမြန်မာဟုခွဲခြား၍ မသိနိုင်ကြပါ။

ပြောဆိုသုံးနှုန်းသောဝေါဟာရစကားလုံးများမှာလည်း အများအားဖြင့် အချို့မြန်မာစကားအတိုင်းဖြစ်ပြီး အချို့မြန်မာစကားထက်ဝက် အချို့သုံးပုံတပုံ လေးပုံတပုံ ရောယှက်သုံးနှုန်း ပြောထုံးပြုကြပါသည်။ သိသာရုံမျှ တင်ပြရသော်. . .

| မြန်မာ | ရှမ်း |
|---|---|
| ဘုရား–တရား–သံဃာ | ဖလား–တြား–ဆန်ခါ၊ |
| ဘုရားသွားမယ် | ကွာ ဖလား။ |
| ဘုရားရှိခိုး | ဝိုက်–စော–ဖလား။ |
| ဆွမ်းတော်တင် | တန်–ဆွမ်းတော်။ |
| ရှင်လောင်း | ဆန်လောင်း။ |
| ကျေးဇူးတင်ပါတယ်ခင်ဗျာ | ကျေးဇူးတန်ခ။ |
| တေမိမင်းသား | မန်းဆား စောတေမိ။ |
| ဇနက္ကမင်း | ခွန်ဟော်ခမ်း စောနက္က။ |
| ဝေဿန္တရာမင်း | ခွန်ဟော်ခမ်း စောဝေဆန်။ ＊ |
| အလှူဒါနပြု | ပြုထာန။ |
| တရားနှင့်ပျော်မွေ့သူ | ကွန်း–ပျော်မွေ့–တြား။ |
| ဆယ်နာရီထိုးပြီးပြီ | ဆစ်(ပ်)နာရီထိုးရောက်။ |

ပါရမီဆယ်ပါးအပြာသုံးဆယ်ပါရမီဆစ်(ပ်)ပါး၊ အပြားဆမ်ဆစ်။

တနင်္ဂနွေ–တနင်းလာ–အင်္ဂါ အစရှိသော ခုနစ်နေ့မှာလည်း ရှမ်းဘာသာတွင် သီးခြားမရှိပါ။

တနန်းကနွေ။

တနန်းလာ။

အံကာ။

E-book is created by *shanyoma*

ပုတ်တဟူး။

ကြာဆပတေး။

စောက်ကြာ။

စနေ။

အကယ်၍ တနင်္ဂနွေ–တနင်းလာနေ့–အင်္ဂါနေ့ဟု နေ့ကို ထည့်၍ပြောလိုသော် “ဝမ်း” ဟူသော ဝေါဟာရကို ရှေ့မှ ထည့်၍ပြောကြသည်။

ဝမ်း တနန်းကနွေ။

ဝမ်း တနန်းလာ။

ဝမ်း အံကာ။

ဝမ်း ပုတ်တဟူး။

စသည်ဖြင့် ပြောပါသည်။ “ဝမ်း”ဝေါဟာရအဓိပ္ပါယ်မှာ အရောင်၊ အလင်း၊ အဆင်း ဖြစ်ရာ “ဝဏ္ဏ”ပါဠိပုဒ်ရင်းမှ ပျက်သောပါဠိပျက်ဝေါဟာရဆိုပါသည်။

ရှမ်းစာပေအက္ခရာမှာလည်း မူဟောင်းတွင် ဗျည်းအက္ခရာ(၁၈)လုံးရှိရာ မြန်မာအက္ခရာနှင့်ဆင်တူရိုးမှား ထွင်းထားသော ရှမ်းမူပိုင်အက္ခရာ(၈)လုံးသာရှိပါသည်။

မူသစ်ရှမ်းစာပေအက္ခရာတွင် ဖ–ဦးထုပ် ဟ–ထိုးနှင့်“သ”အက္ခရာတိုး၍ ထည့်ထားသောကြောင့် မူသစ်ရှမ်းစာပေ ဗျည်းအက္ခရာစာလုံး(၂၀)ရှိလာရာ ရှမ်းအက္ခရာ(၁၀)လုံးဖြစ်လာပါသည်။ အောက်ပါပုံစံသည် ရှမ်းစာပေမူသစ်ပုံစံဖြစ်ပါသည်။

| ရှမ်း | မြန်မာ |
|---|---|
| ၵ | က |
| ၶ | ခ |
| င * | င |
| ၸ | စ |
| သ * | ဆ |
| ၺ | ည |
| တ * | တ |
| ထ * | ထ |
| ၼ | န |
| ပ * | ပ |

E-book is created by ***shanyoma***

| | | |
|---|---|---|
| ၽ | | ဖ |
| ၾ | | ဖ–ဦးထုပ်ဟထိုး–မူသစ် |
| မ | * | မ |
| ယ | * | ယ |
| ရ | * | ရ |
| လ | * | လ |
| ဝ | * | ဝ |
| ဆ | * | သ–မူသစ် |
| ႁ | | ဟ |
| ဢ | | အ |

* လက္ခဏာမှာ ရှမ်းစာပေဗျည်းအက္ခရာဆိုသော်လည်း မြန်မာစာပေအက္ခရာအတိုင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ မူဟောင်းရှမ်းစာပေအက္ခရာတွင် မြန်မာဗျည်း“သ”အက္ခရာကို ဆလိမ်နေရာတွင်ထား၍ ရှမ်းအမျိုးသားများက “သ”အက္ခရာကို မြင်လျှင် ဆလိမ်သံနှင့်ဖတ်ကြသည်။ သြကာသကို သြကာဆ၊ နမောတဿကို နမောတပ်ဆ၊ သရဏဂုံကို ဆရဏဂုံ။

မူဟောင်း ရှမ်းစာပေတွင် ဟ–ထိုးမရှိ၊ ‘သ’မရှိ။ မူသစ်စာပေတွင် ဖဦးထုပ်ဟထိုးနှင့် မြန်မာဗျည်းအက္ခရာဆလိမ်ကို အနောက်ဖက်ကအပေါ် နှုတ်ခမ်းဖွဲ့၍ သ,အဖြစ်ထည့်ထားသည်။

ပုဂံခေတ် မြန်မာစာပေအက္ခရာသည် ဂ–ဃ–ဇ–ဈ–ဍ–ဎ–ဍ–ဎ–ဏ–ဒ–ဓ–ဗ–ဘ–ဠ အက္ခရာ(၁၄)လုံးမပါရှိသောနည်းတူ ရှမ်းစာပေအက္ခရာမှာလည်း ၎င်းအက္ခရာ(၁၄)လုံး မပါရှိမှုကြောင့် ၎င်းအက္ခရာ(၁၄)လုံးမှထွက်သော ဝဏ္ဏသံများ လွတ်ကင်း၍ ပြောဆိုသုံးနှုန်းရေးထိုးပြုကြပါသည်။

ဗုဒ္ဓဘာသာကို–ပုတ္တဖာဆာ။

ဒုက္ခ–တုတ်ခ။

ဝေဒနာ–ဝေတနာ။

သမာဓိ–ဆမာတိ။

ဒါန–တာန။

သဘော–စဖော။

ဗေဒင်–ပေတန်။

ယပင့်–ရရစ်၊ ဝဆွဲ–လုံးတင်–ချောင်းငင်–ရေးချ–ဝစ္စပေါက်တို့မှာ မြန်မာများနည်းတူ

E-book is created by shanyoma

ပင် ဖြစ်ပါသည်။

ဆေးထိုး–အပ်မြှုပ်–ဂါထာ–မန္တန်–မန္တရား–ကာယသိဒ္ဓိ ပီယသိဒ္ဓိမှစ၍ အင်းအိုင်–လက်ဖွဲ့–ခလှည့်–ခစောင်း–ဓာတ်ရိုက်ဓာတ်ဆင်–ဗေဒင်–ယာယီ–ယတြာ–ပြဿဒါး–ရက်ရာဇာ–ဝါရမိတ္တု စက်နေ–လာဘ်နေ–နတ်နေ–နဂါးလှည့်၊ စုန်းရိုး–နတ်ကိုးမှစ၍ လောကီပညာအမျိုးမျိုးတို့ကို မြန်မာများနည်းတူ ယုံကြည်၍ လေ့လာလိုက်စားသူများလည်း ရှိသည်။ မယုံကြည်၍ မလေ့လာမလိုက်စားသူများလည်း ရှိသည်။

ရှမ်းစကားတွင်သော်ငင်း ရှမ်းစာပေတွင်သော်ငင်း၊ မြန်မာနှင့်လွတ်ကင်းသည်ဟူ၍မရှိသည့်အပြင် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ ဘာသာအယူဝါဒမှာလည်း မြန်မာနည်းတူပင် ဖြစ်ပါသည်။

★

**နီဂုံး**

ရှေးခေတ်ဟောင်း နှစ်ပေါင်းများစွာ အတိတ်အခါဆီ ပဝေသဏီမှစ၍ ယခုခေတ်တိုင်အောင်ပင် ဘာသာတူ–သာသနာတူ ယဉ်ကျေးမှုတူညီကြသော ရှမ်း–မြန်မာ သွေးရင်း–သားချင်းရောင်းရင်းတို့မှာ ဘဝရေစက်ကြောင့် ရှမ်းအမျိုးသမီးနှင့်မြန်မာအမျိုးသား၊ မြန်မာအမျိုးသမီးနှင့်ရှမ်းအမျိုးသားများ နဖူးစာဆုံဆည်းကြ၍ ဆက်နွယ်ပွားစည်းလာကြသော သားသမီးမြေးမြစ်မှစ၍ ဆွေခုနစ်ဆက်–မျိုးခုနစ်ဆက် တိုးတက်စည်ပင်ပြန့်ပွားနေကြသည်မှာ ပြည်နယ်နှင့်ပြည်မသို့မဟုတ် မြေမြင့်နှင့်မြေပြန့်တွင် မရေတွက်နိုင်အောင် အမြောက်အများ ရှိသောကြောင့် ရှမ်းစစ်လျှင် ဗမာ–ဗမာစစ်လျှင် ရှမ်းဟု ရှင်ကြီး–ရဟန်းကြီး–ရှမ်းကြီး–ဗမာကြီးတို့ ဉဒါန်းကျူးခဲ့ကြသော ရှေးစကား အစဉ်အလာသည် ကမ္ဘာကြေသော်လည်း ဉဒါန်းမကြေစရာပင်ဖြစ်ပါတော့သတည်း။

ပြီဆန်နှင့်၊ ပြီနန်းတို့လေး. . .။

“မြေမြင့်မောခွင်–သိုင်းဖွဲ့ဆင်၊ တိန်သင်တိုင်းနှင့်၊ တိန်လှိုင်းဆင့်လျက်၊ ဝန်းကျင့်ပြာရောင်၊ မြင့်သီခေါင်မှ၊ မဲမှောင်မိတ်လင်ဝိုင်းသည်နှင့်. . .”

“တောင်စဉ်တောင်တန်း၊ ပတ်လည်ငယ်ဝန်း၊ ဝေသန်းရီမှောင်၊ လွှမ်းအောင်ဖန်၊ ပိတ်ခါကွယ်ဆီး၊ အုံ့ချီးစရာ၊ သေလာမြိုင်နန်း၊ သျှိုမြှောင်တန်း၊ စိမ့်စမ်းထွေထွေ–မျှော်လေလွမ်းလှ၊ မောဠာန၏၊ သာစွပြန့်ပြော၊ ယာတကြောဝယ်၊ ရှုမောကုန်နိုင်၊ လွှမ်းဗျာလှိုင်ပင့်၊ လွှမ်းရင်ဖွင့်၍၊ လွှမ်းဆင့်ထွေထူး၊ တောင်စွယ်ဦးဝယ်၊ ကြည်နူးစေလင့်၊ မောမြေမြင့်. . .”

“မြရည်ရောင်လျှမ်း–စိုပြေလန်း၍၊ ပွင့်ဆန်းဝေဆာ၊ ရှုခင်းသာနှင့်၊ သာယာစခန်း၊ နေ့တိုင်းလွှမ်းရှင့်၊ ပြည့်လျှမ်းလွှင်ကျယ်၊ ရှမ်းတို့နယ်မှ၊ ညီငယ်နောင်ဘွား၊ ညီမများနှင့်၊ မခြားရေမြေ၊ တပြေထည်းဘွား၊ ဗမာများတို့၊ သွေးသားမကွဲ၊ အစဉ်တွဲသို့၊ အမြဲရည်ညွှန်း၊ မေတ္တာသွန်းသည်၊

ချစ်လွန်းကမ္ဘာတည်ဘို့လေး. . . ။

* ပြီဆန်–ကိုရင်၊ ပြီနန်း–အမ ဟုအဓိပ္ပါယ်ရှိသည်။

ဝန်ခံချက်

ရှမ်းမြန်မာ ချစ်ကမ္ဘာကို အဓွန့်ရှည်ကြာအောင် မြေပြန့်သားစာရေးဆရာက လက်လှမ်းမှီသမျှ သုတေသနပြု၍ တင်ပြရာတွင် ပြည့်စုံဦးမည် မဟုတ်သည့်အပြင် ရှမ်းတေးကဗျာလင်္ကာနှင့် ရှမ်းစကားများကို မြန်မာစာပေကွ်ရာနှင့်ရှမ်း အသံထွက် အနီးကပ်ဆုံး တင်ပြထားသော်လည်း အနည်းငယ် ကွဲလွဲနေမည်ကို ရိုးသားစွာ ဝန်ခံအပ် ပါသည်။

စာရေးဆရာ

ဒါရိုက်တာဆရာမြင့်

E-book is created by *shanyoma*